# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကိုဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာသို့ ရေကို ယူဆောင်ကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်ရွေသမားတို့သည် လိုတိုင်းရအောင် သစ်ကို ရွေကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၀)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ စနေနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၁၃)


# နိုင်ငံတော်သမ္မတထံမှပေးပို့သည့် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ အတည်ပြု ထုတ်ပြန်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြ


စာမျက်နှာ-၇


# ကယ်ဆယ်ရေးပစ္စည်းများ ရေဘေးသင့်သူပြည်သူများထံ အချိန်မီရောက်ရှိမှသာ အကျိုးရှိ ရေဘေးကာကွယ်ရေးအတွက် တာတမံများအား ဦးစားပေးအဆင့်အလိုက် သတ်မှတ်ပြုပြင်



**နေပြည်တော် ဩဂုတ် ၁၂**

ပုသိမ်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သောထောက်ပံ့မှုများပြုလုပ်ပေးရန် သာပေါင်းမြို့၊ ပုသိမ်မြို့နှင့် ကန်ကြီးထောင့်မြို့တို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ထောက်ပံ့ငွေနှင့် ရိက္ခာပစ္စည်းများကို ပေးအပ်သည်။

ရှေးဦးစွာ ဒုတိယသမ္မတအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်က ရှင်းလင်းဆောင်၌ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှု၊ ရေဘေးသင့်မြို့နယ် ၁၉ မြို့နယ်၌ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ဆန်၊ ဆေးဝါးနှင့် အသုံးအဆောင်များဖြန့်ဝေထားမှု၊ ရေဘေးကြောင့်ပျက်စီး


*စာမျက်နှာ ၃ ကော်လံ ၁* ✻


**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကန်ကြီးထောင့်မြို့အတွင်း ဒါးကချောင်းတာပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်** (သတင်းစဉ်)



## သရက်ဘွဲ့ ဧရာဝတီ မြစ်ရေကျဆင်းပြီဖြစ်၍ ကျောင်းများပြန်ဖွင့်


စာမျက်နှာ-၁၂


## မြန်မာနိုင်ငံတွင် ပိုကီမွန်ဂိုးဂိမ်း ကစားနိုင်ပြီးနောက် ရန်ကုန်မြို့တွင် စိတ်ဝင်စားသူများပြားနေ


စာမျက်နှာ-၂၀







မြန်မာ့အလင်း

# ရေကြီးရေလျှံပြီးသည့်နောက်...

မြစ်ရေကြီးမှုသတင်းများက နိုင်ငံ၏အထက်ပိုင်း၊ အလယ်ပိုင်းမှသည် အောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသများဆီသို့ ဆင်းလာခဲ့ပြီး လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်းက ရေကြီးရေလျှံဖြစ်ခဲ့သည့် အထက်ပိုင်းဒေသများတွင် ရေပြန်လည်ကျဆင်းလာကာ ပြန်လည်ပြင်ဆင်မှု၊ ထူထောင်မှုလုပ်ငန်းများ ပြုလုပ်နေကြပြီဖြစ်ကြောင်း သတင်းများတွင် တွေ့ရသည်။

ဇူလိုင်လလယ်ခန့်မှစ၍ ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုမှ အိမ်ထောင်စု တစ်သိန်းကျော်၊ လူဦးရေအားဖြင့် ၄၃၀၀၀၀ ကျော်တို့ ရေဘေးဒဏ်ခံစားခဲ့ရခြင်းကြောင့် ရေလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ လူရှစ်ဦးသေဆုံးခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဩဂုတ် ၁၂ ရက်က သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်ရှိသော ရေဘေးဒဏ်ခံစားနေရဆဲဖြစ်သည့် မြို့နယ်များမှလွဲ၍ မြန်မာနိုင်ငံ အထက်ပိုင်းနှင့်အလယ်ပိုင်းဒေသများမှ ရေဘေးကယ်ဆယ်ရေးစခန်းများမှာ ရေများပြန်လည်ကျဆင်းသွားခဲ့ပြီးနောက် ရုပ်သိမ်းသွားနိုင်ခဲ့ပြီဖြစ်သည်။ ရေဘေးဒဏ်ခံစားခဲ့ရသော ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ်သိန်းပေါင်း ၅၂၀၀ ကျော်ဖိုးကို ထောက်ပံ့ပေးအပ်ခဲ့သလို အခြားလူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ သီးသန့်အလှူရှင်များကပါ သဘာဝဘေးဒဏ်ခံစားခဲ့ရသော ပြည်သူများအတွက် ကူညီလှူဒါန်းထောက်ပံ့မှုများပြုလုပ်ခဲ့ကြသည်။

လက်ရှိရေဘေးဒဏ်ခံစားနေရဆဲဖြစ်သည့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရေများပြန်လည်ကျဆင်းသွားပြီးနောက် အိုးအိမ်များပြန်လည်ထူထောင်ရေးသာမက ရေနစ်မြုပ်ပျက်စီးသွားသည့်လယ်ယာများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက်လည်း အချိန်မီ ကြိုးပမ်းဆောင်ရွက်သွားရဦးမည်ဖြစ်သည်။ ရေနစ်မြုပ်သည့်လယ်မြေများ ပြန်ပေါ်လာသည်နှင့် ချက်ချင်းစိုက်ပျိုးနိုင်ရေးအစီအမံများ ကြိုတင်ပြုလုပ်ထားရန် တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရန်တို့ လိုအပ်မည်ဖြစ်ရာ အထူးသဖြင့် ရေကျနောက်စိုက်လယ်များအတွက် မျိုးစပါးများအပြင် စိုက်ပျိုးစရိတ်ချေးငွေများစသည်တို့ ကူညီထောက်ပံ့ပေးရန်လိုအပ်ကြောင်း တောင်သူလယ်သမားများ၏ ပြောကြားသံများကိုလည်း ကြားသိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအတွက် ရန်ပုံငွေကျပ် ၁၇ ဘီလီယံနီးပါးခန့်ရှိနေကြောင်း၊ ရေဘေးကယ်ဆယ်ရေးအတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ငါးသေတ္တာ၊ ရေသန့်ဆေးပြား၊ ကယ်ဆယ်ရေးပစ္စည်းများ၊ မိုးကာစ၊ ရေမျောပျက်စီးအိမ်များနှင့် သေဆုံးသူများအတွက်ထောက်ပံ့မှုတို့ကို ပြုလုပ်ပေးလျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။ သို့ရာတွင် အစိုးရ၏ဌာနဆိုင်ရာတစ်ရပ်အနေဖြင့် ဝန်ထမ်းအင်အားဖြင့်သာ ဆောင်ရွက်နေရခြင်းဖြစ်ရာ ကယ်ဆယ်ရေးအကူအညီများလက်လှမ်းမမီနိုင်သည့် နေရာများလည်းရှိနေပြီး လူမှုအဖွဲ့အစည်းများ၊ ပရဟိတစိတ်ပါဝင်စားသူများက ဝိုင်းဝန်းကူညီကြခြင်းဖြင့် အခက်အခဲများ ပြေလည်သွားဖွယ်ရာရှိသည်။

ရေရှည်တွင်မူ သဘာဝဘေးအန္တရာယ်များမှာ နှစ်စဉ်ဆိုသလို ရင်ဆိုင်ကြရမည့်အခြေအနေမျိုးကို မိမိတို့ကြုံတွေ့နေကြရပြီဖြစ်ရာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင် ကယ်ဆယ်ရေးနှင့် ဘေးအန္တရာယ်ကျော်လွန်သွားပြီးသည့်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဒေသအလိုက်အစီအမံများ ချမှတ်ဆောင်ရွက်သွားကြရမည်ဟု ယူဆမိပါကြောင်း။ ။




## ဧရာဝတီ၊ ဝေါနှင့် တိုးမြစ်ရေများ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌တစ်ပေခွဲခန့်နှင့် ဇလွန်မြို့၌ နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ကျော်လွန်နေပြီးနောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ဝေါမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့၌သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီးနောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည် ကျဆင်းနိုင်သည်။

**တိုးမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

တိုးမြစ်ရေသည် မအူပင်မြို့၌ တစ်ပေခန့်ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်းယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးအသိပညာပေး

**အုတ်တွင်း ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ အုတ်တွင်းမြို့နယ် ရဲတပ်ဖွဲ့မှ ကျောင်းသား ကျောင်းသူ လူငယ်များအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရွှေဝင်းက လူမှောင်ခိုလူကုန် ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းအရာများကို လည်းကောင်း၊ စခန်းမှူး ဒုတိယရဲမှူးဇော်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နှင့် မူခင်းအသိပညာပေးအကြောင်းအရာများကို လည်းကောင်း ဟောပြောဆွေးနွေး ခဲ့သည်။

**ခင်ဝင်း (ပြန်/ဆက်)**

**ထစ်ချုန်းမိုး**

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။**
**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။**
**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည် ဖြစ်သည်။**

(မိုး/ဇလ)

## ကျေးရွာချင်းဆက်မြေသားလမ်း ချောင်းရေတိုက်စားမှုကြောင့် ပျက်စီး

**ကလေး ဩဂုတ် ၁၂**

ကလေးမြို့နယ် ပေါက်ခုံ-ကင်မွန်းခြံ ကျေးရွာသွားရာ ကျေးရွာချင်းဆက် ဖွံ့ဖြိုးရေးလမ်းမဖြစ်သော ရေလဲဦးကျေးရွာ၏အရှေ့ဘက် မိုင်တိုင်အမှတ် (၃/၁)နှင့် (၃/၂) မိုင်အကြားရှိ မြေသားလမ်း အရှည်ပေ ၂၀၀ ခန့်သည် ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးမျောပါနိမ့်ကျသွားကြောင်း သိရသည်။

ယင်းလမ်းမ၏မိုင်တိုင်အမှတ် (၃/၁) မိုင်အနီးတွင် လမ်းအရှည်ပေ ၁၀၀ ခန့်သည် နှစ်ပေခွဲခန့်နက်သွားပြီး လှည်း၊ ယာဉ်များလည်း ဖြတ်ကူးနိုင်ခြင်းမရှိတော့ကြောင်း၊ မိုင်တိုင်အမှတ် (၃/၃) မိုင် အနီးတွင်လည်း အရှည်ပေ ၂၀၀ ခန့်သည် အနက်လေးပေခန့်အထိ ချောင်းရေတိုက်စားသွားသဖြင့် လှည်း၊ ယာဉ်များနှင့် ဆိုင်ကယ်များ ဖြတ်ကူးရန်အတွက်လည်း အလွန်ခက်ခဲလျက်ရှိကြောင်း သိရသည်။



ယခုကဲ့သို့ဖြစ်ရခြင်းသည် မြစ်သာမြစ်ရေတက်ချိန်တွင် ဇီးချောင်းရေပါကြီးလာမှုကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ပြီး အဆိုပါလမ်းပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာမှ တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းသိရပြီး ယင်းကျေးလက်လမ်းသည် မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာများနှင့် ဆက်သွယ်အသုံးပြုသောလမ်းဖြစ်ပြီး ကလေးမြို့နှင့် ဆက်သွယ်သွားလာ အသုံးပြုရသည့် လမ်းမလည်းဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၂-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၁.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၆၆ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၂၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၉.၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၈၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

* ရှေ့ဖုံးမှ

ဆုံးရှုံးခဲ့မှု၊ ထောက်ပံ့ငွေနှင့်အလှူငွေရရှိမှု၊ အရန်ဆန်သိုလှောင်ထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးက တာတမံများ ကျိုးပေါက်မှုမရှိစေရေးအတွက် တာအက်ကြောင်းများ၊ တာပေါက်များ၊ တာခြေရေစိမ့်ခြင်းများကို အုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူလူထုနှင့် တပ်မတော်သားများ ပူးပေါင်းကာ ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် တာတမံများခိုင်ခံ့ရန် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရောဝတီမြစ်ရေဘေးကာကွယ်ရေးနှင့် ရေငန်တား တာတမံများ ခိုင်ခံ့မှုအားကောင်းရန် ဆောင်ရွက်ရမည့် အစီအမံများကို ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စေရန် အထက်မြန်မာပြည်၊ အောက်မြန်မာပြည် နှစ်ပိုင်းခွဲ၍ ဆောင်ရွက်နေမှု၊ ရေဘေးသင့်ပြည်သူများအား ရေကျသည်အထိ ရိက္ခာထောက်ပံ့ပေးနိုင်ရေး၊ ထောက်ပံ့ငွေများနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံ တိုက်ရိုက်ရောက်ရှိရေးနှင့် ပူးပေါင်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီက ကယ်ဆယ်ရေးပစ္စည်းများ ရေဘေးသင့်ပြည်သူများထံ အချိန်မီရောက်ရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ကယ်ဆယ်ရေးပစ္စည်းများ ရေဘေးသင့်ပြည်သူများထံ အချိန်မီရောက်ရှိမှသာ အကျိုးသက်ရောက်မှုရှိမည် ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံ အမြန်ဆုံး ရောက်ရှိရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က အထူးကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ရေဘေးကာကွယ်ရေးအတွက် တာတမံများအား ဦးစားပေးအဆင့်အလိုက်သတ်မှတ်ပြီး ပြုပြင်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့် သာပေါင်းမြို့သို့သွားရောက်ပြီး သာပေါင်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ဆန်အိတ် ၂၀၀၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ဗလာစာအုပ် ဒါဇင် ၄၀၀၀၊ ဆေးနှင့်ဆေးပစ္စည်းများအပါအဝင် ငွေကျပ် ၇၅ သိန်း တန်ဖိုးရှိ စားသောက်ကုန်များနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းက လှူဒါန်းသည့် ဆန်အိတ် ၁၀၀၊ ဆီပိဿာ ၁၀၀ နှင့် ရေသန့်ကတ် ၁၀၀ တို့ကို ပေးအပ်သည်။

ထို့နောက် ပုသိမ်မြို့ တာဝတိံသာဘုရားဝင်းအတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ရေဘေးသင့်ပြည်သူများအား ဆန်အိတ် ၂၅၀၊ ဗလာစာအုပ် ဒါဇင် ၄၀၀၀၊ ဆေးနှင့်ဆေးပစ္စည်းများ အပါအဝင် ငွေကျပ် ၁၅၁ သိန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကိုပေးအပ်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပုသိမ်မြို့ အမှတ် ၂ ရပ်ကွက် ပုဂံကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးနှင့် နေထိုင်စားသောက်ရေးအခြေအနေများကို မေးမြန်းပြီး ဆန်အိတ် ၂၅၀၊ ဗလာစာအုပ်ဒါဇင် ၄၀၀၀၊ ဆေးနှင့်ဆေးပစ္စည်းများ အပါအဝင် ငွေကျပ် ၁၇၆ သိန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ငဝန်မြစ်ရေတိုးမှုကြောင့် ပုသိမ်မြို့ ကမ်းနားလမ်း ရေကြီးနေမှုအခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် မြို့နယ်အားကစားကွင်း၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်အိတ် ၂၅၀၊ ဗလာစာအုပ်ဒါဇင် ၄၀၀၀၊ ဆေးနှင့်ဆေးပစ္စည်းများ အပါအဝင် ငွေကျပ် ၁၈၃ သိန်းကျော်တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများနှင့် Eleven Media Group က လှူဒါန်းသည့် ဆန်အိတ် ၅၀ တို့ကို ပေးအပ်သည်။

ယင်းနောက် ကန်ကြီးထောင့်မြို့ ကမ်းနားဈေး ရေနစ်မြုပ်မှုအခြေအနေနှင့် ကန်ကြီးထောင့်မြို့အတွင်း ဒါးကချောင်းတာ ပြုပြင်နေမှုအခြေအနေကိုလည်းကောင်း၊ ဒါးကရွာ ရေနစ်မြုပ်နေမှု အခြေအနေကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးကာ ရေဘေးကာကွယ်ရေးအတွက် လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို အသေးစိတ်ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ကန်ကြီးထောင့်-ဒါးကလမ်း ရေကျော်နေမှုအား မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲယာတစ်လျှောက် သဲအိတ်များကာရံနေကြသည့် တပ်မတော်သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးသည်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပုသိမ်မြို့တာဝတိံသာဘုရားဝင်းအတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူတစ်ဦးအား စားသောက်ကုန်ပစ္စည်းများ ပေးအပ်စဉ်



ငဝန်မြစ်ရေတိုးမှုကြောင့် ပုသိမ်မြို့ကမ်းနားလမ်း ရေကြီးနေမှုကို တွေ့ရစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၅၃/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဘိုဘိုငယ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဆေးပညာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဆရာဝန်အဖွဲ့ကကြီးမှူး၍ ဆေးပညာဟောပြောပွဲကို ဩဂုတ် ၁၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ပြီး ပါမောက္ခဦးစောဝင်းက Insight into World of Pediatrics၊ ပါမောက္ခဦးသိန်းမြင့်က Overcoming Diffculties with M.Med.Sc. Examination, Insight into World of Internal Medicine၊ တွဲဖက်ပါမောက္ခဦးစိုးလွင်က Insight into World of OG၊ ပါမောက္ခဦးနေစိုးမောင်က Insight into World of Public Health ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်းနှင့် လူငယ်ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။

**မောင်မောင်**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကောင်းမွန်သည့်ဆက်ဆံရေးကို နားလည်မှု၊ ယုံကြည်မှုဖြင့် ထိန်းသိမ်း

**နေပြည်တော် ဩဂုတ် ၁၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီနိုင်ငံတကာဆက်ဆံရေး ဝန်ကြီး H.E. Mr. Song Tao နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကောင်းမွန်သည့် ဆက်ဆံရေးကို အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုဖြင့် ပိုမိုခိုင်မာအောင် ဆက်လက်ထိန်းသိမ်းရေး၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(မြဝတီ)**



# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူများနှင့်ဆွေးနွေး

**မင်းလှ ဩဂုတ် ၁၂**

သာယာဝတီခရိုင် မင်းလှမြို့နယ်၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးနှင့်တောင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီက သရက်ပင်တောင်သူပညာပေးစခန်း၌ ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ပြောကြားပြီး တောင်သူလယ်သမားများကသိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် ခရိုင်အဆင့် မြေ၊ မျိုး၊ ပိုး တာဝန်ခံများက တောင်သူ ၂၀၀ အား နည်းပညာပေးသင်တန်းပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာ-စင်ကာပူ နှစ်နိုင်ငံပြည်သူများ ဗီဇာမလိုဘဲ သာမန်နိုင်ငံကူးလက်မှတ်ဖြင့် လာမည့်ဒီဇင်ဘာ ၁ ရက်တွင် သွားနိုင်ပြီ

● ကျောဖုံးမှ

**ခတ်အားဖြန့်ဖြူး**

ခတ်အားဖြန့်ဖြူးရေး အနေဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ၁၁ ကေဗွီလိုင်း ၁ မိုင်၊ ၄၀၀ ဗို့လိုင်း ၇ မိုင်၊ ၁၁/၀ ဒသမ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ခွဲရုံ ငါးရုံအား လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုနှစ် မေ ၂၄ ရက်တွင် ပြီးစီးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းပြီးစီး၍ မော်ဟန်ကျေးရွာရှိ အိမ်ထောင်စု ၁၂၀၀ တွင် လျှပ်စစ်ခတ်အား ရရှိသုံးစွဲနိုင်မည် ဖြစ်ပါကြောင်း။

ကယားပြည်နယ် ဒီမောဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဘော်လခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်၊ လွိုင်ကော်မြို့နယ်၊ ရှားတောမြို့နယ်တို့တွင် ၁၁ ကေဗွီခတ်အားလိုင်း ၁၇၇ ဒသမ ၆၉ မိုင်၊ ၄၀၀ ဗို့လိုင်း ၆၉ ဒသမ ၈ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီခွဲရုံ ၉၆ ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဇွန် ၁၆ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးပြီ ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် ကျေးရွာ ၉၅ ရွာ၊ အိမ်ထောင်စုပေါင်း ၄၉၅၉ စုတွင် လျှစ်စစ်ခတ်အား ရရှိသုံးစွဲနိုင်မည် ဖြစ်ပါကြောင်း။

**ဗို့အားပြည့်ဝတည်ငြိမ်**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၊ ကမာရွတ်မြို့နယ်၊ လှည်းကူးမြို့နယ်၊ ထောက်ကြံ့မြို့နယ်၊ အလုံမြို့နယ်၊ ဒဂုံမြို့နယ်၊ မှော်ဘီမြို့နယ်၊ လှိုင်သာယာမြို့နယ်တို့တွင် ၃၃ ကေဗွီခတ်အားလိုင်း ၂ ဒသမ ၈ မိုင် တည်ဆောက်ခြင်း၊ ၁၁ ကေဗွီခတ်အားလိုင်း အသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ၃၃/၁၁-၆ ဒသမ ၆ ကေဗွီ ထရန်စဖော်မာများအား စုစုပေါင်း ၇၅ အမ်ဗွီအေ အစားထိုး တိုးချဲ့တပ်ဆင်ခဲ့ခြင်း၊ ၁၁-၆ ဒသမ ၆/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၁၅၀ တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဇူလိုင် ၁၉ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း ခတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ခြင်းအပြင် ဗို့အားပြည့်ဝတည်ငြိမ်စွာ ဖြင့် လျှပ်စစ်ခတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း။

**စွမ်းအင်ကဏ္ဍ**

စွမ်းအင်ကဏ္ဍတွင် နိုင်ငံတော်အတွင်း ထင်း၊ မီးသွေးနှင့် အခြားလောင်စာ သုံးစွဲမှုလျှော့ချနိုင်ရေးအတွက် ရေနံခတ်ငွေ့ရည် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချပေးနိုင်ရန် လိုင်စင်နှစ်မျိုးဖြစ်သော ဖြည့်တင်းပြီး ရေနံခတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း (ဃ-လိုင်စင်)နှင့် ဖြည့်တင်းပြီး ရေနံခတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း (င-လိုင်စင်)တို့ကို ထုတ်ပေးနိုင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း၊ ယာယီလိုင်စင်(ဃ) ၁၉၉ ဆိုင်နှင့် ယာယီလိုင်စင် (င) ၄၆၄ ဆိုင် စုစုပေါင်း ယာယီလိုင်စင် ၆၆၃ ဆိုင် ထုတ်ပေးပြီးဖြစ်ပါကြောင်း။

လေယာဉ်ဆီဌာနခွဲ ၁၁ ခုဖြစ်သည့် နေပြည်တော်၊ တံတားဦး၊ မြစ်ကြီးနား၊ ဟဲဟိုး၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ စစ်တွေ၊ မော်လမြိုင်နှင့် ကျောက်ဖြူလေဆိပ်တို့တွင် လေယာဉ်ဆီ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ပြည်ပကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လေယာဉ်ဆီ ဖြည့်တင်းသည့်လုပ်ငန်းများကို International Standard အတိုင်း ဖြန့်ဖြူး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှ လက်လီရောင်းဈေးနှုန်းများအား ပြည်သူလူထုအတွက် ထိုက်သင့်သည့် ဈေးနှုန်း၊ သတ်မှတ်သည့် အရည်အသွေးနှင့် မှန်ကန်သော အခြင်အတွယ်ဖြစ်စေရေးတို့ကို မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း (MPTA) နှင့် ပူးပေါင်း၍ ဆောင်ရွက်နိုင်ခဲ့သဖြင့် အရေအတွက်မှန်ကန်ပြီး ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းဖြင့် ပြည်သူလူထုမှ ဝယ်ယူနိုင်ခဲ့သည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါကြောင်း။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ပြေးဆွဲမည့် ဘတ်စ်ကားများ အများနှင့် သက်ဆိုင်သော ကုမ္ပဏီမှ City Bus (BRT) ယာဉ်အစီး ၆၀ အတွက် သဘာဝခတ်ငွေ့တပ်ဆင်သုံးစွဲခွင့်အား ခွင့်ပြုပေးနိုင်သည့်အတွက် အများပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**နယ်စပ်ရေးရာ**

နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ရေရရှိရေး လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်းဖြစ်ပေါ်ခဲ့သော ရာသီဥတု အခြေအနေကြောင့် နယ်စပ်ဒေသရှိ ရေရှားပါးသည့် အိမ်ထောင်စု ၄၉၅၁ စု၊ လူဦးရေ ၉၅၆၄၂ ဦးကို အကျိုးပြုနိုင်ခဲ့ပါကြောင်း။

လုပ်ငန်းစစ်ဆေးရေး အဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းစိစစ်ခြင်းကိုလည်း ဆောင်ရွက်ခဲ့ပြီး ဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိနှင့် အားနည်းချက်၊ အားသာချက်များကို ဒေသအလိုက် လုပ်ငန်းစစ်ဆေးရေး အဖွဲ့များဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လမ်း၊ တံတားနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဌာနပိုင် လမ်း၊ တံတားနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း။

**ရွှေ့ပြောင်းဒုက္ခသည်**

ရွှေ့ပြောင်းဒုက္ခသည် IDP များအား ပြန်လည်နေရာချထားရေးအတွက် တန်ဖိုးနည်းနေအိမ်များ ဆောက်လုပ်ပေးရာတွင် ရခိုင်ပြည်နယ် အပါအဝင် အခြားဒေသများရှိ ရွှေ့ပြောင်းဒုက္ခသည် IDP များကို ပြန်လည်နေရာချထားရေး အတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက စီမံတင်ပြတောင်းခံလာပါက နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ တန်ဖိုးနည်း နေအိမ်များ၊ လမ်း၊ တံတား၊ ရေရရှိရေး၊ စားနပ်ရိက္ခာဖူလုံရေးတို့ ဆောင်ရွက်သွားနိုင်ရေးအတွက် အသင့်ပြင် စီမံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများတွင် ရေရှည်အစီအမံဖြင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းများ ဖြစ်ပါကြောင်း။

နယ်စပ်ဒေသနေ တိုင်းရင်းသား၊ တိုင်းရင်းသူများအား လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ရာတွင် ပထမအကြိမ်အဖြစ် ဓနု၊ ပလောင်နှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ စုစုပေါင်း ၇၀ ၊ ဒုတိယအကြိမ်အဖြစ် ကချင်၊ ကယား၊ မွန်နှင့် ရခိုင်တိုင်းရင်းသား၊ တိုင်းရင်းသူများ စုစုပေါင်း ၁၀၀ တို့ကို နေပြည်တော်သို့ဖိတ်ခေါ်ပြီး လေးရက်ကြာ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

**ရိုးရာဂျပ်ခုတ်သင်တန်း**

ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်းများဖွင့်လှစ်၍ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရာတွင် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပြီးသူ တိုင်းရင်းသူများအတွက် ရန်ကုန်မြို့တွင် ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်း နှစ်ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်း သင်တန်းသူ စုစုပေါင်း ၂၀၂ ဦးအား အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းတို့နှင့် ညှိနှိုင်း၍ အသိအမှတ်ပြုလက်မှတ်များပေးအပ်ကာ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံ ခြောက်ခုတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အလားတူ တိုင်းရင်းသားရိုးရာ ဝတ်စုံများ မတိမ်ကော မပပျောက်အောင် ရည်ရွယ်ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ရိုးရာဂျပ်ခုတ်သင်တန်းများ ဖွင့်လှစ်ပေးပြီး ယင်းသင်တန်းများမှ သင်တန်းသူများကိုလည်း ရန်ကုန်တွင် ဈေးကွက်တစ်ခု ဖန်တီးနိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**နိုင်ငံခြားရေး**

နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျက နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရက် ၁၀၀ တွင် အချို့လုပ်ငန်းများသည် လုပ်ငန်းရပ်အဖြစ် မဟုတ်ဘဲ လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့သည် နိုင်ငံတကာ ဆက်သွယ်ဆောင်ရွက်သည့်အခါ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို အခြေခံထားပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ရင်းနှီးစွာ ဆက်ဆံပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးသည် သံတမန်ဆက်သွယ်တည်ထောင်သည်နှင့် တည်ထောင်မှုမှ အစပြုကာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်သွားရပါကြောင်း။

မိမိတို့ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် အပိုင်းရှစ်ပိုင်းဖြင့် ရက် ၁၀၀ ကာလ ဆောင်ရွက်ချက်များ ရှိပါကြောင်း၊ ယင်းတို့မှာ ပြည်ပနိုင်ငံများရှိ နိုင်ငံသားများ၏ အကျိုးစီးပွားကို စောင့်ရှောက်ခြင်းလုပ်ငန်းများ ဖြစ်ပါကြောင်း၊ ထိုသို့ ပြည်ပနိုင်ငံများရှိ နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းမှာ သံတမန်များသည် ပြည်ပနိုင်ငံများရှိ မိမိနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရမည်ဟူသည့် ဗီယင်နာကွန်ဗင်းရှင်းပါအတိုင်း ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ယခင်ကတည်းကပင် မိမိနိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခဲ့သလို လက်ရှိတွင်လည်း ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအစိုးရ လက်ထက်တွင် ပိုမိုပီပြင်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံတွင် ရောက်ရှိနေသည့် ကောင်စစ်ဝန်ရုံး၊ သံရုံး စုစုပေါင်း ၄၀ ကျော်ရှိပါကြောင်း၊ အဆိုပါရုံးများတွင် မိမိနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရမည်ဟူသည့် Instruction Guideline ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေပြီး မိမိနိုင်ငံသို့ ပြန်လာကာ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင်ပါဝင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ပြည်ပရောက် နိုင်ငံသားများ ပြန်လာနိုင်စေရန် ဖြေလျှော့မှုများစွာ ဆောင်ရွက်ခဲ့ပါကြောင်း။

**အမည်မည်းစာရင်း**

ထို့ပြင် အမည်မည်းစာရင်း(Black List) သတ်မှတ်ခြင်း ခံရသူများကို ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမည်မည်းစာရင်း သတ်မှတ်ခံရပါက ဆယ်နှစ်ကာလပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ရရှိမည် မဟုတ်သော်လည်း ယခုအစိုးရလက်ထက်တွင် အကြောင်း အမျိုးမျိုးကြောင့် အမည်မည်းစာရင်း သတ်မှတ်ခြင်းခံရသူများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ ဖယ်ရှားခဲ့ပါကြောင်း။

မိမိတို့နိုင်ငံသို့ ရောက်ရှိနေသည့် သံတမန်များ၊ နိုင်ငံတကာအေဂျင်စီများ၏ ဝန်ထမ်းများသည် မိမိတို့နိုင်ငံတွင်း ခရီးသွားလာသည့်အခါ ကန့်သတ်မှုများ ယခင်က ရှိခဲ့သော်လည်း ယခုအခါ ဖြေလျှော့မှုများကို စီစဉ်ပေးခဲ့ပါကြောင်း။

သံတမန် ဆက်သွယ်မှုအားဖြင့် အီသီယိုးပီးယားနိုင်ငံနှင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် သံတမန်ဆက်သွယ်မှု ၁၁၄ ခုမြောက် သံတမန်ဆက်သွယ်မှုနိုင်ငံအဖြစ် တည်ထောင်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း သံတမန်ဆက်သွယ်ရေးကိုတိုးချဲ့ရန် ပြင်ဆင်ထားပါကြောင်း၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ခန့်ထားမှုကိုလည်း တိုးမြှင့်သွားမည် ဖြစ်ပါကြောင်း။

သိသာမြင်သာသည့် ရလဒ်တစ်ခုအဖြစ် ယခုအစိုးရသစ်လက်ထက်တွင် နိုင်ငံ့ခေါင်းဆောင်များ လာရောက်လည်ပတ်မှုများရှိခဲ့ပါကြောင်း၊ အာဆီယံဓလေ့ထုံးစံအရ အာဆီယံအဖွဲ့ဝင်အခြား ကိုးနိုင်ငံသို့ မိမိတို့ ခေါင်းဆောင်များ သွားရောက်ရန် တင်ပြထားပါကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများ၏ ဆက်ဆံရေးအလေးထားသည့် အနေဖြင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရန်လည်း တင်ပြထားပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် အေဆမ်အစည်းအဝေးတွင် မိမိတို့ မြန်မာနိုင်ငံသည် သာမန်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ်သာမဟုတ်ဘဲ Coordinator အဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ရလဒ်အဖြစ် လာမည့်နှစ်တွင် မြန်မာနိုင်ငံတွင် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် လာအိုသမ္မတခရီးစဉ်တွင် မြန်မာ-လာအို ချစ်ကြည်ရေးတံတားအတွက် စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီမှုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို ၂၀၁၅ ခုနှစ် မေလက ဖွင့်လှစ်ခဲ့သော်လည်း စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီမှုကို ယခုမှသာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ရလဒ်ကောင်းတစ်ခုအဖြစ် မြန်မာ-စင်ကာပူအကြား နှစ်နိုင်ငံ ပြည်သူများသည် Visa မလိုအပ်ဘဲ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် ပြည်သူများ အနေဖြင့် လာမည့် ဒီဇင်ဘာလ ၁ ရက်တွင် သွားရောက်နိုင်ပြီဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာနသည် Activity အဖြစ်မဟုတ်ဘဲ Process လုပ်ငန်းစဉ်များအဖြစ် ပြည်သူများ၏ အကျိုးစီးပွားအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**လျှပ်စစ်နှင့် စွမ်းအင်**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် စက်မှုဇုန်များတွင် လျှပ်စစ်ခတ်အား ပြတ်တောက်မှုမရှိစေရေးနှင့် လျှပ်စစ်ခတ်အား လုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ မေးမြန်းချက်ကို ရှင်းလင်းဖြေကြားရာတွင် ရန်ကုန်နှင့် မန္တလေးမြို့တို့သည် လျှပ်စစ်ခတ်အားသုံးစွဲမှု အများဆုံးမြို့ကြီးများ ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့သည် တစ်နိုင်ငံလုံး၏ လျှပ်စစ်ခတ်အား တစ်ဝက်နီးပါး သုံးစွဲပါကြောင်း၊ မန္တလေးသည် လေးပုံတစ်ပုံနီးပါး သုံးစွဲနေသည့်အတွက် မြန်မာနိုင်ငံ၏ လျှပ်စစ်ခတ်အားဟု ပြောလျှင် ယင်းမြို့နှစ်မြို့ကို အဓိကထားပြီး ပြောရမည်ဖြစ်ပါကြောင်း။

အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈ သန်းရှိသည့်အနက် မီးပေးနိုင်သည်မှာ ၃ ဒသမ ၈ သန်းသာ ရှိသေးသည့်အတွက် နယ်စပ်ဒေသ၊ ဝေးလံသည့်ဒေသများကို ဖြန့်ဖြူးရန် အများကြီးကျန်ရှိနေပါသေးကြောင်း။

မိမိတို့အနေဖြင့် တစ်တိုင်းပြည်လုံး လျှပ်စစ်ခတ်အား ရရှိစေရေးဆိုသည့် ရည်ရွယ်ချက်ထားရှိပြီး ဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်နှင့် မန္တလေး မီးမပျက်အောင် ဘယ်လိုများဆောင်ရွက်ထားသလဲဆိုလျှင် လျှပ်စစ်ကဏ္ဍအနေဖြင့် အဓိကလုပ်ငန်းကြီး သုံးခုရှိပါကြောင်း၊ generation ပိုင်းတွင် ယမန်နှစ်နွေက တစ်တိုင်းပြည်လုံးသုံးစွဲသည့် လျှပ်စစ်ခတ်အားမှာ မဂ္ဂါဝပ် ၂၇၀၀ ကျော်ရှိပါကြောင်း၊ ထိုအချိန်တွင် ဌာနအနေဖြင့် ထုတ်ပေးနိုင်သည်မှာ မဂ္ဂါဝပ် ၂၈၀၀ ခန့်သာရှိပါကြောင်း၊ ပြည်သူ့လိုအပ်ချက်ကို မီရုံလေးသာ ထုတ်လုပ်နိုင်သေးပါကြောင်း၊ အခက်အခဲမှာ မြို့ကြီးများတွင် သွယ်တန်းထားသည့် ဖြန့်ဖြူးရေးလိုင်းများမှာ နှစ်ကာလအတော်ကြာနေပြီ ဖြစ်ပြီး မြေအောက်ခတ်အားလိုင်းများဆိုလျှင် အင်္ဂလိပ်လက်ထက်ကတည်းက အကောင်အထည်ဖော်သွားသည့် လိုင်းများဖြစ်သည့်အတွက် နှစ်ကြာလာသည်နှင့်အမျှ ခံနိုင်ရည်အား နည်းလာပါကြောင်း၊ ထိုအချိန်တွင် မီးအားကို တအားဆွဲသည့်အတွက် မနိုင်ဝန်ထမ်းသည့်အချိန်တွင် ချွတ်ယွင်းပျက်စီးမှုများ ရှိပါကြောင်း၊ ထို့အတူ မြို့သစ်များဖြစ်သည့် တောင်ဒဂုံ၊ အရှေ့ဒဂုံ၊ မြောက်ဒဂုံမြို့သစ်များကို အကောင်အထည်ဖော်ခဲ့ရာ အမြန်ဆုံးမီးလင်းမှုကို ဆောင်ရွက်ပေးခဲ့ရသည့်အတွက် သာမန်အားဖြင့် ကြေးကြိုးများသုံးရမည့်အစား ဒန်ကြိုး၊ အလူမီနီယမ်ကြိုးများဖြင့် အစားထိုးဆောင်ရွက်ခဲ့ရ၍ အားနည်းချက်များ ရှိခဲ့ပါကြောင်း။

**ဖြန့်ဖြူးမှုအပိုင်း**

ဖြန့်ဖြူးမှုအပိုင်းတွင် ရန်ကုန်မြို့တွင် လိုအပ်ချက်များကို လုပ်ဆောင်နေသော်လည်း ၁၀၀ ရာခိုင်နှုန်းလုံး မလုပ်နိုင်သေးပါကြောင်း၊ ရက် ၁၀၀ စီမံကိန်းတွင် ပါရှိသည့် ထရန်စဖော်မာများ ထိုင်ခြင်း၊ ကြိုးများ လဲလှယ်တပ်ဆင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့သော်လည်း ရန်ကုန်မြို့၏ လူဦးရေတိုးတက်နှုန်းမှာ အလွန်များပြားပါကြောင်း၊ လိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းနိုင်ရန် ကန့်သတ်ချက်ရှိပါကြောင်း။

နိုင်ငံတိုင်း၌ လျှပ်စစ်ခတ်အားကို ရေအား၊ ကျောက်မီးသွေး၊ ဂက်စ်တို့မှ အဓိကထား ထုတ်လုပ်ပါကြောင်း၊ ထို့အပြင် တိုးတက်သည့်နိုင်ငံများတွင် နေစွမ်းအင်၊ လေစွမ်းအင်တို့ကို အသုံးပြု၍

စာမျက်နှာ ၅ သို့




အစိုးရသစ်၏ ပထမ ရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်ရှင်းလင်းသည့် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများကို တွေ့ရစဉ်

# နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူးများအား ရှင်းလင်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံတော်၏ စီးပွားရေးမူဝါဒများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်ထား ဆောင်ရွက်ရမည့် မူဝါဒများဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ၊ အခြေခံအဆောက်အအုံဆိုင်ရာမူဝါဒများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် စီးပွားရေးမူဝါဒများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို စီမံကိန်းရေးဆွဲ ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ စီမံကိန်းများချမှတ်ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ခြင်းတို့တွင် စာရင်းအင်းအချက်အလက်များ မှန်ကန်တိကျမှု၏ အရေးပါမှုများကို ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၄ မှ*

ထုတ်လုပ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် ထုတ်ယူအသုံးပြုနေချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် အဓိကအားထားရသည်မှာ ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့မှ ထုတ်လုပ်နိုင်ရန် လျာထားခဲ့ပါကြောင်း။

သို့ရာတွင် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ပြည်သူလူထုက လက်ခံနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျောက်မီးသွေးဖြင့် ထုတ်လုပ်မည်ဆိုသည်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မည်ဆိုပြီး ပြည်သူများက ကန့်ကွက်ကြပါကြောင်း၊ ပြည်သူများ၏ ကန့်ကွက်ချက်ကို အလေးထားပြီး ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့်အစီအစဉ်များ ရပ်ဆိုင်းသွားသဖြင့် မျှော်မှန်းထား သလောက်ဓာတ်အား မထုတ်လုပ်နိုင်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ကလည်း မသုံးသေးသည့်နေရာမှ ယာယီယူသုံးသည်မှလွဲ၍ လောလောဆယ် ဘယ်ကမျှ ရစရာမရှိပါကြောင်း။

ယင်းကန့်သတ်ချက်များကြောင့် အခက်အခဲရှိ၍ ရေအားကို အားကိုးရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအားအရင်းအမြစ် များစွာရှိပါကြောင်း၊ တိုင်းပြည်သုံးစွဲနိုင်သည်ထက် ပိုမိုသည့် အတိုင်းအတာအထိ ထုတ်၍ရပါကြောင်း၊ အထူးသဖြင့် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်းမြစ်တို့ကို အခြေခံပြီး ရေအားလျှပ်စစ်ကို ထုတ်လုပ်နိုင်ပါကြောင်း၊ သို့ရာတွင် ပတ်ဝန်းကျင်ထိခိုက်မည်ဟုဆိုသဖြင့် စီမံကိန်းများ နှောင့်နှေးနေရပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် သယံဇာတကို ထုတ်သုံးပြီး ပြည်သူလူထုကို ဝန်ဆောင်မှုပေးရသည့် ဌာနကြီးဖြစ်ပါကြောင်း၊ သဘာဝသယံဇာတကို ထုတ်သုံးရပြီဆိုလျှင် အကျိုးဆက်က ရှိစမြဲ ထုံးစံဖြစ်ပါကြောင်း၊ ယင်းမှာ ရှောင်လွှဲ၍ မရပါကြောင်း။

မိမိတို့က ပြည်သူ့ဝန်ထမ်းဖြစ်သည့်အတွက် ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းရန် တာဝန်ရှိပါကြောင်း၊ အဓိကဖြစ်သည့် ရေ၊ သယံဇာတကို မလွဲမသွေ အသုံးပြုရမည်သာဖြစ်ပါကြောင်း၊ သုံးသည့်အခါ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဒီဇိုင်းလုပ်ပြီး သေချာလေ့လာကာ ဆောင်ရွက်မည်ဖြစ်၍ ပြည်သူများ လက်ခံပါက တိုင်းပြည်၏ ရှေ့ကာလတွင် လျှပ်စစ်ဓာတ်အားကို လုံလုံလောက်လောက် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

**နိုင်ငံတကာကို တင်ဒါခေါ် ထား**

ယမန်နှစ် နွေရာသီက တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲမှုအနေဖြင့် မဂ္ဂါဝပ် ၂၇၀၀ ရှိပြီး လာမည့်နှစ်တွင် မဂ္ဂါဝပ် ၂၉၀၀ ကျော် ၃၀၀၀ နီးပါးသုံးမည်မှာ သေချာပါကြောင်း၊ မိမိတို့က လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် နိုင်ငံတကာကို တင်ဒါခေါ် ထားပါကြောင်း၊ လာမည့် နွေရာသီအမီဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ LNG ကို ယာယီအားဖြင့် တင်သွင်းပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အပိုင်းကို အဓိကထား ဆောင်ရွက်ရန်၊ စွမ်းအင်ချွေတာရေး၊ လောင်စာချွေတာရေးအတွက်လည်း LNG တင်သွင်းရန် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်နေပါကြောင်း။

ရေရှည်အတွက်လည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေသည်များ ရှိပါကြောင်း၊ ရေအားကိုလည်း ပြည်သူများက ဆောင်ရွက်ခွင့်ပေးမှသာ တစ်နိုင်ငံလုံး လျှပ်စစ်မီးရမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှုများကို စိစစ်ပြီး အနည်းဆုံးဖြစ်အောင် မိမိတို့က စီမံဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား လုံလောက်အောင် ထုတ်လုပ်နိုင်ပြီဆိုလျှင် Transmission လိုင်းများ လိုအပ်ပါကြောင်း၊ ရေအားမှာ မြန်မာနိုင်ငံ မြောက်ဖျားပိုင်းတွင် အဓိကရှိပါကြောင်း၊ အဓိကသုံးသည်မှာ ရန်ကုန်ဖြစ်ပါကြောင်း၊ ရန်ကုန်အထိကို Transmission လိုင်းဆွဲရမည်ဖြစ်ပါကြောင်း၊ ယခု ၅၀၀ ကေဗွီ Transmission လိုင်းကို ချေးငွေဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ပြီး မြောက်ပိုင်းမှရမည့် ဓာတ်အားကို အပြည့်အဝသုံးစွဲနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ လျှပ်စစ်မီးမရသေးသည့် ရှမ်းပြည်နယ်အရှေ့ပိုင်းကို ဓာတ်အားလိုင်းများ တည်ဆောက်နေပြီဖြစ်ပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး တစ်ခုသာ ကျန်ရှိနေပါသေးကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ ပြည်သူလူထုသည် လျှပ်စစ်ဓာတ်အားကို ဈေးကြီးကြီးဖြင့် ဝယ်သုံးနေရပါကြောင်း၊ ထို့ကြောင့် မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းကို ဆောင်ရွက်နေပါကြောင်း။

**ကမ္ဘာ့ဘဏ်ချေးငွေ**

ဖြန့်ဖြူးမှုအပိုင်းတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ကျေးရွာအထိ ဓာတ်အားရောက်ရှိရေးကို ဆောင်ရွက်နေပါကြောင်း၊ လာမည့် ငါးနှစ်အတွင်း အိမ်ထောင်စု ၁ ဒသမ ၇ သန်းကို မီးပေးနိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ လျှပ်စစ်ကို ပြည်သူလူထုသုံးစွဲနိုင်အောင် ထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှုအပိုင်းများကို အထူးကြိုးစားဆောင်ရွက်နေပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ပူးပေါင်းဆောင်ရွက်**

နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ရွှေ့ပြောင်းဒုက္ခသည်များအား ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်းဖြေကြားရာတွင် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက တင်ပြလာလျှင် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း၊ ကရင်ပြည်နယ်သို့ ပြန်လာချင်သည့် တိုင်းရင်းသားများနှင့် ပတ်သက်၍ ၁၉၆ ဦးကို လက်ရှိတွင် မိမိတို့အနေဖြင့် လက်ခံမည်ဆိုလျှင် လက်ခံနိုင်သည့်အနေအထားရှိပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့လည်း တင်ပြထားပါကြောင်း၊ ပြန်လည်ရောက်ရှိ လာလျှင် ၎င်းတို့ နေထိုင်လိုသည့် ဒေသများကို ပထမဦးစားပေးပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အကယ်၍ ၎င်းတို့အနေဖြင့် ရွေးချယ်ထားခြင်း မရှိသေးပါက ကရင်ပြည်နယ် မြဝတီမြို့အနီးရှိ မြို့သစ်တစ်ခုတွင် နေရာချထားပေးရန် အကြမ်းဖျင်း လျာထားပါကြောင်း။

မိမိတို့ဆောက်ပေးမည့် တန်ဖိုးသင့်အိမ်ရာမှာ အကြမ်းဖျင်း ကျပ်သိန်း ၅၀ ခန့် သုံးစွဲပြီး ဆောက်ပေးခြင်းဖြစ်ပါကြောင်း၊ သို့သော် လူတိုင်းအတွက် ဆောက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ပြန်လာသည့် မိသားစုများအတွက်ကိုသာ ဆောက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ ရွှေ့ပြောင်းဒုက္ခသည်များအနက် အိမ်ရာပိုင်ဆိုင်မှုမရှိသည့်သူများကိုသာ နေအိမ်များ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းကို စိစစ်ရန်တာဝန်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က စိစစ်ပေးပြီး မိမိတို့ ဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျက နိုင်ငံ့အကြီးအကဲများ၏ နိုင်ငံခြားခရီးစဉ်များနှင့် ပတ်သက်၍ မေးမြန်းချက်ကို ရှင်းလင်းဖြေကြားရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်တက်လာသည့်အခါ လုပ်ရိုးလုပ်စဉ်အနေဖြင့် ပြည်ပနိုင်ငံခရီးစဉ်များနှင့် ပတ်သက်ပြီး အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားလာလည်ပတ်နိုင်ရေးအတွက်တင်ပြပါကြောင်း၊ ၎င်းအပေါ် အခြေခံပြီး အချက်အလက်အားလုံးကို ဘက်စုံစဉ်းစားပြီး ဆုံးဖြတ်ခြင်းဖြစ်ပါကြောင်း၊ ဆုံးဖြတ်သည့် process နှင့် ပတ်သက်၍ မှတ်ချက်ပေးနိုင်ခြင်းမရှိပါကြောင်း။

**မြစ်ဆုံကိစ္စ**

တရုတ်နိုင်ငံခရီးစဉ်တွင် မြစ်ဆုံကိစ္စ ဆွေးနွေးရန် ရှိ/မရှိနှင့် ပတ်သက်၍ မေးမြန်းချက်ကို ရှင်းလင်းဖြေကြားရာတွင် ပြည်သူ့အကျိုးကို အတတ်နိုင်ဆုံးဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်ခရီးစဉ်တွင် တရုတ်ဘက်မှ မြစ်ဆုံကိစ္စနှင့် ပတ်သက်ပြီးဆွေးနွေးနိုင်ပါကြောင်း၊ မိမိတို့က ပြန်လည်ဆွေးနွေးနိုင်ရန် ဘက်စုံထောင့်စုံမှ အကောင်းဆုံး ပြင်ဆင်သွားမည်ဖြစ်ပါကြောင်း။

နယ်နိမိတ် တိုင်းတာရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာတွင် တရုတ်-မြန်မာ နယ်နိမိတ်မှာ မိုင်ပေါင်း ၁၃၇၀ ထိစပ်နေပါကြောင်း၊ ယင်းကို တိုင်းတာပြီး ကုလသမဂ္ဂတွင် မှတ်ပုံတင်ပြီးဖြစ်ပါကြောင်း၊ လာအိုနိုင်ငံနှင့် ၁၄၇ မိုင် တိုင်းထွာပြီးဖြစ်ပါကြောင်း၊ အိန္ဒိယ-မြန်မာ ၉၁၂ မိုင်အနက် ကဘော်ချိုင့်ဝှမ်းဒေသမှလွဲ၍ ကျန်နေရာများ တိုင်းထွာပြီးဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်-မြန်မာ ၁၆၈ မိုင်တိုင်းထွာပြီး ဖြစ်ပါကြောင်း၊ ထိုင်းနှင့် မြန်မာမှာ မိုင်ပေါင်း ၁၃၁၀ ထိစပ်နေပြီး လက်ရှိတွင် လွတ်လပ်ရေးရပြီးချိန်နောက်ပိုင်း ၃၆ မိုင်သာ တိုင်းထွာပြီးစီးသေးပါကြောင်း။

နိုင်ငံသားများ ပြည်တော်ပြန်သည့်ကိစ္စနှင့် ပတ်သက်၍ အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါကြောင်း၊ ကိုယ့်နိုင်ငံအပေါ် မည်ကဲ့သို့ အကျိုးပြန်ပြုမည်ဆိုသည့်အပေါ်တွင် မူတည်ပြီး ဖြေလျှော့ပေးနေပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံတကာအသိအမှတ်ပြု ISO 9001:2008 လက်မှတ်ချီးမြှင့်ပွဲကျင်းပ




**တောင်ငူ ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(တောင်ငူ) ဘွဲ့နှင်းသဘင်ခန်းမ ၌ နိုင်ငံတကာအသိအမှတ်ပြု ISO 9001:2008 လက်မှတ်ချီးမြှင့်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး Myanmar Bureau Veritas Limited မှ Lead Assessor ဆရာဦးစိုးလွင်က ISO 9001:2008 နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ နည်းပညာတက္ကသိုလ် (တောင်ငူ) ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်လတ်အား နိုင်ငံတကာအသိအမှတ်ပြု ISO 9001:2008 လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် Myanmar Bureau Veritas Limited မှ Lead Assessor ဆရာဦးစိုးလွင်က တက္ကသိုလ်ဆရာ ဆရာမများအား အရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းပို့ချခြင်း၊ ဆရာဦးစိုးလွင်အား အမှတ်တရလက်ဆောင်ပေးအပ်ခြင်းနှင့် နည်းပညာတက္ကသိုလ်(တောင်ငူ) ကျောင်းသားကျောင်းသူဟောင်းအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်လှ(တောင်ငူ)**

# အန္တရာယ်မဖြစ်စေရန် ဆော့ကစားသင့်သည့် ပိုကီမွန်ဂိုးဂိမ်း

**ရန်ကုန် ဩဂုတ် ၁၂**

ကမ္ဘာကျော် ပိုကီမွန်ဂိုး အင်တာနက်ဂိမ်းကို ဩဂုတ်လဆန်းပိုင်းမှစတင်ကာ ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ နေရာအတော်များများတွင် စိတ်ဝင်တစား ဆော့ကစားလာကြသည်ကို တွေ့ရသည်။

ယင်းဂိမ်းနှင့်ပတ်သက်၍ ဂိမ်းကစားသူတစ်ဦးက “ကျွန်တော်က မြောက်ဒဂုံမှာနေပါတယ်။ ဆိပ်ကမ်းသာလမ်းက ဖုန်းဆိုင်မှာ အလုပ်လုပ်ပါတယ်။ ဒီဂိမ်းကို စကစားဖြစ်တာက သူများတွေ မနက်ပိုင်းအလုပ်တက်ချိန်နဲ့ ညနေပိုင်း ရုံးဆင်းချိန်တွေမှာ ခေါင်းငုံ့ပြီး ဖုန်းကိုကြည့်နေတဲ့သူတွေနဲ့ အုပ်စုလိုက်ထိုင်ပြီး ‘မိပြီ’ဆိုပြီး ဆော့နေတာတွေ့လို့ အစ်ကိုတစ်ယောက်ကို မေးကြည့်တော့ အဲဒါ ပိုကီမွန်ဂိုးဂိမ်းဆော့နေတာဆိုပြီး ပြောပြလို့ သိရတယ်။ နောက်တော့ ကျွန်တော်လည်း သူတို့လိုပဲ လမ်းသွားရင်း ခေါင်းငုံ့ပြီး ဆော့တော့တာပဲ။ အန္တရာယ်များမှန်းတော့သိတယ်။ ဒါပေမဲ့ သူတို့ဖမ်းခိုင်းတဲ့အကောင်လေးတွေကို လိုက်ဖမ်းဖို့ပဲ မဲနေတော့ အန္တရာယ်ကို သတိမမူမိဘူး။ အခုတော့ မဟာဗန္ဓုလပန်းခြံထဲမှာပဲ လာဆော့တော့တယ်။ အန္တရာယ်ဖြစ်မှာ မစိုးရိမ်ရတော့ဘူးပေါ့။ ဒါပေမဲ့ ဖုန်းဘီလ်ကတော့ တစ်ရက်ကို ၈၀၀၊ ၁၀၀၀ လောက်တော့ကုန်တယ်။ ပိုကီမွန်ဂိမ်းဆော့တဲ့သူတွေကို အကြံပေးလိုတာကတော့ ဖုန်းကိုလည်းကြည့်၊ အန္တရာယ်ကိုလည်း သတိထားပါလို့ ပြောချင်ပါတယ်” ဟု ပြောသည်။

အဆိုပါ ပိုကီမွန်ဂိုးဂိမ်းသည် အခြားဂိမ်းများကဲ့သို့ ထိုင်ရာမထ ကစား၍မရဘဲ ဂိမ်းက လုပ်ဆောင်ခိုင်းသည့် မိမိဖမ်းဆီးရမည့် အကောင်များကို လမ်းလျှောက်ရှာဖွေရခြင်းဖြစ်သည်။ ယင်းဂိမ်းသည် ဘေးပတ်ဝန်းကျင်ရှိအရာများကိုအာရုံမရှိဘဲ ဖုန်းမျက်နှာပြင်မှ ပြသထားသည့် အကောင်ငယ်လေးများနေရာကိုသာ ကစားသူများအနေဖြင့် ကြည့်ရှုနေရသောကြောင့် လူရှုပ်သည့်နေရာများ တွင် လမ်းသွားလမ်းလာများကို သတိမမူတော့ဘဲ တိုက်မိခြင်း၊ ဂိမ်းအတွင်း အာရုံစိုက်နေသဖြင့် ယာဉ်အန္တရာယ်ဖြင့် ကြုံတွေ့နိုင်ခြင်း စသည့် မလိုလားအပ်သောပြဿနာများနှင့် ရင်ဆိုင်ရနိုင်ကြောင်း၊ အလားတူဖြစ်ရပ်မျိုး အခြားနိုင်ငံများတွင်လည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ပိုကီမွန်ဂိုးဂိမ်းဆော့ကစားသူများအနေဖြင့် ဂိမ်းကစားချိန်တွင် သတိလက်လွတ်ဖြစ်တတ်သဖြင့် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ အန္တရာယ်မဖြစ်စေဘဲ ဆော့ကစားရန် ဂိမ်းကစားသူတစ်ဦးကလည်း အကြံပြုပြောကြားသည်။

**မောင်မောင် ၊ ဓာတ်ပုံ-ထွန်းအောင်ရှိန်(မြန်မာ့အလင်း)**





# အာရှဥရောပကုန်းမြေမှ အားပြိုင်မှု

## တက္ကသိုလ် ဟန်စိုးဦး

***ယမန်နေ့မှအဆက်***

အနောက်နိုင်ငံတွေရဲ့ ရည်မှန်းချက်တွေဟာ ကောင်းမွန်သော်လည်း ဒီကိစ္စရပ်တွေအပေါ်မှာပဲ ရင်းနှီးမြှုပ်နှံရုံနဲ့ ဘယ်တိုင်းပြည်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့တာ မရှိပါဘူး။ ပြည်သူ့ကျန်းမာရေးကဏ္ဍဟာ တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိဖို့အတွက် အရေးကြီးပြီး အခြေခံကျတဲ့ လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ ဒါပေမယ့် ဆေးရုံ၊ ဆေးပေးခန်းတွေမှာ လျှပ်စစ်ဓာတ်အား မလုံလောက်ရင်၊ သန့်ရှင်းတဲ့ရေ မရရှိရင်၊ ဆေးရုံ၊ ဆေးပေးခန်းသွားဖို့ လမ်းကောင်းကောင်းမရှိရင် ပြည်သူ့ကျန်းမာရေးကို အပြည့်အဝ စောင့်ရှောက်ပေးနိုင်မှာ မဟုတ်ပါဘူး။ တရုတ်နိုင်ငံရဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံတဲ့ မဟာဗျူဟာက တရုတ်နိုင်ငံမှာတော့ သိသာထင်ရှားတဲ့ အောင်မြင်မှုတွေရရှိခဲ့သလို အခြားအရှေ့အာရှနိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ တောင်ကိုရီးယားနဲ့ စင်ကာပူနိုင်ငံတွေက အကောင်အထည်ဖော်နေတဲ့ မဟာဗျူဟာတွေမှာလည်း အရေးပါတဲ့ကဏ္ဍကနေ ပါဝင် နေပါတယ်။

တရုတ်နိုင်ငံနဲ့ အနောက်နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးပုံစံတွေအနက် ဘယ်ပုံစံက ပိုပြီးထိရောက်မှုရှိမလဲဆိုတာကတော့ အနာဂတ်ကမ္ဘာ့နိုင်ငံရေးအတွက် အရေးပါတဲ့ မေးခွန်းဖြစ်ပါတယ်။ တကယ်လို့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ တရုတ်နိုင်ငံက စီမံကိန်းရေးဆွဲသူတွေ မျှော်မှန်းထားတဲ့အတိုင်း ဖြစ်လာခဲ့မယ်ဆိုရင် အင်ဒိုနီးရှားနိုင်ငံကနေ ပိုလန်နိုင်ငံအထိ အာရှဥရောပဒေသကြီးတစ်ခုလုံးဟာ လာမယ့်မျိုးဆက်သစ်တွေလက်ထက်မှာ အနေအထားပြောင်းလဲသွားမယ့် အခြေအနေမှာ ရှိနေပါတယ်။ တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးပုံစံဟာ တရုတ်နိုင်ငံပြင်ပမှာလည်း အောင်မြင်မှုတွေ ရရှိလာခဲ့ရင် အဲဒီဒေသက ပြည်သူတွေရဲ့ဝင်ငွေမြင့်မားလာပြီး တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းတွေကို ပိုမိုလိုအပ်လာမယ်ဆိုရင် ကမ္ဘာကြီးရဲ့အခြားဒေသတွေမှာရှိတဲ့ ဈေးကွက်တွေ ရပ်တန့်နေတဲ့ နိုင်ငံတွေမှာလည်း တရုတ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးပုံစံက အစားထိုး နေရာယူလာဖို့ ရှိပါတယ်။

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဖြစ်စေတဲ့ စက်မှုလုပ်ငန်းတွေလည်း ကမ္ဘာကြီးရဲ့ အခြားဒေသတွေဆီ ပြောင်းရွှေ့လာမှာဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးအဝန်းအဝိုင်းရဲ့ အပြင်ဘက်ဆီ ရောက်နေရာကနေ အရှေ့အာရှဒေသဟာ ကမ္ဘာ့စီးပွားရေးအဝန်းအဝိုင်းရဲ့ ဗဟိုချက်ဖြစ်လာဖို့ ရှိပါတယ်။ တရုတ်နိုင်ငံမှာ တစ်ပါတီတည်းက ထိန်းချုပ်ထားတဲ့ ပုံစံဟာလည်း ဂုဏ်သိက္ခာပိုမို မြင့်မားလာဖို့ရှိပြီး ကမ္ဘာတစ်ဝန်းရှိ ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့နိုင်ငံတွေအပေါ် အပြုသဘောမဆောင်တဲ့အကျိုးဆက်တွေ သက်ရောက်လာနိုင်ပါတယ်။

သို့သော်လည်း ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ အောင်မြင်မှုရရှိမှာလားဆိုတဲ့မေးခွန်းကို မေးမြန်းဖို့လည်း အရေးကြီးတဲ့ အကြောင်းပြချက်တွေ ရှိနေပါတယ်။ အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတဲ့ပုံစံဟာ တရုတ်နိုင်ငံမှာ အခုအချိန်အထိ အောင်မြင်မှုရရှိနေတာဟာ တရုတ်အစိုးရအနေနဲ့ နိုင်ငံတွင်းမှာရှိနေတဲ့ နိုင်ငံရေးအနေအထားကို ထိန်းချုပ်ထားနိုင်လို့ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဟာ တရုတ်နိုင်ငံ ပြင်ပမှာနဲ့ တခြားစီဖြစ်ပါတယ်။ နိုင်ငံရေးအရ တည်ငြိမ်မှုမရှိခြင်း၊ ပဋိပက္ခများ ဖြစ်ပွားနေခြင်းနဲ့ လာဘ်ပေးလာဘ်ယူမှုတွေ ရှိနေတဲ့ နိုင်ငံတွေအတွက် တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုပုံစံဟာ မူလရည်ရွယ်ချက်ကို မရောက်ဘဲ လမ်းလွဲသွားစေနိုင်ပါတယ်။ တရုတ်နိုင်ငံဟာ အီကွေဒေါနဲ့ ဗင်နီဇွဲလားနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ အမြောက်အမြား ပြုလုပ်ထားသော်လည်း အဲဒီနိုင်ငံတွေမှာ အမြင်မကြည်လင်တဲ့ မိတ်ဖက်တွေ၊ အမျိုးသားရေးဝါဒီလွှတ်တော်အမတ်တွေ၊ အပြောင်းအလဲဖြစ်တတ်တဲ့ မိတ်ဆွေတွေကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ နိုင်ငံအနောက်ပိုင်း ရှင်းကျန့်ဝေဂါဒေသ



တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပုံစံမှာ ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ လေဆိပ် စသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ်တွင် အများအပြားရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းဖြစ်သည်။

(Xinjiang Uighur Region) မှာ ဘာသာရေးအစွန်းရောက်သူ အချို့ရဲ့ အကြမ်းဖက် လှုပ်ရှားမှုတွေကို ကိုင်တွယ်ဆောင်ရွက်ခဲ့တဲ့ နည်းလမ်းတွေ အတိုင်း ပါကစ္စတန်နိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံတွေမှာလည်း အလားတူဆောင်ရွက်မယ်ဆိုရင် အောင်မြင်မှုရရှိနိုင်မှာ မဟုတ်ပါဘူး။

အခုလိုပြောတဲ့အတွက် အမေရိကန်နိုင်ငံနဲ့ အခြားအနောက်နိုင်ငံတွေအနေနဲ့ တရုတ်နိုင်ငံ ဆုံးရှုံးမှုကျရောက်လာမယ့်အချိန်ကို အေးအေးဆေးဆေးနဲ့ ထိုင်စောင့်နေဖို့ ဆိုလိုခြင်းမဟုတ်ပါ။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေဟာ တရုတ်နိုင်ငံအတွင်းမှာအတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပြီးဖြစ်လို့ ဆက်လက်ဆောင်ရွက်ဖို့ အကန့်အသတ်ရှိချင် ရှိနေနိုင်ပါတယ်။ ဒီပုံစံဟာ အခြားနိုင်ငံတွေမှာလည်း အောင်မြင်မှု ရရှိချင်မှ ရရှိမှာဖြစ်ပါတယ်။ ဒါပေမယ့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဟာ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့အနေအထားမှာ ရှိနေဆဲဖြစ်ပါတယ်။

အမေရိကန်နိုင်ငံသည်ပင်လျှင် ၁၉၅၀ ပြည့်နှစ်နဲ့ ၁၉၆၀ ပြည့်နှစ်တွေတုန်းက ဆည်မြောင်းတွေ၊ ကားလမ်းကွန်ရက်တွေ အများအပြားဆောက်လုပ်ခဲ့ပြီး အဲဒီလိုဆောက်လုပ်မှုတွေဟာ နောက်ဆုံးခေတ်မစားတော့တဲ့အချိန်ကျမှ ရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။ ဒီနေ့ အချိန်မှာတော့ အမေရိကန်ပြည်ထောင်စုဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာ ကူညီဆောင်ရွက်ပေးနိုင်တဲ့အနေအထား အနည်းငယ်သာရှိပါတယ်။ သမ္မတအိုဘားမားရဲ့ အာဖရိကဒေသ အင်အားကြီးမားလာရေး (Power Africa) အစီအစဉ်ဟာ ကောင်းမွန်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပေမယ့် အခုအချိန်အထိ အောင်မြင်မှုလမ်းစ မရရှိသေးပါဘူး။

ဟေတီနိုင်ငံမှာ ပို့တ်လစ်ဘာတီဆိပ်ကမ်း ဆောက်လုပ်ရေးစီမံကိန်းဟာလည်း တိုးတက်မှုမရှိဖြစ်နေဆဲပါ။

အမေရိကန်ပြည်ထောင်စုဟာ AIIB ဘဏ်မှာ ကနဦးတည်ထောင်တဲ့ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သင့်ပါတယ်။ AIIB ဘဏ်မှာပါဝင်ပြီး တရုတ်နိုင်ငံဟာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ အလုပ်သမားအခွင့်အရေးဆိုင်ရာကိစ္စရပ်တွေမှာ နိုင်ငံတကာစံနှုန်းစံထားတွေနဲ့အညီ ပိုမိုကိုက်ညီဆောင်ရွက်လာစေဖို့ တွန်းအားပေးနိုင်မှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်နိုင်ငံနဲ့ အခြားအနောက်နိုင်ငံတွေအနေနဲ့ ဘာကြောင့် နိုင်ငံတွင်းမှာရော၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာပါ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေလုပ်ဖို့ ခက်ခဲနေရတာလဲဆိုပြီး ကိုယ့်ကိုယ်ကို ပြန်ပြီး မေးခွန်းထုတ်သင့်ပါတယ်။ ဒီလိုမှမဟုတ်ရင် အာရှဥရောပဒေသနဲ့ ကမ္ဘာကြီးရဲ့ အခြားအရေးပါတဲ့ ဒေသတွေရဲ့ အနာဂတ်ဟာ တရုတ်နိုင်ငံနဲ့ သူ့ရဲ့ဖွံ့ဖြိုးတိုးတက်ရေးပုံစံအတိုင်းသာဖြစ်လာခဲ့ရင် အဲဒီဒေသတွေကို အမေရိကန်အနေနဲ့ လက်လွှတ်ဆုံးရှုံးရမှာဖြစ်ပါတယ်။

(၂၀၁၆ ခုနှစ် မေလ ၃၀ ရက်နေ့ထုတ် The South China Morning Post သတင်းစာတွင် ဖော်ပြပါရှိသော ဖရန်စစ်ဖူကူယားမား၏ China's road or the western way: whose economic development model will prevail ဆောင်းပါးအား ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ဖရန်စစ်ဖူကူယားမားသည် စတန်းဖို့ဒ်တက္ကသိုလ်၏ အကြီးတန်းသုတေသီတစ်ဦးဖြစ်ပြီး ဒီမိုကရေစီ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးစင်တာ၏ အကြီးအကဲအဖြစ် ဆောင်ရွက်လျက်ရှိသည်။)

## ကြည့်မြင်တိုင်မြို့နယ်၌ ကျောင်းပြင်ပမူလတန်းစခန်းများဖွင့်

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန ကျောင်းပြင်ပ မူလတန်းပညာရေး (N.F.P.E) မှ ကြီးကြပ်မှုဖြင့် ကြည့်မြင်တိုင်မြို့နယ် ကျောင်းပြင်ပမူလတန်းလုပ်ငန်းစခန်းများဖွင့်လှစ်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီခွဲက အထက(၁)ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနချုပ် ကျောင်းပြင်ပမူလတန်းပညာရေး (N.F.P.E) စီမံကိန်းဒါရိုက်တာ ဆရာကြီး ဦးထွန်းကြည်က ကျောင်းပြင်ပ ပညာရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ဌေးဌေးဝင်းက ကျောင်းပြင်ပပညာရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးက အလှူရှင်များ၊ သင်ကြားမည့်ဆရာ ဆရာမများနှင့် စခန်းတာဝန်ခံ (ရပ်ကွက်အုပ်ချုပ်ရေးမှူးများ)အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။




ကျောင်းပြင်ပ မူလတန်းအဖြစ် မြို့နယ်အတွင်း လှိုင်မြစ် တစ်ဖက်ကမ်းရှိ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် စာသင်ကြားနိုင်ခဲ့ခြင်းမရှိခဲ့သော ကလေး များအား စခန်းခြောက်ခု ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ရေဘေးရှောင်ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုး

**စဉ့်ကူး ဩဂုတ် ၁၂**

ပြင်ဦးလွင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်စိုး၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူးဒေါက်တာ အောင်ဝင်း၊ ဒုတိယမြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများသည် စဉ့်ကူးမြို့နယ်တွင်ဧရာဝတီမြစ်ရေလျှံတက်လာမှုကြောင့် ရေဘေးရှောင်ရောက်ရှိလာသော ဒေသခံကျေးရွာ ပြည်သူများ၏ကျွဲ၊ နွားများကို ဆေးပေးကုသခြင်းများနှင့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ကျွန်းပိုင်းကျေးရွာများဖြစ်သော ဆင်သေ၊ ရွှေဘယက်၊ ရွာသာ၊ ရွာတော်၊ ကျွန်းဦးနှင့် ဇီးကျွန်းစသည့် ရေဝင်မြေနိမ့်ပိုင်းကျေးရွာများမှ ကုန်းမြင့်ရာအရှေ့တောင်ခြေတစ်လျှောက်ရှိ ခတက်ချဉ်၊ကျောက်ငွေ့၊ နွားခြံကုန်းနှင့် ယက္ကန်းစင်ဒေသ တို့သို့ စုစုပေါင်း ကျွဲ၊နွား ၁၇၂ ကောင်တို့ကို ဒေါင့်သန်းရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းမောင်**

# နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ အတည်ပြုထုတ်ပြန်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြ

နေပြည်တော် ဩဂုတ် ၁၂

**နိုင်ငံတော်အနေဖြင့် အရအသုံးဘတ်ဂျက် အနေအထားအရ ပြည်တွင်း ပြည်ပ ကြွေးမြီများ တင်လျက်ရှိနေပါကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးခိုင်မာတောင့်တင်းမှုတို့ကို တိုင်းတာရာတွင် ကြွေးမြီအခြေအနေကိုလည်း လေ့လာ သုံးသပ်တိုင်းတာလေ့ရှိကြပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ကြွေးမြီစီမံခန့်ခွဲမှုကောင်းမွန်ရန်လိုအပ်ကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။**



ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးပဉ္စမနေ့တွင် **နိုင်ငံတော် သမ္မတထံမှပေးပို့သည့် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ အတည်ပြုထုတ်ပြန်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီးက ထိုသို့ ရှင်းလင်းပြောကြားခြင်း ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကြွေးမြီစီမံခန့်ခွဲမှု ပိုမိုထိရောက်ကောင်းမွန်ရန် ငွေတိုက်ဦးစီးဌာနဖွင့်လှစ်ပြီး ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် နည်းပညာအကူအညီများ ပေးအပ်ခဲ့ပါကြောင်း၊ ရလဒ်ကောင်းတစ်ခုမှာ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ(၁၁)တွင် အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို အနည်းဆုံးနောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နှစ်စဉ်ပုံမှန်ရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို ထုတ်ပြန်ကြေညာရမည်ဟု ပါရှိပါကြောင်း။

ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်မှာ အစိုးရ၏ဘဏ္ဍာငွေဖြည့်ဆည်းရန် လိုအပ်ချက်များနှင့် ရေတိုရေရှည် ငွေပေးချေရန်တာဝန်များကို ဆုံးရှုံးနိုင်သည်နှင့်အတူ ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေရန်နှင့် အစိုးရချေးငွေသက်သေခံလက်မှတ်များနှင့်စပ်လျဉ်းသည့် ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ရန်ဖြစ်ပါကြောင်း၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုတွင် အစိုးရကြွေးမြီများအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာချမှတ်ခြင်းနှင့် ပြည်သူ့ကြွေးမြီ တစ်ရပ်လုံးအတွက် စာရင်းမှတ်တမ်းများ ကောင်းမွန်စွာထိန်းသိမ်းထားရှိခြင်းတို့ ပါဝင်ပါကြောင်း။

ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေပုဒ်မ(၁၃)တွင် ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာ၌ ကြွေးမြီအရပ်ရပ်နှင့်စပ်လျဉ်းသည့် အန္တရာယ်ကျရောက်နိုင်မှုသည် သင့်တင့်လျောက်ပတ်သည့် အတိုင်းအတာတွင်ရှိကြောင်း၊ သေချာမှုရှိစေရန် အစိုးရကြွေးမြီအရပ်ရပ်၏ အချိုးအစားနှင့် ကြွေးမြီသစ်များ ရယူခြင်းတို့အတွက် လမ်းညွှန်တင်ပြချက်နှင့် ရည်ရွယ်ချက်သတ်မှတ်ခြင်းများ၊ အစိုးရ ငွေချေးသက်သေခံ လက်မှတ်များ၏ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန် အစီအမံများ၊ ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့် ချေးငွေအာမခံချက်များ ထုတ်ပေးခြင်းတို့အတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ ပါဝင်ပါကြောင်း၊ မဟာဗျူဟာကို အတည်ပြုပြီးသည့်အခါ အစိုးရငွေချေးယူမှုနှင့် အခြားကြွေးမြီစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို ယင်းမဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် မဟာဗျူဟာ၌ နိုင်ငံတော်၏ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ရှိ ပြည်တွင်း ပြည်ပ ကြွေးမြီလက်ကျန်အခြေအနေကို မြန်မာကျပ်ငွေ၊ အမေရိကန်ဒေါ်လာတို့ဖြင့် ဖော်ပြထားပါကြောင်း၊ ပြည်ပချေးငွေများအပေါ် အရင်းအတိုးပြန်လည်ပေးဆပ်ရမည့် အခြေအနေကို (၂၀၅၄-၂၀၅၅)ဘဏ္ဍာရေးနှစ်ထိ ခန့်မှန်းဖော်ပြထားပါကြောင်း၊ ပြည်တွင်းကြွေးမြီများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အစိုးရငွေတိုက် လက်မှတ်များ ရောင်းချ၍ ငွေချေးယူရခြင်းကို လျှော့ချနိုင်ရန် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဈေးကွက်ကို အခြေခံသည့် အစိုးရငွေတိုက်လက်မှတ်များ ထုတ်ဝေခဲ့ခြင်း၊ အစိုးရငွေတိုက်စာချုပ်များ ထုတ်ဝေခြင်းတို့အပေါ် အစီရင်ခံတင်ပြထားပါကြောင်း၊ ကြွေးမြီခံနိုင်ရည်ရှိမှု စီမံခန့်ခွဲခြင်းတွင် နိုင်ငံတော်၏ ကြွေးမြီခံနိုင်ရည်မှုအတိုင်းအတာနှင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည့် အစီအမံများကို တင်ပြထားပါကြောင်း။

ကြွေးမြီအပေါ်တွင် ဆုံးရှုံးနိုင်ခြေများဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေ၊ နိုင်ငံခြားငွေကြေးအမျိုးအစားကြောင့် ဆုံးရှုံးနိုင်ခြေ၊ အတိုးနှုန်းကြောင့် ဆုံးရှုံးနိုင်ခြေ၊ ဘဏ္ဍာငွေပြန်လည် ဖြည့်ဆည်းမှုဆုံးရှုံးနိုင်ခြေ၊ ငွေဖြစ်လွယ်မှု ဆုံးရှုံးနိုင်ခြေနှင့် လုပ်ငန်းဆောင်ရွက်မှု ဆုံးရှုံးနိုင်ခြေတို့ကို စီမံခန့်ခွဲခြင်းများနှင့်ပတ်သက်၍ ထည့်သွင်းတင်ပြထားပါကြောင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်နှင့် စပ်လျဉ်း၍ ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ လေလံစနစ်ဖြင့် ရောင်းချနိုင်သည့်အစီအစဉ်များ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ငွေချေးယူရန် လျာထားမှုအစီအစဉ်၊ ၂၀၁၆-၂၀၁၇ မှစ၍ ၂၀၁၈-၂၀၁၉ သုံးနှစ်တာ ဘဏ္ဍာနှစ်ထိ အစိုးရကြွေးမြီစီမံခန့်ခွဲမှုအတွက် ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများ ပါဝင်ပါကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်တင်ပြသည့် ၂၀၁၆ ခုနှစ် ကာလလတ်ကြွေးမြီစီမံ ခန့်ခွဲမှုမဟာဗျူဟာကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ရန်တင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏ်စိုးတို့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း (ပြင်ဆင်ချက်) နှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြား တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးတို့က ဆွေးနွေးကြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူရန် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဖွဲ့ဝင်အဖြစ် ဦးဘိုဘိုငယ်အား ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စုအတွင်းရှိ မြေရေိယာ (၉၃ ဒသမ ၃၇)ဧကကို ဝါးဒတ်ကွင်းကျေးရွာအတွင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

**ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်မှာ အစိုးရ၏ ဘဏ္ဍာငွေ ဖြည့်ဆည်းရန် လိုအပ်ချက်များနှင့် ရေတိုရေရှည် ငွေပေးချေရန် တာဝန်များကို ဆုံးရှုံးနိုင်သည်နှင့်အတူ ကုန်ကျစရိတ် အနည်းဆုံးဖြစ်စေရန်နှင့် အစိုးရချေးငွေသက်သေခံ လက်မှတ်များနှင့်စပ်လျဉ်း သည့် ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးရေးကို အားပေး မြှင့်တင်ရန်ဖြစ်**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၂**

(၁၅)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၉ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**



မြန်မာနိုင်ငံ၌ အရပ်သားအစိုးရသစ် တက်ရောက်လာပြီးနောက် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အကြား ပထမဆုံးအကြိမ် ကျင်းပသည့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲလည်း ဖြစ်သည်။

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအားလုံးအပေါ် ခင်မင်ရင်းနှီးစွာပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြရာ၊ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်များအပြန်အလှန်သွားရောက်ရေး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ စီမံခန့်ခွဲရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ဆက်သွယ်မှု ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်ကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း၊ ကောင်းစစ်ရေးရာ၊ ယဉ်ကျေးမှုအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၏ ချေးငွေအထောက်အပံ့ဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများအား ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူခဲ့ကြသည်။

နှစ်နိုင်ငံ နယ်နိမိတ်ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီထားပြီးသည့် နယ်နိမိတ်ကို အပြန်အလှန် လေးစားရေးနှင့် အငြင်းပွားဖွယ်ရာ နယ်နိမိတ်ကိစ္စများနှင့်စပ်လျဉ်း၍ နှစ်ဖက်ပူးပေါင်း ကွင်းဆင်းစစ်ဆေးကာ ဖြေရှင်းဆောင်ရွက်သွားရေး၊ နယ်စပ်ဒေသရှိ ပြည်သူများအား နယ်နိမိတ်ဆိုင်ရာ အသိပညာပေးမှုများ တိုးမြှင့်ပြုလုပ်သွားရေးနှင့် နှစ်နိုင်ငံအကြား ကျန်ရှိနေသည့် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးကိစ္စများကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ခရီးစဉ်အတွင်း ဒုတိယဝန်ကြီး ဦးကျော်တင်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဗွီကေဆင်းအား သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးများအပါအဝင် နှစ်နိုင်ငံရေးရာကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေမှု လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့အစည်းအဝေးသို့ ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာမင်းသောင် ခေါင်းဆောင်သည့် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၈၅ ဦး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါ်ခင်နွဲ့အုန်း ခေါင်းဆောင်သည့် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာ မဟာတွဲ့သင်တန်းမှ သင်တန်းသား သင်တန်းသူ ၁၀၀၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)၏ မိတ်ဆွေ ၅၀ နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)၏မိတ်ဆွေ ၂၉ ဦးအပါအဝင် ပြည်သူလူထု စုစုပေါင်း ၄၆၄ ဦး တက်ရောက်လေ့လာခဲ့ပြီး လွှတ်တော်အဆောက်အအုံများကိုလှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကိုရီးယားနိုင်ငံ CHOSUN UNIVERSITY မှ အဖွဲ့ဝင်များ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ ခွဲစိတ်ကုသမှုဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

ကိုရီးယားသမ္မတနိုင်ငံ CHOSUN UNIVERSITY မှ Associate Professor Moon Seong Yong ဦးဆောင်သော အဖွဲ့ဝင်လေးဦးသည် ဩဂုတ် ၉ ရက်မှ ၁၂ ရက်ထိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်သို့လာရောက်၍ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ ဆရာ ဆရာမများနှင့် ပူးပေါင်းပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၁၁ ဦးအား ခွဲစိတ်ပေးခြင်း၊ မေးရိုးနှင့်ခံတွင်းကင်ဆာနှင့် သွားမြစ်ဝှမ်းမေးရိုးတွင်း အဖုအကြိတ်ရောဂါရှင် နှစ်ဦးတို့အား အသားအစားထိုး အကြီးစားခွဲစိတ်ကုသမှုပေးခြင်းများကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့အစည်းအဝေးကျင်းပ

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့အစည်းအဝေး ကျင်းပစဉ်

**ရန်ကုန် ဩဂုတ် ၁၂**
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးကြီး အဆင်ပြေစွာကျင်းပနိုင်ရေး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပခဲ့ရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ အပါအဝင် စုစုပေါင်း ၁၆ ဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

"အဓိက ဒီနေ့ဆွေးနွေးတာကတော့ အရင်တုန်းက မူဘောင်တွေရေးတဲ့အခါမှာ နည်းပညာပိုင်းအရ တချို့ကိစ္စတွေမှာ ပြီးပြတ်အောင် မဆွေးနွေးနိုင်ခဲ့တာတွေရှိတယ်။ ဒါတွေကို ပြန်လည်ဆွေးနွေးနေတာဖြစ်တယ်။ အထူးသဖြင့်ကတော့ ဆုံးဖြတ်ချက်ချတဲ့ ကိစ္စတွေဆို ဘာတွေကိုဘယ်လိုလုပ်မလဲ ၊ ညှိနှိုင်းတဲ့ကိစ္စတွေကို ဘယ်လိုလုပ်မလဲ၊ ညှိနှိုင်းလို့မရရင် ဘယ်လိုလုပ်မလဲဆိုတာတွေကို ဒီကနေ့ ဝိုင်းဝန်းဆွေးနွေးခဲ့တာဖြစ်တယ်။ ဒီနေ့ဆွေးနွေးတဲ့အခါမှာ နိုင်ငံရေးဆွေးနွေးမှုမူဘောင်မှာပါရှိတဲ့ အချက်တွေကတော့ တစ်ခန်းချင်း မသွားတော့ဘူး။ တစ်ခန်းချင်းကိုတော့ အရင်ကလည်း တော်တော်များများ ဆွေးနွေးပြီးနေပြီ။ တစ်ခန်းချင်းက ဘယ်အချိန်မှ ပြန်သွားမလဲဆိုရင် လုပ်ငန်းစဉ် အစဉ်လိုက် ဘယ်ဟာကို ဘယ်လိုလုပ်မလဲဆိုတာ ပြီးပြတ်သွားပြီဆိုတော့မှ တစ်ခန်းချင်းပြန်သွားမယ်။ မနက်ဖြန် နိုင်ငံရေးပါတီတွေနဲ့ တွေ့လို့ရှိရင်လည်း ဒီ Structure တွေကို ပြန်ပြီးဆွေးနွေးဖို့ရှိတယ်။ ဒါတွေပြီးပြတ်ရင်တော့ တစ်ခန်းချင်းဆီကို ပြန်သွားဖို့ရှိတယ်။ ဒီကနေ့ဆွေးနွေးမှုက ကောင်းပါတယ်။ အများကြီးအပြုသဘောဆောင်ပါတယ်။ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေက လက်မှတ်ထိုးပြီးသား တိုင်းရင်းသားအဖွဲ့တွေနဲ့ တော်တော်များများ ညှိထားတာရှိတော့ သူတို့ ညှိထားတာရယ်၊ အစိုးရ ညှိထားတာရယ်၊ ပါတီတွေ ညှိထားတာရယ် အားလုံးပေါင်းဆွေးနွေးကြတာဖြစ်ပါတယ်။ သိပ်အများကြီး ကွာဟချက်တော့မရှိပါဘူး"ဟု ယနေ့ပြုလုပ်သည့် ဒုတိယနေ့အစည်းအဝေးနှင့်ပတ်သက်ပြီး (၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)မှ အတွင်းရေးမှူး(၂) ဒေါက်တာမင်းဇော်ဦးက မီဒီယာများ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး ဒုတိယနေ့အဖြစ် အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားပြုကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားပြုကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့အား ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယနေ့ဒုတိယမြောက် ဆွေးနွေးမှုနှင့်ပတ်သက်ပြီး ချင်းအမျိုးသားတပ်ဦး ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ဒီနေ့အဓိက ဆွေးနွေးတာကတော့ Framework ရှစ်ချက်ကို မူတည်ပြီး အဓိကဆွေးနွေးတာ ဖြစ်တယ်။ ဒီ (၂၁)ရာစု ပင်လုံညီလာခံပြီးရင် အမျိုးသားအဆင့် ဆွေးနွေးပွဲရှိတယ်။ အဲဒီဆွေးနွေးပွဲကို ချက်ချင်းလုပ်ဖို့နဲ့ ကော်မတီတွေဖွဲ့ဖို့ တိုင်းရင်းသားတွေဘက်က တောင်းဆိုထားတာရှိတယ်။ လုပ်ပေးမယ်လို့လည်း အစိုးရဘက်က သဘောတူထားတယ်။ (၂၁)ရာစု ပင်လုံညီလာခံမှာ NCA မှာ လက်မှတ်မထိုးထားတဲ့ တိုင်းရင်းသားတွေလည်း ပါဝင်ခွင့်ရမယ်။ ညီလာခံအပြီး အဲဒီအမျိုးသားအဆင့်ဆွေးနွေးပွဲတွေမှာ နောက်ပိုင်းတောက်လျှောက် တရားဝင်ပါဝင်ခွင့်ရလာအောင် ညီလာခံပြီးတာနဲ့ သူတို့လည်း သဘောတူ လက်မှတ်ရေးထိုးကြမယ်။ ရေးထိုးမယ်လို့ သူတို့က ကတိပြုထားတယ်။ ဒီပင်လုံညီလာခံနဲ့ ပတ်သက်လို့ကတော့ တိုင်းရင်းသားတွေဘက်က အချိန်ဆွဲဖို့ ရည်ရွယ်ချက်မျိုး လုံးဝမရှိပါဘူး"ဟု ပြောကြားသည်။

ဩဂုတ် ၁၃ ရက်တွင် အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ UPDJC အဖွဲ့ဝင် နိုင်ငံရေးပါတီခေါင်းဆောင်များတွေ့ဆုံကာ တတိယမြောက်နေ့အစည်းအဝေးကို ဆွေးနွေးမည်ဖြစ်ပြီး လာမည့် ဩဂုတ် ၁၅ ရက်တွင်လည်း UPDJC အစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**
မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ကေပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်-လှိုင်းဘွဲ့မြို့ | ၂၆၇၇၄ | ၁.၀၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၄၀' |
| ၃။ | ရာဇဗြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂.၂၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၂၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၃၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၅၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁.၁၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁.၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀.၆၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၈၂' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၆၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၉၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀.၂၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅.၉၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁.၄၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆.၇၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၁၀' |
| ၁၈။ | တောင်ခရမ်းရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၁၁၇၂၆ | ၀.၁၀' |
| ၁၉။ | ဝါးပါးရေလှောင်တမံ | မွန်- သထုံမြို့ | ၄၁၅၀ | ၀.၇၅' |
| ၂၀။ | ရဟိုင်းကွင်းရေလှောင်တမံ | ရခိုင်-ဂွမြို့ | ၆၂၅ | ၀.၁၀' |
| ၂၁။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၁.၀၀' |
| ၂၂။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀.၇၀' |
| ၂၃။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၀.၇၀' |
| ၂၄။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၅၀' |

(သတင်းစဉ်)



## တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေဘေးဖြစ်ပွားသည့်နေရာများအား ထောက်ပံ့ပစ္စည်းများ ဆက်လက်ထောက်ပံ့ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**
ဇူလိုင်လလယ်ခန့်မှ စတင်ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခု၌ ပြည်သူများအား ဘေးလွတ်ကင်းရာနေရာများသို့ ယာယီပြောင်းရွှေ့နေရာချထားပေးမှုများရှိခဲ့ရာ ဩဂုတ် ၁၂ ရက်အထိ အိမ်ထောင်စု တစ်သိန်းကျော်မှ လူဦးရေ လေးသိန်း သုံးသောင်းကျော်ကို ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရပြီး လူရှစ်ဦးသေဆုံးခဲ့သည်။

သို့သော် ယခုအခါ အချို့နေရာများတွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် မူလနေရာများသို့ ပြန်လည်ရွှေ့ပြောင်းလျက်ရှိရာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ ရေများ ကျဆင်းသွားပြီဖြစ်သဖြင့် ကယ်ဆယ်ရေးစခန်းများ ရုပ်သိမ်းပြီးဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၌ မြို့နယ် ၁၂ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၌ မြို့နယ် ၁၄ မြို့နယ် ရေဘေးဒဏ်ခံစားခဲ့ရပြီး ယခုအခါ ရေများပြန်လည်ကျဆင်းလျက်ရှိကြောင်းနှင့် မကွေး၊ ဆိပ်ဖြူနှင့် စလင်းမြို့နယ်တို့၌ ကယ်ဆယ်ရေးစခန်းများ မရှိတော့ကြောင်း သိရသည်။ ပဲခူးတိုင်းဒေသကြီး၌ မြို့နယ်ကိုးမြို့နယ် ရေဘေးဒဏ်ခံစားရလျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ဆဲဖြစ်ကြောင်း သိရသည်။ ဧရာဝတီတိုင်းဒေသကြီး၌ မြို့နယ် ၁၃ မြို့နယ် ရေဘေးဒဏ်ခံစားရလျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ဆဲဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၌ မြို့နယ်ငါး မြို့နယ် ရေဘေးဒဏ်ခံစားရလျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ဆဲဖြစ်ကြောင်း သိရသည်။ မွန်ပြည်နယ် သထုံမြို့နယ်၌ ရေဘေးဒဏ်ခံစားခဲ့ရပြီး ယခုအခါ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ဆန်၊ ခေါက်ဆွဲ၊ ရေသန့်၊ ငါးသေတ္တာ၊ ရေသန့်ဆေးပြား၊ ကယ်ဆယ်ရေးပစ္စည်းများ၊ မိုးကာစ၊ ရေမျောပါပျက်စီးသည့်အိမ်များအတွက် ထောက်ပံ့မှု၊ သေဆုံးသူထောက်ပံ့မှုများအတွက် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၅၂၀၀ ကျော် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးကြီးနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက် လည်းကောင်း၊ တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့၌ နေရာကွက်၍ လည်းကောင်း မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး တစ်တပ်တစ်အားပါဝင်ကူညီ



ဩဂုတ် ၁၁ ရက်က ရေဘေးသင့်ပြည်သူများအတွက် ရေဝတီဖောင်ဒေးရှင်း၊ **Max Myanmar Holding** နှင့် ရေဝတီဘဏ်ဝန်ထမ်းမိသားစုများမှ ဆန်အိတ် ၃၀နှင့်ဆီ ၁၀ ပိဿာဝင် ၁၀ ပုံးစီ ပေးအပ်လှူဒါန်းစဉ်



ရန်ကုန်-ပုသိမ်ကားလမ်းရေကျော်မှုအား သဲအိတ်ချခြင်းနှင့် ကျောက်စီခြင်းလုပ်ငန်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ဆောင်ရွက်ပေးစဉ်



ဩဂုတ် ၁၁ ရက်က ရထားရဲစခန်းမှူး ရဲအုပ်မောင်မောင်တာနှင့် တပ်ဖွဲ့ဝင်များ ဝန်တာ အိလျှောကျသည့် နေရာများအား သဲအိတ်များဖြင့် ပြင်ဆင်ဆောင်ရွက်စဉ်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်လှေဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီပြောင်းရွှေ့ပေးစဉ်



ဩဂုတ် ၁၁ ရက်က ဥတို-အဖျောက် ကားလမ်းရေကျော်စဉ် တပ်မတော်သားများနှင့် လူမှုရေးအဖွဲ့စည်းများက ခရီးသွားပြည်သူများအား ကူညီဆောင်ရွက်ပေးစဉ်



ဩဂုတ် ၁၂ ရက်က အမှတ် (၆) စစ်မြေပြင်ဆေးတပ်ရင်း စစ်ဘက်ရေးရာပါရဂူအဖွဲ့မှ ညောင်တုန်း ရေဘေးရှောင်ပြည်သူများအား အခမဲ့ဆေးကုသဆောင်ရွက်ပေးစဉ်





အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ရေတိုက်စားသွားသော တံတားအား ယာယီပြန်လည်တည်ဆောက်ပေးစဉ်

ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ရေတိုက်စားသွားသည့် တာပေါင်များအား သဲအိတ်များဖြင့် တာဖို့ဆောင်ရွက်စဉ်

# ကနေဒါ၌ ဗုံးဖောက်ခွဲရန် ကြံစည်သူကို ရဲများက အသေပစ်ခတ်ဖမ်းဆီး

**အန်တေရီယို ဩဂုတ် ၁၂**

ဗုဒ္ဓဟူးနေ့က အန်တေရီယို၌ ကနေဒါရဲများ၏ စီးနင်းတိုက်ခိုက်မှုကြောင့် ၎င်း၏နေအိမ်၌ သေဆုံးခဲ့သည့် အမျိုးသားမှာ အိုင်အက်စ် အစွန်းရောက်အဖွဲ့ကို ထောက်ခံအားပေးသူ တစ်ဦးဖြစ်ပြီး ကနေဒါနိုင်ငံရှိ မြို့ကြီးတစ်ခု၌ ပြည်တွင်းလုပ်လက်ပစ်ဗုံးဖြင့် တိုက်ခိုက်မှုကျူးလွန်ရန် စီစဉ်ကြံစည်နေသူဖြစ်ကြောင်း ရဲအဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုကို ကြံစည်နေကြောင်း ဗီဒီယိုဖိုင်တစ်ခု အပါအဝင် အရေးကြီးသည့် သတင်းအချက်အလက်ကို အာဏာပိုင်များထံမှ ရရှိပြီးသည့်နောက် မြို့ငယ်တစ်ခုဖြစ်သည့် စထရက်ထရွိုင်ရှိ အာရွန်ဒရိုင်ဘာ၏ အိမ်သို့ ရဲများက သွားရောက်ဖမ်းဆီးခဲ့ကြောင်း တော်ဝင်ကနေဒါရဲတပ်ဖွဲ့ (RCMP) က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။



ရဲများက ၎င်းအသုံးပြုသည့် တက္ကစီကားနောက်ခန်းတွင် ဖောက်ခွဲပစ္စည်း တစ်ခု ထည့်ပိတ်ထားခဲ့ရာမှ ပေါက်ကွဲကာ ကားဒရိုင်ဘာသေဆုံးခဲ့သည်ဟု RCMP က အော့တဝါ၌ ပြောကြားခဲ့သည်။

(ရိုက်တာ)

# ဖိလစ်ပိုင်နိုင်ငံ ပါရန်မြို့ အကျဉ်းထောင်တွင် ပေါက်ကွဲမှုဖြစ်ပွား၊ ၁၀ဦးထက် မနည်းသေဆုံး

**မနီလာ ဩဂုတ် ၁၂**

ဖိလစ်ပိုင်နိုင်ငံ ပါရန်မြို့အကျဉ်းထောင်တွင် ဩဂုတ် ၁၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး တရုတ်အကျဉ်းသားနှစ်ဦးအပါအဝင် ၁၀ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရေဒီယိုဒီဇက်ဇ်ဘီဘီက ဩဂုတ် ၁၂ရက်တွင် ကြေညာခဲ့သည်။

ပါရန်မြို့တော်ဝန် အက်ဒဝန် အိုလီဗာရက်ဇ်နှင့် ရဲများ၏ပြောကြားချက်ကို ကိုးကား၍ ပေါက်ကွဲမှုသည် ထောင်စောင့်ရုံးထဲ၌ ဒေသစံတော်ချိန် ည ၈ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြခဲ့သည်။

ထောင်စောင့်တွင်လည်း ဒဏ်ရာများရရှိထားကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ မြို့တော်အကျဉ်းထောင် အနီးဝန်းကျင်ဒေသများတွင် နေထိုင်သူများက ထောင်အတွင်း သေနတ်ပစ်ခတ်သံများကြားရပြီး သုံးကြိမ်ထက်မနည်း ပေါက်ကွဲသံများကြားရကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်များကို ကိုးကား၍ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ရဲများက ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း ဖော်ပြခဲ့သည်။

(ဆင်ဟွာ)

# ထိုင်းနိုင်ငံရှိ အဆင့်မြင့် ဟွာဟင်အပန်းဖြေစခန်း၌ ပေါက်ကွဲမှုဆင့်ကဲဖြစ်ပွား၊ တစ်ဦးသေဆုံး

**ဗန်ကောက် ဩဂုတ် ၁၂**

ထိုင်းနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများ လာရောက်အပန်းဖြေရာ အထင်ကရနေရာသုံးခုတွင် ကြာသပတေးနေ့နှင့် သောကြာနေ့က ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး လူတစ်ဦး သေဆုံးကာ လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

ယင်းပေါက်ကွဲမှုတွင် ထိုင်းအမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများတွင် နိုင်ငံခြားသား ၁၀ဦးထက်မနည်းပါဝင်ခဲ့ကြောင်း ရဲဘက်နှင့် ဆေးရုံဆိုင်ရာသတင်းရင်းမြစ်များတွင်ဖော်ပြသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံများတွင် ဆေးဝါးစောင့်ရှောက်မှုပြုလုပ်နေကြောင်း သိရသည်။

ပြည်သူ့ဆန္ဒခံယူပွဲ၌ စစ်တပ်က ကျောထောက်နောက်ခံပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်ခံရန် နိုင်ငံအတွင်း မဲပေးပြီးသည့်နောက်ပိုင်းရက်အတွင်း ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကြာသပတေးနေ့နောက်ပိုင်း၌ ပေါက်ကွဲမှုနှစ်ခု ဆင့်ကဲဖြစ်ပွားကာ လူတစ်ဦးသေဆုံးခဲ့ပြီးနောက် သောကြာနေ့နံနက်ပိုင်းတွင် ဗန်ကောက်မြို့တောင်ဘက် ၂၀၀ ကီလိုမီတာ (၁၂၅) မိုင်အကွာခန့်ရှိ ဟွာဟင်အဆင့်မြင့်အပန်းဖြေစခန်း၌ ဗုံးပေါက်ကွဲမှုနှစ်ခု ဆင့်ကဲဖြစ်ပွားခဲ့သည်။

သောကြာနေ့ဗုံးပေါက်ကွဲမှုကြောင့် ဟွာဟင်ရှိ မြို့လယ်နာရီစင်အနီး ဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့သည်။ နိုင်ငံခြားသားများကို ဦးတည်ဖောက်ခွဲမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အပန်းဖြေစခန်းတွင် နိုင်ငံခြားသားအကြိုက် စားသောက်ဆိုင်များနှင့် ဘားများအများအပြားရှိကြောင်း သိရသည်။

ဖောက်ခွဲမှုကို မည်သူကပြုလုပ်ပြီး မည်သူ့တွင် တာဝန်ရှိကြောင်းမသိရသေးပေ။ ဟွာဟင်တွင် ထိုင်းတော်ဝင်မိသားစုများအတွက် နန်းတော်တစ်ခုရှိပြီး လုံခြုံရေးကောင်းမွန်မှုကြောင့် နာမည်ကြီးကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)




# မီတာ ၂၀၀ အလွတ်တန်းရေကူးပြိုင်ပွဲ ရွှေတံဆိပ်ဆု အမေရိကန်အိုလံပစ်ကစားသမား မိုက်ကယ်ဖဲလ်ရရှိ



**ရီယိုဒီဂျနေရိုး ဩဂုတ် ၁၂**

အမေရိကန်နိုင်ငံမှ အိုလံပစ်ကစားသမား မိုက်ကယ်ဖဲလ်သည် ၎င်း၏ပြိုင်ပွဲဝင် သက်တမ်းတစ်လျှောက် ၂၂ ခုမြောက် ဆုတံဆိပ်ရရှိခဲ့ပြီးနောက် ကြာသပတေးနေ့က မီတာ ၂၀၀ တစ်ဦးချင်း အလွတ်ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုထပ်မံရရှိကာ အားကစားပြိုင်ပွဲလေးခုတွင် ရွှေတံဆိပ်ဆုလေးခုရရှိသည့် ပထမဆုံးသော ရေကူးချန်ပီယံ ဖြစ်လာခဲ့သည်။

ဂျပန်နိုင်ငံမှ ချန်ပီယံကို ဆူကီဟာဂီနိုက ငွေတံဆိပ်ဆုရရှိပြီး တရုတ်နိုင်ငံမှ ပြိုင်ပွဲဝင် ဝမ်ရှန်က ကြေးတံဆိပ်ရရှိခဲ့သည်။ ယခုအနိုင်ရရှိမှုသည် အသက် ၃၁ နှစ်ရှိပြီဖြစ်သည့် ဖဲလ်အတွက် အံ့မခန်းရေကူးယှဉ်ပြိုင်မှုဖြစ်သည်။

နှစ်နှစ်ကြာ ဝင်ရောက်ယှဉ်ပြိုင်မှု ရပ်နားထားပြီးသည့်နောက် ၎င်း၏ ငါးကြိမ်မြောက်အိုလံပစ်ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မှုတွင် တစ်ဦးချင်း ယှဉ်ပြိုင်မှု ရွှေတံဆိပ်နှစ်ခုနှင့် အုပ်စုလိုက်ယှဉ်ပြိုင်မှု ရွှေတံဆိပ်နှစ်ခုတို့ကို ဆွတ်ခူးရရှိခြင်းဖြစ်သည်။

ဖဲလ်သည် ယခုအခါ ဆုတံဆိပ်ပေါင်း ၂၆ ခုကို လက်ဝယ်ပိုင်ဆိုင်ထားပြီဖြစ်ပြီး ၎င်း၏ ဆုတံဆိပ်များအနက် ရွှေတံဆိပ် ၁၃ ဆုကို တစ်ဦးချင်းပြိုင်ပွဲများမှ ရရှိခဲ့ပြီး ကျန်သည့်ဆုတံဆိပ်များကို အုပ်စုလိုက်ပြိုင်ပွဲများမှ ရရှိခဲ့ခြင်းဖြစ်သည်။

ဖဲလ်က "ပြိုင်ပွဲအပြီးမှာ ကျွန်တော့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပြီး ခြေထောက်တွေလည်း နာကျင်ခဲ့ရပါတယ်"ဟု သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဖဲလ်သည် ၂၀၁၂ ခုနှစ်က လန်ဒန်၌ ရွှေတံဆိပ်လေးခု ဆွတ်ခူးခဲ့ပြီးဖြစ်သော်လည်း ၎င်းအနေဖြင့် ပြင်ဆင်လေ့ကျင့်ခဲ့မှုအပေါ် အားရကျေနပ်မှုမရှိကြောင်း ပြောကြားခဲ့သည်။

(ရိုက်တာ)

# ထိုင်းနိုင်ငံတောင်ပိုင်းဒေသများတွင် နိုင်ငံလုံခြုံမှုရရှိရန် အကောင်းဆုံးလုပ်ဆောင်မည်ဖြစ်ကြောင်း

## ဝန်ကြီးချုပ် ပရာယုသ်ချန်အိုချာပြော

**ဗန်ကောက် ဩဂုတ် ၁၂**

ဟွာဟင်ကမ်းခြေအပန်းဖြေစခန်း ပေါက်ကွဲမှုဖြစ်ပြီးနောက် ထိုင်းနိုင်ငံ တောင်ပိုင်းဒေသတွင် ဩဂုတ် ၁၂ရက် (ထိုင်းဘုရင်မ ဆီရီခေတ်၏ ၈၄ နှစ်မြောက် မွေးနေ့သို့မဟုတ် အမေနေ့)က ဗုံးများအဆက်မပြတ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီက ထိုင်းနိုင်ငံတောင်ပိုင်း ဆူရက်တနီတွင် ဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး သုံးဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒေသစံတော်ချိန် နံနက် ၈နာရီ ၄၁ မိနစ်ကလည်း ဖူးခက်ပါတောင် ကမ်းခြေအနားတွင် ဗုံးနှစ်လုံးဆက်တိုက်ပေါက်ကွဲခဲ့ကြောင်း၊ ထိုသို့ပေါက်ကွဲရာတွင် မော်တော်ဆိုင်ကယ် အငှားယာဉ်မောင်းသမားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်က ဟွာဟင်၌လည်း ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲခန့်တွင် ဖန်ငွ၌ ဗုံးများအဆက်မပြတ် ပေါက်ကွဲခဲ့ရာ ဒဏ်ရာရရှိသူ တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

သို့သော်လည်း ထိုင်းအစိုးရအနေဖြင့် နိုင်ငံလုံခြုံမှုရရှိရန် အကောင်းဆုံးလုပ်ဆောင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယုသ်ချန်အိုချာက ပြောကြားခဲ့သည်။

(ဆင်ဟွာ)




## လူငယ်တို့အတွက် ဘဝခွန်အားပြောစကားများ




လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ လူထုဟောပြောပွဲများ၌ လူငယ်များအား စိတ်ခွန်အားဖြစ်စေရန် ပြောကြားခဲ့သည့် အတွေးစာစု၊ ဒဿနများကို ဖိုးစိုင်း(ဂျာနယ်လစ်)က စုစည်း ကောက်နုတ်ဖော်ပြထားသည်။ ခေတ်ပြောင်း၊စနစ်ပြောင်းတွင် တိုင်းပြည်တစ်ပြည်၏ သယံဇာတများဖြစ်သည့် ကျောင်းသား လူငယ်များအနေဖြင့် တိုင်းပြည်တာဝန်ကို တစ်နိုင်တစ်ပိုင် သယ်ပိုးဆောင်ရွက်နိုင်စေရန် စိတ်ခွန်အားအထောက်အကူဖြစ်စေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း စာရေးသူက အမှာစာရေးသားထားသည်။ မဇ္ဈိမစာပေ၊ ရန်ကုန်မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၀၀၀ ဖြစ် သည်။

## အညာသားယဉ်ကျေးမှုနှင့်အခြားဆောင်းပါးများ




မောင်သာ(ရှေးဟောင်းသုတေသန ) ရေးသားသည့် အညာသားယဉ်ကျေးမှုနှင့် အခြားဆောင်းပါးများစာစဉ်(၁) ထွက်ရှိလာသည်။ သမိုင်း မတင်မီခေတ်၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှသည် သမိုင်းတင်ပြီး ယနေ့အထိ အခြားနိုင်ငံသားများမပါဘဲ အတူတကွနေထိုင်လာကြသူများဖြစ်ကြောင်း ကောက်ချက်ချဆွဲယူနိုင်မည့်စာအုပ်ကောင်းတစ်အုပ်ဟု ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအေးမြင့်ကြူက ဂုဏ်ပြုချီးကျူးထားသည်။ ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းလိုစိတ်၊ မြန်မာနိုင်ငံသားဖြစ်ရခြင်းကို ဂုဏ်ယူလိုစိတ်များ ပျိုးထောင်ပေးနိုင်မည့် စာအုပ်ဖြစ်ပြီးရှေးဟောင်း သုတေသနပညာရပ်ကို ခုံမင်သူများအတွက် လမ်းညွှန်စာအုပ်ဖြစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ဝေသည်။

## ရှေးဟောင်းပျူတို့၏မြေ သရေခေတ္တရာ




ကြည်စိုးသောင်း ရေးသားသည့် ရှေးဟောင်းပျူတို့၏မြေ သရေခေတ္တရာ စာအုပ်တွင် စိတ်ဝင်စားဖွယ် သမိုင်း ဒဿန၊သမိုင်းဗေဒနှင့် သရေခေတ္တရာဆိုင်ရာ အတွေးစာစုများကို ဖတ်ရှုနိုင်သည်။ နိုင်ငံတည်ဆောက်ရေးသမိုင်းတွင် တွေးဆ ဆင်ခြင်ဖွယ်ဖြစ်သည်။ ပညာ၊ တရားမျှတမှု ၊ ယဉ်ကျေးမှု အစစ်အမှန်၊ နိုင်ငံရေးအတွေးအခေါ်၊ နိုင်ငံသားတို့၏ စိတ်နေစိတ်ထား၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူ့အကျိုးဖော်ဆောင်မှု၊ ဘာသာစကားနှင့် စာပေ၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်အပေါ် တန်ဖိုးထားမှု၊ စဉ်းစား ဆင်ခြင်မှုပညာနှင့် သမိုင်း ဒဿနပညာတို့၏အရေးကြီးပုံကို နှလုံးသွင်းဆင်ခြင်မိစေမည့်စာအုပ်ဖြစ်သည်ဟု ဒဂုံတက္ကသိုလ် ဒဿနိကဗေဒ ပါမောက္ခဌာနမှူး ဒေါက်တာဆန်းထွန်းက အမှာစာဖော်ပြထားသည်။ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် စွယ်တော်စာပေမှထုတ်ဝေသည်။

## ငြိမ်းချမ်းရေးရမှုဖြစ်မယ်




အမျိုးသားစာပေဆုရစာရေးဆရာမောင်မိုးယံ၏ ငြိမ်းချမ်းရေးရမှုဖြစ်မယ်စာအုပ် မောင်မိုးယံစာပေမှ ထွက်ရှိလာသည်။ ဝတ္ထုတို ၁၆ ပုဒ် ပါရှိသည်။ “အမေဆိုသည့် မြင့်မြတ်သောမဟေသီ”တွင် ပေးဆပ်သူ မိခင်တို့၏နှလုံးသားအလှကို ဖော်ကျူးထားသည်။ “သူလိုလူစားရှိသလား” တွင် ဝန်ထမ်းဘဝ၏ အဆောင်အယောင် ကင်းမဲ့မှုနှင့် ရုန်းကန်လှုပ်ရှားရသည့် ဘဝအခြေအနေအဖုံဖုံ၊ “လူ့ဘဝ အဓိပ္ပာယ်”တွင် ပရဟိတသမားတစ်ဦး၏ ခံယူချက်နှင့် ရှင်သန်နေထိုင်ခြင်း အနှစ်သာရစသဖြင့် စိတ်ဝင်စားဖွယ် ရေးသားထားသည်။ စာဖတ်သူအား ခံစားမှုရသမျိုးစုံကို ပေးစွမ်းနိုင်မည့် စာအုပ်ဖြစ်ပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြစ်သည်။

## ပင်လယ်ပြင်မှလှိုင်းသံများ




ကပ္ပတိန်သာစိန်၏ပင်လယ်ပြင်မှ လှိုင်းသံများစာအုပ်တွင် ပင်လယ်ပျော် သင်္ဘောသားတို့၏ ဘဝအတွေ့အကြုံများ၊ ရေပြင်ဖြတ်ကျော်စွန့်စားမှုများ ထင်ဟပ်နေသည့်ဝတ္ထုတိုအပုဒ် ၂၀ ကို စုစည်းထားသည်။ မြန်မာနိုင်ငံတွင် သင်္ဘောလိုက်ခြင်း ခေတ်စားလာသည်နှင့်အမျှ ငါးပွက်ရာငါးစာချသည့် သင်္ဘောကုမ္ပဏီအယောင်ဆောင်သမား စီးပွားရေးသမားများ၏အန္တရာယ်၊ ပျော်ရွှင်မှုနောက်လိုက်ရင်း ဘဝနိဂုံးချုပ်ကြသူများစသည်ဖြင့် သင်ခန်းစာယူဖွယ် ဖြစ်ရပ်များကို စိတ်ဝင်စားဖွယ် ဖတ်ရှုရမည့် စာအုပ်ဖြစ်သည်။ အောင်သီဟစာပေ (၂၇၈) ၇ လမ်း ၁၁ ရပ်ကွက် တောင်ဥက္ကလာပမှ ဖြန့်ချိထားပြီး တန်ဖိုးငွေကျပ် ၂၅၀၀ ဖြစ်သည်။

## ဇီဝဇိုးငှက် လျှို့ဝှက်ချက်




ဒေါက်တာတင့်ဆွေရေးသားသော ဇီဝဇိုးငှက်လျှို့ဝှက်ချက်စာအုပ်တွင် မြန်မာနိုင်ငံအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်တစ်ခုကို မိတ်ဆက်ထားသည်။ စာအုပ်တွင် ဇီဝဇိုးငှက်တို့၏ သဘာဝများ၊ငှက်သိုက်အကြောင်းသိကောင်းစရာ၊ ငှက်မြည်သံဖြင့်ခေါ်ယူမွေးမြူသည့် ခေတ်မီနည်းပညာများ၊ ငှက်သိုက်ဈေးကွက် အစရှိသော လူသိနည်းသည့် အကြောင်းအရာများကို ဖော်ထုတ်ထား ရုံသာမက ငှက်သိုက်လုပ်ငန်းသည် အကုသိုလ်အလုပ်မဟုတ်ကြောင်းကိုလည်း ရှင်းလင်းတင်ပြထားသည်။

ထို့ပြင် စာရေးသူကိုယ်တိုင်က ဇီဝဇိုးငှက်များကို မွေးမြူထားသည့်အတွက် လက်တွေ့အတွေ့အကြုံများကိုပါ ထည့်သွင်းထားကြောင်း တွေ့ရသည်။ မျိုးဆက်သစ်စာပေ ဖုန်း ၀၉-၄၂၀၀၃၀၆၈၈ မှ ဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၂၅၀၀ ဖြစ်သည်။

# ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထပ်မံထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၁၂**

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနက် သက်ဆိုင်ရာဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိပြီး ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများစာရင်းကို ယမန်နေ့က ထပ်မံထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာစာဘာသာရပ်တွင် ပထမဆုကို မသင်းသန္တာအေး (ဘ) ဦးအေးပို၊ အထက (၁) ဟင်္သာတ ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုကို မောင်အောင်မြင့်ထွန်း (ဘ) ဦးတင်ဝင်း၊ အထက (၂) လမ်းမတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုကို မသော်သော်ဟန် (ဘ) ဦးကျော်မိုးဦး၊ အထက(၂) လသာ၊ ရန်ကုန်တိုင်းဒေသကြီးတို့က လည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်တွင် ပထမဆုကို မဆုမွန်(ဘ) ဦးအောင်မြင့်သိန်း၊ အထက (၁) ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မကေရီဦး (ဘ) ဦးတင်ဦး၊ အထက (၁) ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုကို မောင်မိုးစံထွဋ် (ဘ) ဦးစံလူလူ၊ အထက (၂) ဗိုလ်တထောင်၊ ရန်ကုန်တိုင်းဒေသကြီးတို့က လည်းကောင်း၊ သင်္ချာဘာသာရပ်တွင် ပထမဆုကို မောင်အောင်သန့်ကျော်(ဘ) ဦးရန်ကွေစု၊ အထက (၃) မြစ်ကြီးနား၊ ကချင်ပြည်နယ်၊ ဒုတိယဆုကို မငြိမ်းဆုသာ (ဘ) ဦးမောင်ငြိမ်း၊ အထက (၁) တာမွေ၊ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုကို မမို့ရည်သန့် (ဘ) ဦးခင်မောင်လေး၊ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း၊ မလှိုင်မြို့ မန္တလေးတိုင်းဒေသကြီး၊ မစိမ့်ဟန်နီတင် (ဘ) ဦးတင်စိုး၊ အထက (၂) ကမာရွတ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မောင်ကောင်းမွန်ထက် (ဘ) ဦးတင်ဦး၊ အထက (၁) ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မဟန်နီအောင် (ဘ) ဦးခင်ဇော်အောင်၊ အထက(၂) ပုသိမ်၊ ဧရာဝတီတိုင်းဒေသကြီးတို့က လည်းကောင်း၊ ဓာတုဗေဒဘာသာရပ်တွင် ပထမဆုကို မောင်အောင်သန့်ကျော် (ဘ) ဦးရန်ကွေစု၊ အထက (၃) မြစ်ကြီးနား၊ ကချင်ပြည်နယ်၊ ရူပဗေဒဘာသာရပ်တွင် ပထမဆုကို မအိရတနာနိုင် (ဘ) ဦးမျိုးနိုင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဇီဝဗေဒဘာသာရပ်တွင် ပထမဆုကို မဆုမွန် (ဘ) ဦးအောင်မြင့်သိန်း၊ အထက (၁) ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပထဝီဝင်ဘာသာရပ်တွင် ပထမဆုကို မောင်ဖြိုးဝေအောင် (ဘ) ဦးဘအေး၊ အထက(ခွဲ) လက်ပန်း၊ ဆောမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ သမိုင်းဘာသာရပ်တွင် ပထမဆုကို မောင်ကိုစိန် (ဘ) ဦးသိန်းတန်၊ အထက၊ ကျုံတနီး၊ ဓနုဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘောဂဗေဒဘာသာရပ်တွင် ပထမဆုကို မခိုင်စပယ်သိန်း (ဘ) ဦးဝင်းသိန်း၊ ပြင်ပဖြေ၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တို့က လည်းကောင်း ရရှိကြသည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ဩဂုတ် ၁၉ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်စုပေါင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ၀၁-၃၇၆၅၆၉ နှင့် စီမံရေးရာဌာန ၀၁-၃၈၀၄၄၉၊ ၀၁-၃၇၄၅၃၂ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

**(သတင်းစဉ်)**

# စာသင်ကျောင်းများအား ရုပ်ပုံစာအုပ်များ၊ ပုံပြင်စာအုပ်များငှားရမ်းပေးမည်

**မင်းလှ ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်း (SVA) အဖွဲ့တို့ ပူးပေါင်း၍ စာသင်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများကို အတန်းပညာသင်ကြားနိုင်ရုံသာမက စာပေဗဟုသုတ အသိပညာတိုးပွားစေရန်အတွက် ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းက ရုပ်ပုံစာအုပ်များ၊ ပုံပြင် စာအုပ်များ ငှားရမ်းထားရှိပေးရန် ပလတ်စတစ်ပုံးများအတွင်းသို့ စိစစ်ထည့်သွင်းဆောင်ရွက်လျက် ရှိသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများက ပလတ်စတစ်ပုံးများအတွင်း၌ နံ့ရုံကပ်စာအုပ်စဉ်၊ ရွှေ့လျားစာကြည့်တိုက်ညွှန်ကြားမှုစာအုပ်၊ စာကြည့်တိုက် လုပ်ငန်း လုပ်ဆောင်ညွှန်ကြားမှုစာအုပ်နှင့်ရုပ်ပုံစာအုပ်များ၊ ပုံပြင်စာအုပ် ၇၀ ခန့်ပါရှိသည့် ပုံးငါးပုံးကို တစ်လလျှင်စာသင်ကျောင်းငါးကျောင်းသို့ သွားရောက်ပြီး တစ်ကျောင်းလျှင်တစ်ပုံးစီ ၁၅ ရက်သို့မဟုတ် ရက် ၂၀ ကျောင်းသားကျောင်းသူလေးများ စာဖတ်စေရန် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း ကျန်ရှိနေသောကျောင်းများကို အလှည့်ကျ ရွှေ့လျားငှားရမ်းပေးသွားမည်ဟု သိရသည်။

**ပေါက်စ(မင်းလှ)**

# ကူးစက်ရောဂါကြောင့် ၄၁ ဦးသေဆုံးခဲ့သော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အမတ်များက နေ့တွက်ခစုပေါင်းလှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၁၂**

ကူးစက်ရောဂါကြောင့် ကလေးငယ်နှင့် သက်ကြီးရွယ်အို ၄၁ ဦး သေဆုံးခဲ့သောနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အမတ်များက နေ့တွက်ခ ၂၀၀၀၀ စီကို စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး နောက်ဆုံးနေ့ဖြစ်သော ဩဂုတ် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၉၈ ဦး၏ နေ့တွက်စရိတ် ၁၉ သိန်း ၆ သောင်း ကို လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေးကျင်းပစဉ်ကလည်း ရေဘေးသင့်ပြည်သူများကို ယခုကဲ့သို့ နေ့စဉ်စရိတ်များ စုပေါင်းလှူဒါန်းခဲ့ဖူးကြောင်း သိသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇွန်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၆၀၇ ဒသမ ၅၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၉ ဒသမ ၃၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၄၆ ဒသမ ၉၁ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၃ ဒသမ ၈၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၈ ဒသမ ၆၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၂ ဒသမ ၄၉ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇွန်လအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၄၅၉ ဒသမ ၄၀ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၆၅ ဒသမ ၅၈ သန်းဖြစ်ပေါ် ခဲ့သည်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၅၂ ဒသမ ၈၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၄ ဒသမ ၈၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၂၇ ဒသမ ၆၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၂၃ ဒသမ ၅၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၄ ဒသမ ၂၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၇၇ ဒသမ ၈၁ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၆၅၀၅ ဒသမ ၄၅ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၀၅၀ ဒသမ ၁၇ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(သတင်းစဉ်)**

# ဇေယျာရွှေမြေအသင်းက ငှားရမ်းထားသောအားကစားကွင်းကို မုံရွာပြည်သူ့အားကစားကွင်းအဖြစ်လွှဲပြောင်း

**မုံရွာ ဩဂုတ် ၁၂**

ဒုတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ဩဂုတ် ၈ ရက်က မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်အောင်ကြည်၏ အရေးကြီးအဆိုအဖြစ် တင်သွင်းသော ဇေယျာရွှေမြေအသင်းက ငှားရမ်းသုံးနေသော အားကစားကွင်းကို မုံရွာပြည်သူ့အားကစားကွင်းအဖြစ် ပြန်လည်လွှဲပြောင်းပေးပါရန်အဆိုနှင့် မုံရွာမြို့လယ် ဆူးလေကုန်းရပ်ကွက်အတွင်း လူနေထူထပ်ရာနှင့် မူလတန်းကျောင်းနှင့် ကပ်နေသော စက်သုံးဆီဆိုင်တည်ဆောက်နေခြင်းကို အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ဆီဆိုင်ဆောက်လုပ်ခြင်းကို ရပ်ဆိုင်းသင့်ကြောင်းအဆိုအား တိုင်းဒေသကြီးလွှတ်တော်က ဩဂုတ် ၁၁ ရက် စတုတ္ထနေ့တွင် အတည်ပြုဆုံးဖြတ်ကြောင်း သိရသည်။

မုံရွာပြည်သူ့အားကစားကွင်းကို ၂၀၀၇ ခုနှစ်မှစတင်၍ ဇေယျာရွှေမြေအသင်းကို စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုသည်ဟုဆိုကာ အခမဲ့သုံးနှစ်ဆက်တိုက် ငှားရမ်းခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်မှစတင်၍ နှစ်သုံးဆယ်စာချုပ်ဖြင့် ငှားရမ်းသုံးစွဲခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ငှားရမ်းသည့်ဘောလုံးကွင်းကို အငှားချထားခြင်းခံရသူက ငှားရမ်းစာချုပ်ပါရည်ရွယ်ချက်အတိုင်း ဘောလုံးကလပ်အသင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိလျှင်သော်လည်းကောင်း နိုင်ငံတော်က ငှားရမ်းသည့်ကာလအတွင်း ပြန်လည်ရယူပိုင်ခွင့်ရှိကြောင်း သိရသည်။ အဆိုပါအချက်အရ ဇေယျာရွှေမြေကလပ်အသင်းသည် စတင်ငှားရမ်းသည့် ၂၀၁၀ မှ ၂၀၁၆ ခုနှစ်အတွင်း သိသာထင်ရှားသည့် အောင်မြင်မှုမျိုးမရှိခဲ့သည်ကို တွေ့ရသလို ဘောလုံးအားကစားပိုမိုတိုးတက်အောင်စွမ်းဆောင်နိုင်ခြင်းမရှိသည်ကို တွေ့ရသောကြောင့် စာချုပ်ပါအချက်အရ ငှားရမ်းကာလအတွင်း ပြန်လည်ရယူပိုင်ခွင့်ရှိကြောင်း ဒေါ်အောင်ကြည်တင်သွင်းခဲ့သော အဆိုမှ သိရသည်။

ထို့ပြင် မုံရွာမြို့လယ် ဆူးလေကုန်းရပ်ကွက် စက်သုံးဆီအရောင်းဆိုင်သည် စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ရာတွင် အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ယခင်အစိုးရလက်ထက် မြို့နယ်စည်ပင်ဥက္ကဋ္ဌ ခွင့်ပြုထားသော စက်သုံးဆီအရောင်းဆိုင် ဆောက်လုပ်နေခြင်းကို ရပ်ဆိုင်းရန်အများပြည်သူများ၏ဆန္ဒ၊ မူလတန်း ကျောင်းမိဘဆရာအသင်း၏ဆန္ဒ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏သဘောဆန္ဒအရ စက်သုံးဆီဆိုင်တည်ဆောက်နေခြင်းကို တိုင်းဒေသကြီးလွှတ်တော်က ရပ်ဆိုင်းရန်အတည်ပြုဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# သရက်၌ ဧရာဝတီမြစ်ရေ ကျဆင်းပြီဖြစ်၍ ကျောင်းများပြန်ဖွင့်

**သရက် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် စမ်းအိုင့်ကျေးရွာ၌ ဧရာဝတီမြစ်ရေ မြင့်တက်လာ၍ စမ်းအိုင့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်း ဧရာဝတီမြစ်ရေဝင်ရောက်ကာ ကျောင်းများတက်မရသဖြင့် ဩဂုတ် ၁ ရက်က ကျောင်းများ စတင်ပိတ်ထားခဲ့ပြီး ယခု ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းသွားသဖြင့် စာသင်ကျောင်းတွင်တင်ရစ်သည့် နွန်းများ၊ ရွှံ့များပြန်လည်ရှင်းလင်းခြင်းလုပ်ငန်းများ၊ ကျောင်းသားကျောင်းသူများ သွားလာရေး အဆင်ပြေရန်အတွက် ကျောင်းတွင်းသွားရောက်သည့် လမ်းအား မြစ်သဲများချခြင်းလုပ်ငန်းများကို ယမန်နေ့က ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာနေ ပြည်သူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

စမ်းအိုင့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို မြစ်ရေပြန်လည်ကျဆင်း၍ သန့်ရှင်းရေးဆောင်ရွက်ပြီးစီးခဲ့သဖြင့် ယနေ့မှစတင်၍ ဖွင့်လှစ် ပေးခဲ့ရာ ကျောင်းသားကျောင်းသူများ စာသင်ကျောင်းသို့ ပျော်ရွှင်ချမ်းမြေ့စွာ တက်ရောက်လျက်ရှိ ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ချောင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားသော လမ်းတံတားများ ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ ဩဂုတ် ၁၂**

ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားသော ကျေးလက်လမ်းနှင့် တံတားများ အခြေအနေကို သိရှိရန်အတွက် ပခုက္ကူခရိုင် ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးလက်လမ်းများကို ဩဂုတ် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ရေစကြိုမြို့နယ် ဆင်ချောင်း-ကုန်းတလင်း-ဇီးကုန်း ကျေးလက်လမ်းနှင့် ပခန်းကြီး-ပခန်းငယ်ကျေးရွာချင်းဆက်လမ်းများ၏ ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ရမည့် အခြေအနေကို သိရှိရန်အတွက် ခရိုင်ကျေးလက်ဦးစီးမှူး ဦးဇော်မျိုးထွေး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဇာဝင့်၊ ရေစကြိုမြို့နယ်ဦးစီးမှူးတို့က လမ်းနှင့်တံတားများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်လမ်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဌာနရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းပေးခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်ကလည်း မြစ်ရေဝင်ရောက်မှုကြောင့် တံတားချဉ်းကပ်လမ်းများ ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုဇော်(ခတု)**

# ရေစကြိုမြို့နယ်... 

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ညောင်ဦး၌ရောက်ရှိ

**ညောင်ဦး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၁၄ ရက်တွင် တောင်ဘီလယ်ယားကျေးရွာ ကမ္ဘာ့ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူများ ယာယီနားခိုစခန်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါကယ်ဆယ်ရေး ပစ္စည်းများပို့ဆောင်သည့် မော်တော်ယာဉ်များ ဩဂုတ် ၁၂ ရက်တွင် စတင်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးသင့်ပြည်သူများ ယာယီနားခိုစခန်း ၂၄ ခု ဖွင့်လှစ်ထားရှိပြီး စုစုပေါင်း ရေဘေးသင့်အိမ်ထောင်စု ၂၀၄၅ စု၊ လူဦးရေ ၈၂၃၂ ဦး၊ တိရစ္ဆာန် ၄၆၇၈ ကောင်တို့ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးပစ္စည်းလေးမျိုးတွင် ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ စားသုံးဆီနှင့် ရေသန့်ဘူးများပါဝင်ပြီး စုစုပေါင်း ထောက်ပံ့သည့်တန်ဖိုးမှာ ခန့်မှန်းအားဖြင့် ငွေကျပ် ၃၆၅ သိန်း ကျော်ခန့်ရှိသည်ဟု သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ဧရာဝတီမြစ်ရေဝင်ရောက်ခြင်းကြောင့် နတ်တလင်း၌ လယ်မြေများရေနစ်မြုပ်

**နတ်တလင်း ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်ခြင်းကြောင့်လည်းကောင်း၊ မိုးရွာသွန်းမှုကြောင့်လည်းကောင်း ဩဂုတ် ၁၁ ရက်က တောင်ယာတောအုပ်စု ရေမွှေးအုပ်စု ဖလံကုန်းအုပ်စုတို့အပါအဝင် ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ စပါးစိုက်ပြီး လယ်မြေများရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ဖလံကုန်းအုပ်ချုပ်ရေးမှူး ဦးကြင်ဆွေက "ဩဂုတ် ၃ ရက်ကစပြီး ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကွင်းပေါင်း ၄၇ ကွင်း၊ တောင်သူဦးရေ ၃၀၅၀ ဦး၊ စပါးစိုက်ပြီး လယ်ဧကပေါင်း ၁၁၉၀၇ ဧက ရေလွှမ်းမိုးနေရာမှ ဩဂုတ် ၁၀ ရက်မှာ ကွင်းပေါင်း ၄၆ ကွင်း၊ တောင်သူ ၂၉၆၃ ဦး၊ စပါးစိုက်ပြီး လယ်ဧက ၁၁၃၇၉ ဧကပဲ ရေမြုပ်တော့တယ်။ ရေကတော့ တဖြည်းဖြည်းကျနေတယ်။ စပါးခင်းတွေကို ရေလွှမ်းနေတာလည်း တဖြည်းဖြည်း လျော့နည်းလာတယ်။ အခုရက်ပိုင်းမှာ ၅၂၈ ဧက ရေနစ်မြုပ်နေတာက ပြန်ပေါ်လာတာတွေ့ရတယ်" ဟု ပြောသည်။

**တင်မြင့်(နတ်တလင်း)**


## တန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အမည်ပြောင်း

ဦးဇာနည်ကြိုင်၏သား အမက(၃)၊ ဗိုလ်တထောင်၊ ဒုတိယတန်းမှ မောင်အောင်သူအား မောင်ဟိန်းဝင်းဟု ပြောင်း လဲခေါ်ပါရန်။

**မောင်ဟိန်းဝင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရွှေမောင်သာ ၁၁/စတန (နိုင်) ၀၃၄၅၈၂ ၏ Passport ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဦးရွှေမောင်သာ**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နုနုရီ ၁၁/စတန(နိုင်)၀၁၂၀၇၃၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဒေါ်နုနုရီ**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၁)သတ္တမတန်း(C)မှ မောင်အီးဇက်ဦး၏ဖခင်အမည်မှန်မှာ ဦးမားရ်ကို ၂/လကန(နိုင်)၀၄၃၆၂၂ ဖြစ်ပါကြောင်း။

**ဦးမားရ်ကို**

## အမည်မှန်

တနိုင်းမြို့၊ အထက ဒသမတန်း(D)မှ မောင်ဇော်နော်၏ အမည်မှန်မှာ မောင်ပီတာဇော်နော် ဖြစ်ပါကြောင်း။

**မောင်ပီတာဇော်နော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၂၂၆၄၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှဦး ၁၂/ဥကမ(နိုင်)၁၃၁၂၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## တောင်းပန်ခြင်း

၄-၆-၂၀၁၆ရက်တွင် စိန်လက်စွပ်ကိစ္စနှင့်ပတ်သက်၍ ကျွန်မအနေဖြင့် အမှတ်၁၁၉၊ ၇လွှာ၊ ဘုန်းကြီးလမ်း၊ (၅)ရပ်ကွက်၊ လမ်းမတော်မြို့နေ ဒေါ်သူဇာမြင့်ဆွေအား အထင်အမြင်လွဲမှားမှုများ ဖြစ်ခဲ့သည့်အတွက် လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့မိပါကြောင်းနှင့် ထိုကိစ္စအဝဝအတွက် ကျွန်မအနေဖြင့် ဒေါ်သူဇာမြင့်ဆွေနှင့် မိသားစုအား တောင်းပန်အပ်ပါသည်။

**မခင်နှင်းသက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၄၄၄၃ MGIKO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇာနည်ကျော် ၉/ခမစ(နိုင်)၀၃၅၀၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၁၉၅၀၉ Honda Scoppy ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါမြင့်၉/မရတ(နိုင်)၁၁၈၁၀၇က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၁၂၉၉၀ ANBO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၂/အစန(နိုင်)၁၅၇၅၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၅၀၀၀၀ Honda Pcx 125 M/C ယာဉ်လက်ဝယ်ရှိသူဦး အောင်မျိုးထွန်း ၁၃/ကတန(နိုင်)၀၉၉၇၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## CLAIMS DAY NOTICE
## M.V MAKASSAR HIGHWAY VOY: NO (167A)

Consignees of car go carried by M.V MAKASSAR HIGHWAY VOY: NO (167A) are here by notified that the vessel will arrive on about 14-8-16and car go will be discharged into the premises of Yangon port.

Damaged car go will be surveyed daily from 8:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declard as the third day after final dis-charge of car go from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILIS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**
**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

(ငြိမ်းချမ်းရေးကာတွန်းပြပွဲ - ၂၀၁၆ တွင် ပြသထားသော ကာတွန်းများမှ ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။)










*ကျော်ဖုံးမှ*

အောင်ကိုကိုက "ငြိမ်းချမ်းရေးကာတွန်းပြပွဲမှာ ကျွန်တော်တစ်ကွက်ကာတွန်း ငါးပုံ ပို့ခဲ့တယ်။ နှစ်ပုံပါပါတယ်။ ဒီပွဲလေးမှာ ငြိမ်းချမ်းရေးကာတွန်း ပေးပို့တယ်ဆိုတာက ကျွန်တော် ငြိမ်းချမ်းရေးကို လိုလိုလားလားလိုချင်လို့ပါ။ (၂၁)ရာစု ပင်လုံကို တကယ်ထောက်ခံလို့ပါ" ဟု ပြောသည်။

မြန်မာနိုင်ငံရှိ ကာတွန်းဆရာ ၁၀၀ ကျော်၏ ငြိမ်းချမ်းရေးကာတွန်းလက်ရာများကို ကာတွန်းပေါင်း ၂၀၀ ကျော်ဖြင့် ပါဝင်ပြသထားသည်။

၁၉၉၂ ခုနှစ်မှစတင်၍ ကာတွန်းများရေးဆွဲခဲ့သူ ကာတွန်း ဖောင်းဖောင်းက "ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အစိုးရအဆက်ဆက်က ငြိမ်းချမ်းရေးအတွက် လုံးပန်းခဲ့တယ်။ အောင်မြင်လားဆိုတော့ မအောင်မြင်ဘူး။ ကမ္ဘာမှာ ပြည်တွင်းစစ်ပွဲ အရှည်ကြာဆုံးက ကျွန်တော်တို့ နိုင်ငံဖြစ်နေတယ်။ ဘာကြောင့်မို့ ဆွေးနွေးမှုတွေ မအောင်မြင်လဲ၊ ဘာကြောင့် ငြိမ်းချမ်းရေးမရသလဲပေါ့။ မေတ္တာနဲ့ မဆွေးနွေးလို့ပါ။ ဖိနှိပ်တယ်ဆိုတာ ခဏတာပဲရမယ်။ နှလုံးသားမပါဘဲနဲ့ ဘယ်အရာမှ မအောင်မြင်ပါဘူး။ ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးကို လိုလားတယ်။ စစ်ကြောင့် ဒုက္ခရောက်ကြရတယ်။ အိုးပစ်အိမ်ပစ် ထွက်ပြေးကြရတယ်။ ရာသီဥတုဆိုးရွားတဲ့ဒဏ်ကိုလည်း စစ်ဘေးဒုက္ခသည်တွေ ခံစားရတယ်။ ရိက္ခာအစာရေစာ ပြတ်လပ်တာတွေ ကြုံရတယ်။ စစ်ရဲ့ဆိုးကျိုးကြောင့် မိုင်းနင်းမိတာတွေကြုံရတယ်။ ကလေးတွေဆိုလည်း ပညာကောင်းကောင်းမသင်ရဘူး။ အားလုံးက ငြိမ်းချမ်းရေးကို တောင့်တနေတဲ့အချိန်၊ အစိုးရကလည်း ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နေတဲ့ အချိန်၊ ကျွန်တော်တို့တစ်တွေက ကျွန်တော်တို့တတ်တဲ့ အနုပညာနဲ့ ငြိမ်းချမ်းရေးကို လှုံ့ဆော်ပေးလိုက်တာပါ"ဟု ပြောသည်။

ယခုပြုလုပ်သည့် ကာတွန်းပြပွဲတွင် ကာတွန်းဆရာများသည် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ကာတွန်းများအား ပြပွဲဖြစ်မြောက်ရေးအတွက် အခမဲ့ပေးပို့ခဲ့ကြခြင်းဖြစ်သည်။ ပြသထားသည့် ကာတွန်းများအား ပြပွဲပုံဖြင့် အသုံးပြုပါက အခမဲ့အသုံးပြုခွင့်ပေးမည်ဖြစ်သော်လည်း စာစောင်၊ မဂ္ဂဇင်းနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် အသုံးပြုမည်ဆိုပါက မူရင်းကာတွန်းဆရာထံသို့ ဆက်သွယ်၍ အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။ ငြိမ်းချမ်းရေးကာတွန်း ပြပွဲ-၂၀၁၆ အမှတ်တရအဖြစ် ကဗျာစာအုပ်များ ရောင်းချပေးခြင်း၊ ငြိမ်းချမ်းရေးရုပ်ပုံပါ တီရှပ်များရောင်းချပေးခြင်း၊ ကာတွန်းဆရာများ၏ ကာတွန်းများအား ရောင်းချပေးခြင်း၊ တီရှပ်များပေါ်တွင် ကာတွန်းဆရာများ၏ ငြိမ်းချမ်းရေးကာတွန်းလက်ရာများ ရေးဆွဲရောင်းချပေးခြင်းတို့ ပြုလုပ်ခဲ့သည်။


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၄၈၁၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၇/ရတရ(နိုင်)၁၀၆၂၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တောင်ငူ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၆ယ/၄၅၄၆၀ HONDA DREAM 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်သွယ်ဝင်းခိုင်၁၄/မမန(နိုင်)၀၀၀၀၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး (ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ခ/၉၀၅၇ Hino HT2MMA Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြခိုင် ၉/မထလ(နိုင်)၂၅၈၇၃၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၁ယ/၆၀၄၉၂ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၇/ကတခ(နိုင်)၀၆၇၁၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

**တက်လှ**
**အိမ်ပြောင်း/အိမ်ရွှေ့**
**မြို့တွင်း - နယ်ဝေး**
**09 261111549, 09 257962225**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဆရာက်ဖုန်ကူးရောင် ၁/မခဘ(နိုင်)၀၀၇၆၆၂၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန်**

**ဖုန်း-၀၉-၇၈၇၂၃၈၇၉၀**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3H/4103 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှေသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9D/3832 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ ၁၈ လမ်း၊ အမှတ် ၈၉၈/က၊ ပထမထပ်၊ အကျယ်အဝန်း(၁၈ ပေ× ၅၄ ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ရေ၊ မီးအစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တိုက်ခန်းပိုင်ရှင် ဦးကောင်းမြင့် ၇/တငန(နိုင်)၁၃၅၄၃၂ က ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံလျက် ဦးကောင်းမြင့်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက တိုက်ခန်းကို ဝယ်ယူရန် ပိုင်ရှင်ဦးကောင်းမြင့်အား စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရီရီဝင်း** — **ဦးစံမြ(ပုလော)**
**အထက်တန်းရှေ့နေ(စဉ်-၃၂၂၉၁)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၇၁)**
**အမှတ် ၈၁၊ အခန်း ၁၀၊ ၃-ထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၈၆၁၃၃၅၉၊ ၀၉-၂၅၂၆၀၇၁၃၉**

ကုသရေးဦးစီးဌာန
ပြည်နယ်ကုသရေးဦးစီးဌာန-မွန်ပြည်နယ်

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်ရှိ ခရိုင်/မြို့နယ်ဆေးရုံများနှင့် တိုက်နယ် ဆေးရုံများတွင် ဆေးရုံတက်ရောက်ကုသသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၁။ **လျှောက်လွှာများရောင်းချမည့်ရက်** - ၁၅-၈-၂၀၁၆ ရက်
၂။ **တင်ဒါပိတ်မည့်ရက်** - ၁၄-၉-၂၀၁၆ရက်၊ ညနေ ၄း၃၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး-မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၈၃၉**

နေရာအလွန်ကောင်းမြေကွက်
ဈေးချိုချိုပြင့်ရောင်းမည်။

ဆိုင်ဖွင့်ရန်၊ဘဏ်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အလွန်ကောင်းသောရှုခင်းသာလမ်းမကြီးပေါ် နတ်မောက်ဘုန်းကြီးကျောင်းရှေ့ မြေကွက်ရောင်းမည်။
ပိုင်ရှင်အမည်ပေါက်၊နှစ်(၆၀)ဂရံမြေ
အကျယ် (၂၀'×၆၀')။ ထိုက်သူရမည်။
ဆက်သွယ်ရန်-၀၉-၂၆၁၉၆၂၁၃၅၊၀၉-၇၇၉၃၄၅၃၃၇

**ရောင်းမည်**

၁။ ပဲခူး တိုးဂိတ်အနီး၊ ပဲခူး-ရန်ကုန် ကားလမ်းမဘေး၊ စက်မှုမြေ ၁၅ ဧက၊ တစ်ဧက **သိန်း ၂၂၀၀**
၂။ ပဲခူးမြို့၊ အုန်းပင်တန်းလမ်းမကြီးပေါ် ပေ(၁၀၀×၃၅)၊ (အရောင်းပြခန်း၊ အာမခံရုံး၊ ဘဏ်ဖွင့်ရန်သင့်တော်)
၃။ ပြင်ဦးလွင်မြို့၊ နန်းမြိုင်လမ်းမပေါ် ပေ(၁၁၀×၁၁၀) (Hotel၊ ဘဏ်ဖွင့်ရန်သင့်တော်) **သိန်း ၁၅၀၀၀**
၄။ စစ်ကိုင်း-မင်းကွန်းကားလမ်းမဘေး ခိုတောင်ရွာ (စိန်တလုံး၊ မြကျောက်သရက်စိုက်ပြီး ဥယျာဉ်ခြံမြေ) ၂၈ဧက **သိန်း ၁၀၀၀၀**၊
ကိုထူး ဖုန်း-၀၉-၇၈၇၃၄၇၂၂၈
**(အမှန်တကယ်ဝယ်ယူမည့်သူသာ ဆက်သွယ်ပါရန်)**

asean

THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES:

1. ASSISTANT DIRECTOR ASEAN CONNECTIVITY
2. ASSISTANT DIRECTOR PROGRAMME COOPERATION & PROJECT MANAGEMENT DIVISION
3. SENIOR OFFICER PROPERTY MANAGEMENT

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

# မိုးသီးနှံစိုက်တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ယခုနှစ် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေ ထူးကဲစွာမြင့်တက်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်လယ်မြေ ၁၅ သန်းကျော်ရှိသည့် အနက် ၈-၈-၂၀၁၆ ရက်နေ့အထိ မိုးစပါး ၃၄၆၈၆၁ ဧကနှင့် အခြားသီးနှံ ၆၉၂၇၄ ဧက စုစုပေါင်း ၄၁၆၁၃၅ ဧက ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး ၇၉၂၈၈ ဧက ပြန်လည်ပေါ်ပြီး ဖြစ်ပါသည်။

၂။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများအား မိုးစပါး အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါ နည်းလမ်းများအသုံးပြု၍ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အရန်ပျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊

(ခ) သက်လတ်နှင့် သက်ကြီးစပါးမျိုးများကို သက်တမ်းရက် ၆၀ အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများစိုက်ပျိုးခြင်း၊

(ဂ) သက်လျင်စပါးမျိုး(ရက် ၉၀၊ သီးထပ်ရင်၊ ရွှေသွယ်ရင်)ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း (သို့မဟုတ်) တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊

(ဃ) ပျက်စီးမှုမရှိသော စပါးခင်းများအား ရေသွင်း၊ ရေထုတ်ပြုလုပ်ပေးပြီး သဘာဝမြေသြဇာနှင့် ပုလဲဓာတ်မြေသြဇာ ရောစပ်ထည့်သွင်းပေးခြင်း၊ (ရောစပ်ရာတွင် သဘာဝမြေသြဇာနှင့် ပုလဲဓာတ်မြေသြဇာကို(၃း၁) ဖြင့် ရောစပ်သုံးစွဲပါ။)

၃။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသော စပါးခင်းများအား အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို အချိုးညီအချိန်ကိုက် ထည့်သွင်းခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ ရေသွင်း ရေထုတ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၄။ ရေကျသွားချိန်တွင် ရေကြီးနစ်မြုပ်ပျက်စီးသည့် ဧရိယာများတွင် မိုးစပါးပြန်လည်အစားထိုးစိုက်ပျိုးနိုင်ခြင်းမရှိသည့် ဧရိယာများနှင့် အခြားသီးနှံပျက်စီးသည့် ဧရိယာများတွင် ရေမြေဒေသနှင့်ကိုက်ညီသည့် သီးနှံများကို အချိန်မီအပြည့်အဝ ပြန်လည်အစားထိုး စိုက်ပျိုးသွားနိုင်ရေးတို့အတွက် ကြိုတင်စီမံဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

၅။ သို့ပါ၍ တောင်သူလယ်သမားများအနေဖြင့် အကူအညီများလိုအပ်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကျေးလက်လမ်းတံတားနှင့် ရေပေးရေးလုပ်ငန်းများဆောင်ရွက်

**လဲချား ဩဂုတ် ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုငွေကျပ် ၁၉၇ ဒသမ ၂၀၂၈ သန်းဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လဲချား - ပုံတိုက် ကျောက်ချောလမ်းခင်းခြင်း၊ ဝမ်စဲ့-တတ်မောက် ကျောက်ချောလမ်းခင်းခြင်း၊ နမ့်တုတ်ရွာအဝင် ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်ခြင်း၊ နမ့်လေကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် နမ့်ပေါက်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီတို့မှ ဩဂုတ်လဒုတိယပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးတင်ဆွေနှင့် ဝန်ထမ်းများက သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးနိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများပြီးစီးပါက ကျေးရွာနေပြည်သူများ၏လမ်းပန်းဆက်သွယ်ရေးပိုမိုတိုးတက်ကောင်းမွန်လာခြင်း၊ သောက်သုံးရေဖူလုံမှုရရှိခြင်း အကျိုးကျေးဇူးများ ခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်အတွင်း မိုးဦးသီးနှံဖြစ်ထွန်းမှုကောင်း



**ရမည်းသင်း ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းတွင် မိုးဦးသီးနှံအဖြစ် နေကြာနှင့် ပဲတီစိမ်းတို့ကို အဓိကထား၍ စိုက်ပျိုးကြရာ ယခုနှစ်တွင် နေကြာစိုက်ပျိုးသောကျေးရွာများ၌ နေကြာဖြစ်ထွန်းမှုကောင်း၍ အထွက်နှုန်း ပိုနိုင်ကြောင်း ထန်းတောကြံပင်အုပ်စုအတွင်းမှ နေကြာစိုက်တောင်သူတစ်ဦးက ပြောသည်။

ဆင်းရွှေကြာ(၂)နှင့် စပ်မျိုးနေကြာ အစရှိသောနေကြာမျိုးတို့ကိုသာ အဓိကထား၍စိုက်ကြသည်ဟုသိရပြီး နေကြာသည် စိုက်ပျိုးပြီးရက်မှ သုံးလခွဲဝန်းကျင်တွင် ခုတ်ယူရရှိနိုင်မည်ဖြစ်သည်။ နေကြာစိုက်တောင်သူများမှာ စားသုံးဆီရရှိရေးအတွက် အဓိကထားစိုက်ကြသည်ဟုသိရသည်။ နေကြာအပင်အပွင့်ဖြစ်ထွန်းမှု ကောင်းပါက နေကြာစိုက်တစ်ဧက တင်း ၃၀ ဝန်းကျင်ထွက်ရှိနိုင်ပြီး ဆီကြိတ်ပါက တစ်တင်းလျှင် ဆီသုံးပိဿာခွဲဝန်းကျင် ထွက်ရှိကြောင်း သိရသည်။

"မိုးမှန်တော့နေကြာကောင်းတယ်၊ အခုနှစ်မှာ ပိုးမွှားအဖျက်လည်းနည်းတယ်၊ အပင်အပွင့်ကောင်းအောင်တော့ ဆေးဖျန်းရတယ်၊ ဝါခေါင်လထဲမှာခုတ်ရမယ်၊ ဒီနှစ်နေကြာထွက်နှုန်းပိုနိုင်ပါတယ်"ဟု နေကြာစိုက်တောင်သူတစ်ဦးက ပြောသည်။မြို့နယ်အတွင်း အဆိုပါနေကြာစိုက်ပျိုးသောဒေသများ၌ နေကြာခုတ်သိမ်းပြီးပါက ထယ်ရေးပြင်ကာ စိုက်ပျိုးရေရရှိမှုအပေါ်မူတည်၍ စပါးနှင့်ကုလားပဲ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များအကြောင်း စာတမ်းဖတ်ပွဲကျင်းပ

**ကန်ကြီးထောင့် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များအကြောင်း စာတမ်းဖတ်ပွဲအခမ်းအနားကို ဩဂုတ်လပထမပတ်က ကန်ကြီးထောင့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမျိုးသားခန်းမ၌ ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမာက အမှာစကားပြောကြားပြီး အထကကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမြင့်က ယဉ်ကျေးမှုအဓိပ္ပာယ်၊ မြန်မာ့ယဉ်ကျေးမှုခရီး၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာတရားတော်၊ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များ၊ ကိုယ်နှုတ်အမူအရာ ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေးယဉ်ကျေးမှု၊ အမျိုး ဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ရှောက်ထိန်းသိမ်းသောယဉ်ကျေးမှု၊ ဝတ်စား ဆင်ယင်မှု၊ အတာသင်္ကြန်၊ အနုသုခုမ ပညာများ၊ ဘာသာစကား၊ စာပေ၊ အစားအစာနှင့်ပတ်သက်သော ယဉ်ကျေးမှုစသည့် အကြောင်းအရာများကို power point ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသူများစုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

# ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**တန့်ယန်း ဩဂုတ် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ မူခင်းလျော့နည်းကျဆင်းရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ရဲလုပ်ငန်းများကို အများပြည်သူများသိရှိနိုင်ပြီး ပူးပေါင်းပါဝင်ဆောင် ရွက်လာနိုင်ရေးအတွက် အိမ်တိုင်ရာရောက်ရဲလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ လူစည်ကားရာနေရာများတွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ညအချိန်လှည့်ကင်းများဖြင့် စောင့်ကြပ်ကြည့်ရှုခြင်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဩဂုတ် ၉ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့နှင့် မြို့မစည်ပင်သာယာဈေးပတ်ဝန်းကျင်၌ ကျောင်းသားကျောင်းသူများ ကျောင်းဆင်းကျောင်းတက်ချိန်တို့တွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ကြောရှင်းလင်းပေးခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# စာပေဗိမာန်စာမူဆု ချီးမြှင့်နိုင်ရေး ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၁၂**

နိုင်ငံတော်အစိုးရသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ အဆင့်မီစာမူများကို ရွေးချယ်ချီးမြှင့်နိုင်ရန် စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဖွဲ့စည်းပြီး ပြိုင်ပွဲဝင်စာမူများကို ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေ၊ အင်္ဂလိပ်စာမူဆု၊ ဘာသာပြန်ဆုဟူ၍ ဘာသာရပ် ၁၃ မျိုးခွဲခြားပြီး စာပေဗိမာန်စာမူဆုများ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။

စာပေဗိမာန်စာမူဆုသည် ပြန်ကြားရေးဝန်ကြီးဌာနကချီးမြှင့်သော စာပေဆုဖြစ်ပြီး မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေဝါသနာရှင်၊ ရွက်ပုန်းသီးကလောင်သစ်များကို မြေတောင်မြှောက်ပေးရန်၊ စာအုပ်ထုတ်ဝေရန် အခက်အခဲရှိသူများကို တစ်ဖက်တစ်လမ်းမှ အကူအညီပေးရန်စသော ရည်ရွယ်ချက်များဖြင့် စာမူများဖိတ်ခေါ်ကာ ပြိုင်ပွဲဝင်စာမူများကို စိစစ်ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်သည်။ စာမူများ စိစစ်ရွေးချယ်ရာတွင် လွတ်လပ်၍ မျှတမှုရှိစေရန် စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ရွေးချယ်ရာတွင်လည်း ဆုရသင့် ရထိုက်သည့် စာမူများရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့် ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိသည်။

၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် ပြိုင်ပွဲဝင်စာမူများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီခွဲအထိ ပြိုင်ပွဲဝင်ပုံစံတွင် ဖြည့်သွင်း၍ ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံနှင့်အတူ စာတည်းမှူးချုပ် စာပေဗိမာန်အမှတ် (၅၂၉-၅၃၁) ကုန်သည် လမ်း၊ ရန်ကုန်မြို့ထံသို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၃၇၄၅၃၂ နှင့် ၀၁-၃၈၀၄၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သာယာဝတီမြို့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**သာယာဝတီ ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်တွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် သာယာဝတီမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၈ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဘေဘီနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများကို ပြည်သူများလျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်အချက်များပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပြီး ကျောင်းရှေ့တွင်လည်း လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး အသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းဖွင့်

**လှိုင်ကော် ဩဂုတ် ၁၂**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လှိုင်ကော်ရုံးခွဲ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း ကို ဇူလိုင် ၂၅ ရက်မှစတင်၍ လှိုင်ကော်မြို့ဒေါ်နိုးကူးရပ်ကွက်ရှိ သင်္ဂဟဟိုတယ်ခန်းမဆောင်၌ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့သင်တန်းကျောင်းမှ နည်းပြဆရာလေးဦးတို့က ဧည့်ကြိုဝန်ဆောင်မှုဘာသာရပ်နှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေးဘာသာရပ်များကို သင်တန်းတက်ရောက်သူ ၇၂ ဦးတို့အား သင်ကြားပို့ချပေးလျက်ရှိပြီး ဩဂုတ် ၂၀ ရက်တွင် သင်တန်းပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ရန်ကုန်ဘူတာကြီးမှ ဒဂုန်တက္ကသိုလ်ဘူတာသို့ မြို့ပတ်လော်ကယ်ရထား တစ်နေ့လျှင် ၁၈ ခေါက်ပုံမှန်ပြေးဆွဲ

**ရန်ကုန် ဩဂုတ် ၁၂**

ရထားရဲတပ်ဖွဲ့ အမှတ်(၃) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးဇော်ဦး ကြီးကြပ်မှုဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၂) တပ်ခွဲ၊ သဃ်ာန်းကျွန်း ရထားရဲစခန်းမှူး ရဲအုပ်ခင်မောင်သိန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်ဘူတာမှ ဒဂုံတက္ကသိုလ်ဘူတာသို့ ထွက်ခွာသည့် မြို့ပတ်လော်ကယ်ရထားများပေါ်တွင် ကျောင်းသား ကျောင်းသူများကို မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေးခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

မြန်မာ့မီးရထားဌာနအနေဖြင့် ရန်ကုန်ဘူတာကြီးမှ ဒဂုံတက္ကသိုလ်ဘူတာသို့ ကျောင်းသား ကျောင်းသူများ သွားလာမှုအဆင်ပြေစေရန် မြို့ပတ်လော်ကယ်ရထားများကို တစ်နေ့လျှင် အသွား/အပြန် ၁၈ ခေါက်ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# ပရိုဘိုင်ရောတစ်နှင့် နို့စားနွားမွေးမြူရေး

မင်းအောင် (မွေး/ဆေး)

ပရိုဘိုင်ရောတစ် (probiotic) ဟူသောစကားလုံးသည် ဂရိဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး အဓိပ္ပာယ်မှာ လုံလောက်သောပမာဏပေးလိုက်သည့်အခါ အူအတွင်းရှိ ပိုးအရေအတွက်ကိုထိန်းညှိခြင်းအားဖြင့် လက်ခံကောင်၏ ကျန်းမာရေးကို ကောင်းကျိုးဖြစ်စေနိုင်သည့် သက်ရှိပိုးတစ်မျိုးဖြစ်ပါသည်။ ပရိုဘိုင်ရောတစ်သည် စားမြုံ့ပြန်သတ္တဝါများ၏ အစာခြေလမ်းကြောင်းနှင့် သဘာဝအတိုင်းတွင် တွေ့ရသည့် ရောဂါမဖြစ်စေနိုင်သည့်ပိုး တစ်မျိုးလည်းဖြစ်ပါသည်။ ယနေ့ခေတ်တွင် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် ပဋိဇီဝဆေးများအစား ပရိုဘိုင်ရောတစ်များကို ပိုမိုသုံးစွဲလာ သည်ကို တွေ့ရပါသည်။ စားမြုံ့ပြန်သတ္တဝါများသည် လက်ခံကောင်နှင့် အစာအိမ်အတွင်းရှိပိုးတို့၏ သဟဇီဝကျမှု အပေါ်တွင် မှီခိုနေရပါသည်။ အစာအိမ်အတွင်းရှိပိုးများသည် စားမြုံ့ပြန်သတ္တဝါများ၏ အစာခြေလုပ်ငန်းတွင် အဓိကပါဝင်ပတ်သက် နေပြီး လက်ခံကောင်အတွက် အသားဓာတ်၊ ဗိုက်တာမင်နှင့် ဖက်တီးအက်စစ်များကိုလည်း ထောက်ပံ့ပေးပါသည်။

**ပရိုဘိုင်ရောတစ်အဖြစ်အသုံးပြုသောပိုးများ**

စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးတွင် အသုံးများသော ဗက်တီးရီးယားပရိုဘိုင်ရောတစ်များကို လက်တစ်အက်စစ်ထုတ်လုပ်သော ဗက်တီးရီးယားအုပ်စုနှင့် လက်တစ်အက်စစ်အသုံးချသော ဗက်တီးရီးယားအုပ်စုဆိုပြီး နှစ်မျိုးခွဲခြားနိုင်ပါသည်။ နွားများ၏ အစာအိမ်ထဲတွင် လက်တစ်အက်စစ်ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းတို့သည် အစာချေဖျက်ခြင်း၊ တိရစ္ဆာန်၏ကျန်းမာရေးတို့နှင့် ဆက်စပ်နေပါသည်။ မှိုပရိုဘိုင်ရောတစ် များသည်လည်း တိရစ္ဆာန်များ၏ ထုတ်လုပ်မှုနှင့် ကျန်းမာရေးအပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။ ပရိုဘိုင်ရောတစ်များ၏ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပိုမိုကောင်းမွန် သောရလဒ်များကိုဖြစ်ပေါ်စေနိုင်သောအစွမ်း ကြောင့် တစ်မျိုးတည်းသုံးခြင်းထက် အမျိုးအစားအစုံပါဝင်အောင် အသုံးပြုခြင်းက ပိုမိုကောင်းမွန်သော အကျိုးသက်ရောက်မှုများကိုဖြစ်ပေါ်စေပါသည်။

**တိရစ္ဆာန်များ၏ထုတ်လုပ်မှုနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုအစာစားနှုန်း**

တိရစ္ဆာန်တစ်ကောင်၏ ထုတ်လုပ်မှုစွမ်းဆောင်ရည်မြင့်မားခြင်းသည် အစာစားနှုန်းနှင့် ဆက်စပ်နေပါသည်။ ပရိုဘိုင်ရောတစ်များကို အစာထဲတွင် ဖြည့်စွက်ကျွေးခြင်းအားဖြင့် နို့စားနွားများတွင် အစာစားနှုန်းမြင့်တက်လာပြီး ထုတ်လုပ်မှုများလည်းမြင့်တက်လာပါသည်။ ထိုသို့ဖြစ်ရခြင်းသည် နွားများ၏ အစာအိမ်ထဲတွင် အမျှင်ဓာတ်ကို ချေဖျက်နိုင်သော ဗက်တီးရီးယားများ ပိုမိုအားကောင်းလာခြင်းနှင့်အတူ ယင်းတို့၏ အစာအိမ်ချဉ်ဖန်နှုန်း၊ အမျှင်ဓာတ်များကို ချေဖျက်နိုင်စွမ်းအားနှင့် အစာစားနှုန်းတို့အပေါ် သက်ရောက်သော ကောင်းကျိုးများကြောင့်ဖြစ်ပါသည်။

**အစာချေဖျက်နှုန်း**

ပရိုဘိုင်ရောတစ်များကို အစာထဲတွင်ဖြည့်စွက်ကျွေးခြင်းအားဖြင့် အစာအိမ်ချဉ်ဖန်နှုန်း၊ အစာကြမ်းချေဖျက်နိုင်ခြင်းနှင့် အစာအိမ်အတွင်းရှိ ပိုးများမှ အသားဓာတ်ထုတ်လုပ်မှုတို့ အားကောင်းလာပြီး နို့စားနွားများ၏ အစာချေလုပ်ငန်းကိုမြှင့်တင်ပေးပါသည်။ ပရိုဘိုင်ရောတစ်များသည် အစာအိမ်အတွင်းရှိ အစာကြမ်းများကိုချေဖျက်သော ဗက်တီးရီးယားများ၏ကြီးထွားမှုနှင့် စွမ်းဆောင်ရည်ကို အားကောင်းစေသည့်အပြင် အစာအိမ်အတွင်းရှိ ဖက်တီးအက်စစ်များ၏အချိုးအစားကိုလည်း ထိန်းညှိပေးပါသည်။ ထို့ကြောင့် နို့စားနွားများတွင် အစာအိမ်အတွင်း အက်စစ်ဓာတ်များခြင်းကြောင့်ဖြစ်သော ရောဂါဖြစ်ခြင်းမှလည်း ကာကွယ်ပေးနိုင်ပါသည်။ အစာအိမ်ထဲတွင် အက်စစ်ဓာတ်များသောအခြေအနေမဖြစ်ရန် ကာကွယ်ပေးနိုင်သောကြောင့် အစာကြမ်းချေဖျက်သော ဗက်တီးရီးယားများ၏ အမျှင်ဓာတ် ချေဖျက်နိုင်စွမ်းကိုလည်း ပိုမိုအားကောင်းစေပါသည်။ မှိုပရိုဘိုင်ရောတစ်ကိုဖြည့်စွက်ကျွေးသောအုပ်စုနှင့် မကျွေးသောအုပ်စုတို့ကို နှိုင်းယှဉ်ကြည့်ရာတွင် ဖြည့်စွက်ကျွေးသောအုပ်စုရှိ နွားများ၏ အစာချေဖျက်နှုန်းများသည် သိသိသာသာကောင်းမွန်သာလွန်နေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် မှိုပရိုဘိုင်ရောတစ်များသည် နွားများမှ မီသိန်း ဓာတ်ငွေ့ထွက်ရှိမှုကိုလည်း လျှော့ချပေးနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် အစာထဲတွင် ပရိုင်ဘိုင်ရောတစ်ကို ဖြည့်စွက်ကျွေးခြင်းဖြင့် နွားများ၏ အစာချေဖျက်နှုန်းကို ပိုမိုကောင်းမွန်စေပါသည်။

**ကြီးထွားနှုန်း**

ပရိုဘိုင်ရောတစ်များကို ဖြည့်စွက်ကျွေးခြင်းအားဖြင့် အစာအိမ်အတွင်းရှိ ပိုးများမှ အသားဓာတ်ထုတ်လုပ်မှု အားကောင်းလာပြီး အစာအိမ်အနောက်ပိုင်း (အူပိုင်းတွင်)တွင် အမိုင်နိုအက်စစ် ထောက်ပံ့မှုပို ကောင်းလာပါသည်။ ထို့ကြောင့် တိရစ္ဆာန်များ၏ အစာစားနှုန်း၊ အစာမှ အသားပြောင်းလဲနှုန်း၊ နေ့စဉ်ကြီးထွားနှုန်းနှင့် ကိုယ်အလေးချိန်တို့ကို သိသိသာသာ မြင့်မားစေပါသည်။ ပရိုဘိုင်ရောတစ်ကို ဖြည့်စွက်ကျွေးခြင်းအားဖြင့် နွားများတွင် နေ့စဉ်အသားတိုးနှုန်းသည် ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်အထိ တိုးလာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**နို့ထွက်နှုန်းနှင့် နို့အရည်အသွေး**

ပရိုဘိုင်ရောတစ်ဖြည့်စွက်ကျွေးခြင်းအားဖြင့် နို့စားနွားများတွင် နို့ထွက်နှုန်းတိုးလာပြီး နို့တွင်းအဆီဓာတ်နှင့် အသားဓာတ် ပမာဏလည်းများလာပါသည်။ မှိုပရိုဘိုင်ရောတစ်ကို ဖြည့်စွက်ကျွေးခြင်းအားဖြင့် နို့စားနွားများတွင် နို့ထွက်နှုန်း ၃ ဒသမ ၉ ရာခိုင်နှုန်းခန့် တိုးလာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အခြားသုတေသနတွေ့ရှိချက်များအရ မှိုပရိုဘိုင်ရောတစ်ကို မမွေးခင် နှစ်ပတ်အလိုမှ မွေးပြီး ရက်သတ္တပတ် ၃၀ အထိကျွေးပြီး စမ်းသပ်ခဲ့ရာတွင် ပရိုဘိုင်ရောတစ် ဖြည့်စွက်ကျွေးသော အုပ်စုရှိ နွားမများသည် အခြားဖြည့်စွက် မကျွေးသောအုပ်စုရှိ နွားမများထက် နို့ထွက်နှုန်း ၉ ရာခိုင်နှုန်း ပိုမိုထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့သို့ နို့ထွက်နှုန်းနှင့် နို့အရည်အသွေးများ ကောင်းမွန်နေခြင်းသည် အမျှင်ဓာတ်ချေဖျက်နိုင်သော ပိုးအရေအတွက်၊ အစာကြမ်းချေဖျက်နိုင်မှုနှင့် အစာအိမ်တွင်း ဖက်တီးအက်စစ်များ၏ အချိုးပြောင်းလဲသွားခြင်းတို့နှင့် ဆက်စပ်နေပါသည်။

**ရောဂါဝင်ရောက်မှုကိုဟန့်တားပြီး ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်း**

အစာအိမ်လမ်းကြောင်းအတွင်းရှိ မူလဗက်တီးရီးယားများသည် ပြင်ပမှရောဂါဖြစ်စေနိုင်သော ဗက်တီးရီးယားမျာ းဝင်ရောက်လာမှုကို နည်းမျိုးစုံဖြင့် ဟန့်တားပေးပါသည်။ ဗက်တီးရီးယား ပရိုဘိုင်ရောတစ်ကို ဖြည့်စွက်ကျွေးခြင်းအားဖြင့် လက်တစ်အက်စစ်များ ထွက်လာပြီး အစာအိမ်လမ်းကြောင်းတွင် အက်စစ်အခြေအနေတစ်ခုဖြစ်လာပါသည်။ ထိုအက်စစ်အခြေအနေသည်ဝင်ရောက်လာသောရောဂါပိုးများအတွက် အဓိကအတားအဆီးတစ်ခုလည်း ဖြစ်ပါသည်။ ထို့အပြင် တချို့ပရိုဘိုင်ရောတစ်များသည် (ဗက်တီးရီးယားမှထုတ်လုပ်သော ပဋိဇီဝဆေးတစ်မျိုး)ကို ထုတ်လုပ်နိုင်ပါသည်။ ထို့ကြောင့် ရောဂါဖြစ်စေနိုင်သောပိုးများနှင့် ယင်းတို့နှင့် ဆက်စပ်နေသော ဗက်တီးရီးယားများ၏ ကြီးထွားနှုန်းကိုဟန့်တားနိုင်သည့်အပြင် တိရစ္ဆာန်များ၏အူလမ်းကြောင်းဆိုင်ရာကျန်းမာရေးကိုကောင်းမွန်အောင် ထိန်းသိမ်းထားပေးနိုင်ပါသည်။ ပရိုဘိုင်ရောတစ်ဖြည့်စွက်ကျွေးခြင်းဖြင့် တိရစ္ဆာန်များသည် ရောဂါဒဏ်ကိုခံနိုင်ရည်ရှိလာပြီး ရောဂါဖြစ်စေနိုင်သော အကြောင်းအရင်းများကိုလည်း လျှော့ချနိုင်လာသောကြောင့် ကိုယ်ခံစွမ်းအားအပေါ် ကောင်းမွန်သောအကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေပါသည်။ ပရိုဘိုင်ရောတစ်ဖြည့်စွက်ကျွေးခြင်းဖြင့် ကိုယ်ခံစွမ်းအားစနစ်မှ တုံ့ပြန်မှုကိုလှုံ့ဆော်ပေးသည့်အပြင် ကိုယ်ခံစွမ်းအားဖြင့် ကာကွယ်မှုစနစ်ကိုလည်းအားကောင်းစေပါသည်။ ကိုယ်ခံစွမ်းအားစနစ်တွင် အရေးကြီးသော immunoglobulin levels ကို အားကောင်းစေသော ပရိုဘိုင်ရောတစ်များသည် တိရစ္ဆာန်၏ ကျန်းမာရေးနှင့် ထုတ်လုပ်မှုအပေါ်တွင် ပိုမိုအကျိုးသက်ရောက်မှုရှိပါသည်။

**အစာအိမ်ချဉ်ဖန်နှုန်းကိုတည်ငြိမ်အောင်ထိန်းထားခြင်း**

နို့စားနွားမများကို ကူးပြောင်းကာလတွင် အစာကြမ်း များသောအစာမှ အစာနုများသောအစာသို့ ပြောင်းလဲကျွေးလိုက်သည့်အခါ အစာအိမ်ထဲတွင် ရှိသော ပိုးအရေအတွက်မညီမျှမှုဖြစ်နိုင်ပါသည်။ ထိုအခြေအနေမျိုးတွင် ပရိုဘိုင်ရောတစ်ကိုအစာထဲတွင် ဖြည့်စွက်ကျွေးသင့်ပါသည်။ အစာနုများသည် အစာအိမ်ထဲတွင် လျင်မြန်စွာပြိုကွဲသွားသောကြောင့် အစာအိမ်တွင်း ဖက်တီးအက်စစ်များ မြန်မြန်ဆန်ဆန်စုပုံနေတတ်ပါသည်။ ထိုအချိန်တွင် အစာအိမ်ချဉ်ဖန်နှုန်းကို ထိန်းညှိနိုင်သောစနစ်သည် ကောင်းမွန်စွာ အလုပ်မလုပ်နိုင်ခဲ့လျှင် အစာအိမ်ချဉ်ဖန်နှုန်းကျသွားတတ်ပါသည်။ အစာအိမ်ချဉ်ဖန်နှုန်းသည် အချိန်ကြာမြင့်စွာ ကျနေလျှင် နို့စားနွားမများ၏အစာစားနှုန်း၊ အစာအိမ်အတွင်းရှိ ပိုးများ၏ဇီဝဖြစ်ပျက်မှုနှင့် အစာချေဖျက်နှုန်းတို့အပေါ်တွင် ဆိုးရွားစွာ အကျိုးသက်ရောက်နိုင်ပါသည်။

ထို့ကြောင့် အစာအိမ်အတွင်း အက်စစ်ဓာတ်များခြင်းကြောင့်ဖြစ်သောရောဂါ၊ ခြေလက်နာခြင်းနှင့် ဝမ်းလျှောခြင်းစသည့် ရောဂါများဖြစ်ပွားလာနိုင်သည့်အပြင် အမျှင်ဓာတ်ချေဖျက်သော ဗက်တီးရီးယားများ၏ စွမ်းဆောင်ရည်ကျဆင်းလာသောကြောင့် နို့တွင်းအဆီဓာတ်သည်လည်း လျော့ကျလာနိုင်ပါသည်။ လက်တစ်သည် ကစီဓာတ်များချေဖျက်ခြင်း၏ အဓိကအရာတစ်ခုဖြစ်ပြီး အစာအိမ် ထဲတွင် ရှိနေခြင်းအားဖြင့် လက်တစ်အက်စစ်အသုံးချသော ဗက်တီးရီးယားများကို လှုံ့ဆော်ပေးပါသည်။

ဤနည်းအားဖြင့် အစာအိမ်အတွင်းရှိ ပိုးများအားလုံးကို လက်တစ်ပမာဏများသောပတ်ဝန်းကျင်တွင် နေသားတကျ နေထိုင်နိုင်ရန် ကူညီပေးပါသည်။ မှိုပရိုဘိုင်ရောတစ်များသည် လက်တစ်ထုတ်လုပ်သော ဗက်တီးရီးယားနှင့် လက်တစ် အသုံးချ သော ဗက်တီးရီးယားများအကြားတွင် အပြန်အလှန် အကျိုးပြုအောင် ထိန်းညှိပေးခြင်းအားဖြင့် အစာအိမ်ချဉ်ဖန်နှုန်းကို တည်ငြိမ်အောင် ထိန်းထားနိုင်ပါသည်။ ထို့ကြောင့် အစာအိမ်အတွင်း အက်စစ်ဓာတ်များခြင်းကြောင့်ဖြစ်သော ရောဂါဖြစ်ပွားမှုများကိုလည်း ကန့်သတ်ထိန်းထားနိုင်ပါသည်။

**နွားငယ်လေးများ၏ကျန်းမာရေးနှင့် ပရိုဘိုင်ရောတစ်**

နွားငယ်လေးများသည် မိခင်နွားမကြီး၏ တံတွေးမှတစ်ဆင့် အစာချေဖျက်နိုင်သောပိုးများ မြန်မြန်ဆန်ဆန်လက်ခံရရှိရန် လိုအပ်ပါသည်။ မိခင်နှင့် နွားကလေးထိတွေ့ချိန်သည် တစ်နိုင်တစ်ပိုင်မွေးမြူသော နွားခြံများတွင် အချိန်ကြာမြင့်နိုင်ပြီး အကောင်အရေအတွက်များသော နွားခြံကြီးများတွင် အချိန်နည်းနိုင်ပါသည်။ ထိုခြံကြီးများတွင် နွားလေးမွေးပြီး အချိန်မကြာမီ မိခင်နှင့် နွားကလေးကို ခွဲထားကြပါသည်။ ထို့ကြောင့် နွားငယ်လေးများတွင် လိုအပ်သော အစာအိမ်အတွင်းရှိ ပိုးအရေအတွက် မပြည့်ဝသောကြောင့် အစာအိမ်တွင်းပိုးများ မညီမျှမှု ဖြစ်ပေါ်ပြီး ရောဂါဝင်ရောက်နိုင်မှုပိုများနိုင်ပါသည်။ အစာအိမ်လမ်းကြောင်းဆိုင်ရာရောဂါများသည် နွားငယ်လေးများတွင် စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများသော ရောဂါများအနက်တစ်ခုဖြစ်ပါသည်။ သုတေသနတွေ့ရှိချက်များအရ ပရိုဘိုင်ရောတစ်ဖြည့်စွက် ကျွေးသောနွားငယ်လေးများသည် ဖြည့်စွက်မကျွေးသော နွားငယ်လေးများထက် အမျှင်ဓာတ်ချေဖျက်နိုင်သောပိုး အရေအတွက် လျင်မြန်စွာများပြားတိုးတက်လာသည်ကို လေ့လာတွေ့ရှိရပါသည်။

**အမျှင်ဓာတ်ချေဖျက်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း**

စားမြုံ့ပြန်သတ္တဝါများတွင် အမျှင်ဓာတ်များကိုလက်ခံကောင်ကိုယ်တိုင်က ချေဖျက်နိုင်ခြင်းမရှိဘဲ အစာအိမ်အတွင်းရှိ အမျှင်ဓာတ်ကို ချေဖျက်နိုင်စွမ်းရှိသောပိုးများမှထုတ်သည့် အင်ဇိုင်းများဖြင့် ချေဖျက်ပေးပါသည်။ မှိုပရိုဘိုင်ရောတစ်သည် အစာအိမ်အတွင်းရှိ အမျှင်ဓာတ်ကိုချေဖျက်နိုင်စွမ်းရှိသောပိုးများ၏ ကြီးထွားဖွံ့ဖြိုးမှုကို ဆိုးကျိုးဖြစ်စေနိုင်သည့် အစာအိမ်တွင်းအောက်ဆီဂျင်ကိုဖမ်းစားလိုက်ပါသည်။ အစာအိမ်ထဲတွင် အောက်ဆီဂျင်မရှိမှသာ အစာအိမ်အတွင်းရှိ လေမဲ့ဗက်တီးရီးယားများကောင်းမွန်စွာ ရှင်သန်နိုင်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် မှိုပရိုဘိုင်ရောတစ်သည် အစာအိမ်အတွင်းရှိ အမျှင်ဓာတ်ကို ချေဖျက်နိုင်သော ပိုးအရေအတွက်ကို များပြားအောင် လှုံ့ဆော်ပေးသည့်အပြင် အင်ဇိုင်းများ၏လုပ်ဆောင်မှုကိုလည်း နှိုးဆွပေးပါသည်။ မှိုပရိုဘိုင်ရောတစ် ဖြည့်စွက်ကျွေးခြင်းဖြင့် အစာအိမ်အတွင်းရှိ ပရိုတိုဇိုးရွား ပမာဏများလာပြီး အမျှင်ဓာတ်အစာချေဖျက်နှုန်းကို ကောင်းစေပါသည်။ ထို့အပြင် ယင်းကို ဖြည့်စွက်ကျွေးခြင်းအားဖြင့် အမျှင်ဓာတ်ချေဖျက်နိုင်စွမ်းရှိသော ဗက်တီးရီးယားများ၏ကြီးထွားမှုအတွက် လိုအပ်သောဗိုက်တာမင် နှင့် အခြား အော်ဂဲနစ်အက်စစ်၊ ဗိုက်တာမင်-ဘီနှင့် အမိုင်နိုအက်စစ်ကဲ့သို့သော ကြီးထွားဟော်မုန်းများလည်း ပိုမိုထွက်လာပါသည်။

အချုပ်အားဖြင့် ပရိုဘိုင်ရောတစ်များသည် စားမြုံ့ပြန်သတ္တဝါများ၏ ထုတ်လုပ်မှုနှင့်ကျန်းမာရေးအပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုများရှိပါသည်။ ပရိုဘိုင်ရောတစ်များသည် အစာအိမ်အတွင်းဂေဟစနစ်ကို ကောင်းမွန်စေခြင်း၊ အစာအိမ်ချဉ်ဖန်နှုန်းကိုထိန်းညှိပေးနိုင်ခြင်းနှင့် အစာအိမ်အတွင်း အက်စစ်ဓာတ်များခြင်းကြောင့် ဖြစ်သောရောဂါနှင့် နို့အုံရောင်ရောဂါ ဖြစ်ပွားမှုများကို လျှော့ချနိုင်သည့် အစွမ်းသတ္တိများရှိပါသည်။ တိရစ္ဆာန်များ၏ ကြီးထွားနှုန်း၊ အစာကြမ်းချေဖျက်နိုင်စွမ်း၊ နို့ထွက်နှုန်းနှင့် နို့အရည်အသွေးတို့ ပိုမိုကောင်းမွန်စေနိုင်ခြင်းစသည့်အစွမ်းများလည်းရှိပါသည်။ ထို့အပြင် ပရိုဘိုင်ရောတစ်များသည် ရောဂါဖြစ်စေနိုင်သော ပိုးများဝင်ရောက်မှုကို ဟန့်တားကာကွယ်ပေးနိုင်ခြင်း၊ ကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးနိုင်ခြင်း၊ ပဋိဇီဝဆေးများသုံးစွဲမှုကိုလျှော့ချပေးနိုင်ခြင်းစသည့်ဂုဏ်သတ္တိများကိုလည်း ပိုင်ဆိုင်ထားပါသည်။ ။

**မှိုပရိုဘိုင်ရောတစ်ကို မမွေးခင် နှစ်ပတ်အလိုမှ မွေးပြီး ရက်သတ္တပတ် ၃၀ အထိကျွေးပြီး စမ်းသပ်ခဲ့ရာတွင် ပရိုဘိုင်ရောတစ် ဖြည့်စွက်ကျွေးသော အုပ်စုရှိ နွားမများသည် အခြားဖြည့်စွက် မကျွေးသောအုပ်စုရှိ နွားမများထက် နို့ထွက်နှုန်း ၉ ရာခိုင်နှုန်း ပိုမိုထွက်ရှိကြောင်း လေ့လာတွေ့ရှိရ**

## ပြည်မြို့နယ်တွင် ကြံနှင့်သကြားစိုက်ပျိုးထုတ်လုပ်သူများ အသင်းဖွဲ့စည်းခြင်းအခမ်းအနားကျင်းပ

ပြည် ဩဂုတ် ၁၂

မြန်မာနိုင်ငံ ကြံနှင့် သကြားစိုက်ပျိုးထုတ်လုပ်သူများအသင်း(ပြည်မြို့နယ်/ပေါက်ခေါင်းမြို့နယ် ပြည်ခရိုင်အသင်းခွဲ)များ ဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ် ၈ ရက်က ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရွှေဓနုစိုက်ပျိုးရေးဆေးဆိုင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံသကြားနှင့် ကြံထွက် လုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌဦးစံသိန်း၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်ဦးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယခုကဲ့သို့ အသင်းခွဲများ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ ကျင့်သုံးနိုင်ခြင်း၊ စက်ကိရိယာများ စုပေါင်းဝယ်ယူအသုံးပြုစိုက်ပျိုးနိုင်ခြင်း၊ သွင်းအားစုများ ဝယ်ယူသုံးစွဲရာတွင် ဈေးနှုန်းမှန်၊ အရည်အသွေးမှန်များကို စုစည်းဝယ်ယူသုံးစွဲနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ ပြဿနာများကို စုပေါင်းဖြေရှင်းနိုင်ခြင်း၊ ငွေကြေးအရင်းအနှီးများ ရရှိနိုင်ရန် စုပေါင်းတာဝန်ယူဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ကြံနှင့်သကြားစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများမှ အကျိုးအမြတ်များ ပိုမိုရရှိစေမည်ဖြစ်ကြောင်း သိရသည်။

မြင့်နိုင်(ပြည်)

# မြို့ဝင်ကြေး(ဘီးခွန်)ကောက်ခံမှုများအပေါ် ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်

**မကွေး ဩဂုတ် ၁၂**
မကွေးမြို့နယ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံသော မြို့ဝင်ကြေး ဘီးခွန်ကောက်ခံမှုနှုန်းထားများကို တရားဝင်ဆိုင်းဘုတ်များ စိုက်ထူ၍ ဒေသခံပြည်သူများ သိရှိစေရန် ဆောင်ရွက်ထားပြီးဖြစ်ရာ ကောက်ခံမှုအပေါ် ကျေနပ်မှုမရှိပါက ဆိုင်းဘုတ်များတွင်ပါရှိသည့် မကွေးတိုင်းဒေသကြီးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပြီဖြစ်ကြောင်း သိရသည်။

"သက်ဆိုင်ရာမြို့အလိုက် မြို့ဝင်ကြေးဘီးကောက် တစ်နှစ်စာဆောင်ထားတဲ့ အထောက်အထားတံဆိပ်မရှိရင် မြို့ဝင်ကြေးကောက်ခံခွင့်ရှိတဲ့ဂိတ်တွေမှာ ဘီးကောက်ပေးဆောင်ရမှာပါ။ မြို့ထဲကလမ်းတွေပေါ်မှာ သွားလာတဲ့ ယာဉ်တွေအပေါ်မှာ အခွန်အခကောက်ခံနိုင်တဲ့ အခွင့်အာဏာကိုလည်း တိုင်းဒေသကြီးအစိုးရက ပေးထားပါတယ်။ ပေးတယ်ဆိုတဲ့နေရာမှာလည်း အကန့်အသတ်နဲ့ ယာဉ်တန်ချိန်အလိုက် ကောက်ခံရမယ့်နှုန်းထားတွေ သတ်မှတ်ပေးထားပါတယ်။ မြို့ဝင်ကြေး ဘီးခွန်နဲ့ ပတ်သက်ပြီး ကျေနပ်မှုမရှိရင် တိုင်ကြားနိုင်ပါတယ်"ဟု မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်က ပြောသည်။

မကွေးမြို့နယ်အတွင်းရှိ ရေဝတီတံတား(မကွေး)၌ တံတားဖြတ်သန်းခ ကောက်ခံမှုနှင့် မကွေး၊ မင်းဘူးမြို့ဝင်ကြေးများကို ဒေသတွင်းကုမ္ပဏီတစ်ခုဖြစ်သည့် ကောင်းမွန်(မကွေး)မှ လေလံယူကာ ကောက်ခံဆောင်ရွက်ရာတွင် ဆိုင်ကယ်များကိုပါ မြို့ဝင်ကြေးကောက်ခံနေမှုနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူအချို့ထံမှဝေဖန်မှုများ ထွက်ပေါ်နေခဲ့သည်။

"ကျွန်တော်က မင်းဘူးသားဆိုတော့ မင်းဘူးကနေ မကွေးလာရင် တံတားကနေ မြို့ဝင်ကြေးတစ်ရာကောက်တာကို မပြောလိုပါဘူး။ ဒါပေမယ့် ကိုယ့်မြို့ကိုယ်ပြန်ဝင်လာတာကို မြို့ဝင်ကြေး ထပ်ပေးနေရတယ်။ ဆိုင်ကယ်ဆိုတာ ၂၀၀၀ ပြည့်နှစ်လောက်တုန်းကတော့ လူတန်းစားတစ်ရပ်စီးတာ ဖြစ်ပေမယ့် ဒီနေ့ခေတ်မှာ ပြည်သူအများစု အသုံးပြုနေတဲ့ အသုံးအဆောင်ဖြစ်နေပါပြီ။ ဒီအပေါ်မှာတော့ ဖြေလျှော့မှုတွေ လုပ်ဆောင်ပေးသင့်ပါတယ်"ဟု မင်းဘူးမြို့မှ ဒေသခံတစ်ဦးကပြောသည်။

ဆိုင်ကယ်များသည် ဥပဒေအရ တစ်နှစ်စာဘီးခွန် ၃၀၀၀ ကျပ်ဆောင်၍ အထောက်အထားချိတ်ဆွဲထားပါက ဘီးခွန်ဆောင်ရာ မြို့နှင့် သက်ဆိုင်သည့်မြို့အဝင်များတွင် ဘီးကောက်ပေးစရာမလိုကြောင်း၊ သို့သော် ဆိုင်ကယ်ပိုင်ရှင်အများစုမှာ တစ်နှစ်စာ အခွန်ဆောင်ခြင်းမရှိဘဲ ဖြတ်သန်းရာဂိတ်များတွင် တစ်ရာပေး၍ ဖြတ်သန်းနေကြကြောင်း၊ အခွန်ဆောင်ရာတွင်လည်း ဧပြီ ၁ ရက်နှင့်နောက်ပိုင်း စဆောင်သည့်အချိန်မှ မတ် ၃၁ ရက်အထိသာ အကျုံးဝင်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းတစ်ဦးက ပြောသည်။

ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျာ ဦးထွန်းအောင်ကျော်က တံတားကြေးနှင့် မြို့ဝင်ကြေး ကောက်ခံမှုနှင့်ပတ်သက်၍ "စက်ဘီး၊ ဆိုင်ကယ်၊ မြင်းလှည်းတွေကို တံတားကြေးဆိုပြီး ကောက်ခံတာမရှိပါဘူး။ အခြားယာဉ်တွေကိုလည်း လမ်းဦးစီးဌာနက သတ်မှတ်ပေးတဲ့နှုန်းထားအတိုင်းပဲ ကောက်ပါတယ်။ မြို့ဝင်ကြေးကိုလည်း မကွေးမြို့၊ မင်းဘူးမြို့ စည်ပင်သာယာရေးအဖွဲ့များရဲ့သတ်မှတ်ပေးချက်အရ ဆိုင်ကယ်ကို တစ်ရာကျပ်ကောက်ပါတယ်။ ကားတွေကိုလည်း တန်ချိန်အလိုက် သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံပါတယ်။ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ လမ်းဦးစီးကို လေလံကြေး ကျပ် ၇၁၅၀ သိန်း၊ မကွေးမြို့နယ်စည်ပင်ကို ကျပ် ၅၉၁ ဒသမ ၉၅ သိန်း၊ မင်းဘူးမြို့နယ်စည်ပင်ကို ကျပ် ၁၂၇၃ ဒသမ ၅၁ သိန်း ပေးဆောင်ပြီး လုပ်ငန်းများလုပ်ကိုင်နေပါတယ်"ဟု ပြောသည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် လေလံရရှိငွေများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ သုံးစွဲဆောင်ရွက်လျက်ရှိကြောင်း၊ လေလံယူလုပ်ကိုင်သူများက သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံမှုမရှိလျှင် စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပြည်သူများက တိုင်ကြားရန်လိုအပ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျာတု(မကွေး)**



# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုပြုလုပ်

**မလှိုင် ဩဂုတ် ၁၂**
မလှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဩဂုတ်၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးဒေါက်တာဇော်သိန်းကျော်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သူနာပြုအဆင့်(၁) ဆရာမကြီးဒေါ်လှကြွယ်က မိခင်နို့တိုက်ကျွေးခြင်းအကြောင်းနှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း စီမံကိန်းအရာရှိဒေါ်မြမြသွေးက ခန္ဓာကိုယ်ကြီးထွားစေသော အစာ၊ အားအင်ဖြစ်ထွန်းစေသော အစာ၊ ရောဂါကာကွယ်စေသောအစာ စသည့် အစာအုပ်စုကြီးသုံးခုအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်နှင့် အဖွဲ့ဝင်များက နို့တိုက်မိခင်များအား အာဟာရပြည့်ဝသော အစားအစာ ချက်ပြုတ်နည်းများကို လက်တွေ့ချက်ပြုတ်ပြသခဲ့ပြီး မိခင်နို့တိုက်ကျွေးရေး စံပြမိခင်ဆုရရှိသူများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် ဩဂုတ်လကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုလအဖြစ် သတ်မှတ်ပြီး ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေး၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးနှင့် စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်ဌေး(မလှိုင်)**



မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက် တာမိုင်(၆/၃)အနီးရှိ စွန့်ပစ်တာ ကမ်းပြိုလာမှုကြောင့် ရေပေါ်ရေလွှဲတန်းနှင့် ဖြတ်တာပြုလုပ်ခြင်းလုပ်ငန်းများကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ လက်ထောက်အင်ဂျင်နီယာ ဦးမြတ်သူလွင် ဦးဆောင်သော ဆည်မြောင်းဝန်ထမ်းများက စက်အင်အား၊ လူအင်အားများဖြင့် ဩဂုတ် ၁၀ ရက်က ဆောင်ရွက်နေစဉ်။ (မြို့နယ် ပြန်/ဆက်)

# လယ်ယာလုပ်ငန်းခွင်တွင် ရဲတပ်ဖွဲ့ဝင်များက ကူညီကောက်စိုက်ပေး

**သာစည် ဩဂုတ် ၁၂**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြာဘက်ကုန်းကျေးရွာ ကွင်းအမှတ်(၁၈၅၅)ရှိ လယ်သူမကြီး ဒေါ်ခင်စောအေး၏ လယ်မြေ ၁ ဒသမ ၂၈ ဧကတွင် မနောသုခမိုးစပါး စိုက်ပျိုးရန်အတွက် လုပ်သားရှားပါးနေခြင်းကြောင့် ရဲမေနှင့် ရဲတပ်သားများက ကူညီကောက်စိုက်ပေးခဲ့ကြောင်း သိရသည်။

ကောက်စိုက်လုပ်သားရှားပါးမှု ကြုံတွေ့နေရသည့်အတွက် ပြည်သူ့အကျိုးပြုဆောင်ရွက်မှုအဖြစ် သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဝင်းထွဋ်နှင့် ရဲမေလေးဦး၊ ရဲတပ်သားရှစ်ဦးတို့က ဩဂုတ် ၁၀ ရက်တွင် ကြာဘက်ကုန်းကျေးရွာသို့သွားရောက်ပြီး လယ်သူမကြီး ဒေါ်ခင်စောအေး၏ လယ်မြေကွက်တွင် ရွာခံကောက်စိုက်သမများနှင့် ပူးပေါင်း၍ ရဲတပ်သားများနှင့် ရဲမေများက ပျိုးလက်သယ်ယူပေးခြင်း၊ ကောက်စိုက်ပေးခြင်းတို့ကို ကူညီပြုလုပ်ပေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ကို(သာစည်)**



# ခရမ်းမြို့နယ်အသင်း(ရန်ကုန်) တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးပေး

**ခရမ်း ဩဂုတ် ၁၂**
ခရမ်းမြို့နယ်အသင်း(ရန်ကုန်)ပညာရေးကော်မတီ၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဩဂုတ် ၉ ရက်က ခရမ်းမြို့နယ်အသင်း (ရန်ကုန်)ရုံး၌ ကျင်းပရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ထောက်ပံ့ကြေးရယူကြမည့် ကျောင်းသူကျောင်းသား ၃၁ ဦး တို့အား ဩဂုတ်လ၊ စက်တင်ဘာလနှင့်အောက်တိုဘာလတို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၃၉ သိန်းကို အသင်းနာယကဥက္ကဋ္ဌနှင့်အမှုဆောင်များက ပေးအပ်ခဲ့သည်။ ခရမ်းမြို့နယ်အသင်း (ရန်ကုန်)ပညာရေးကော်မတီသည် ၂၀၀၈ ခုနှစ်ပညာသင်နှစ်မှစ၍ ၂၀၁၆ ခုနှစ်အထိ ခရမ်းမြို့နယ်မှ တက္ကသိုလ်များသို့ တက်ရောက်ပညာ သင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူ ၆၉ ဦးတို့အား ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၇၃၃ သိန်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။

**ခရမ်းစိုးမြင့်**

# မြစ်ရေမြင့်တက်သဖြင့် ကျေးရွာချင်းဆက်ချောင်းကူးတံတားပြိုကျ

**မအူပင် ဩဂုတ် ၁၂**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာအုပ်စု သရက်ငူကျေးရွာ(နယ်မြေ ၁၃)၌ ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီခန့်က မြစ်ရေမြင့်တက်ပြီး ရေစီးကြမ်းသဖြင့် သရက်ငူကျေးရွာနှင့် လေးအိမ်စုရွာမ ဆက်သွယ်ထားသည့် ချောင်းကူးသံကူကွန်ကရစ်တံတား ပြိုကျခဲ့ကြောင်းသိရသည်။



အဆိုပါတံတားသည် အကျယ် ၁၅ ပေ၊ အရှည် ၂၅ ပေရှိကာ လေးအိမ်စုကျေးရွာအုပ်စုအတွင်းမှ ကျေးရွာချင်းဆက်တံတားတစ်စင်းဖြစ်ပြီး ကျေးရွာနေပြည်သူတစ်ဦးဖြစ်သည့် ဦးကိုကိုကြီး၏ မတည်လှူဒါန်းမှုဖြင့် ပြီးခဲ့သော နှစ်နှစ်ခန့်က ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ ရေကြီးမှုကြောင့် တံတားပြိုကျသဖြင့် လတ်တလောသွားလာနိုင်ရန်အတွက် တံတားပြိုကျသည့်နေရာတွင် သံပြားများခင်းပြီး ဝါးလက်တန်းများပြုလုပ်ထားကြောင်း၊ သို့သော် ကျေးရွာနေကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ဆိုင်ကယ်၊ ကားများဖြင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရန်အတွက် ကြံ့ခိုင်မှုရှိသည့်တံတားသစ် ပြန်လည်ဆောက်လုပ်နိုင်ရေး ကျေးရွာနေပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

တံတားပြိုကျပျက်စီးမှုအခြေအနေကို မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်သူရ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ တာဝန်ခံဦးကျော်ထွန်းဝင်းနှင့် မြို့မရဲစခန်းမှ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးဦးရဲလင်းသန်းနှင့်အတူ သွားရောက်ကြည့်ရှုခဲ့ပြီး တံတားပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ညောင်ကျိုးဒေသအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**အင်္ဂပူ ဩဂုတ် ၁၂**
အင်္ဂပူမြို့နယ် ညောင်ကျိုးဒေသအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ညောင်ကျိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၉ ရက်က ပြုလုပ်ခဲ့သည်။ ထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဖြိုးစည်သူကုမ္ပဏီမှ လှူဒါန်းသော ဆန်အိတ် ၅၀ နှင့် Nation Light ကုမ္ပဏီမှ လှူဒါန်းသော ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် Nation Light ကုမ္ပဏီမှ တာဝန်ရှိသူများက ရေဘေးသင့်ဒေသမှပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ ထို့နောက် လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ညောင်ကျိုးကျေးရွာရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားခဲ့သည်။ **မန်းကျော်(ပြန်/ဆက်)**

# အမြန်လမ်းမကြီးပေါ်တွင် ဆိုင်ကယ်နှင့် အနေးယာဉ်များ စီးနင်းမောင်းနှင်ခြင်းမပြုရန် ပညာပေးဟောပြော

**ကျောက်တံခါး ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်း အပိုင်အတွင်းရှိ ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီးလမ်းပိုင်းပေါ်တွင် တက်ရောက်စီးနင်းမောင်းနှင်ခွင့်မရှိသော ဆိုင်ကယ်၊ ထော်လာဂျီနှင့် အနေးယာဉ်များ တက်ရောက်မောင်းနှင်ခြင်း မရှိစေရေးအတွက် ဩဂုတ် ၁၀ ရက်က အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။



ဟောပြောပွဲများကို မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးဒုရဲမှူးထွန်းထွန်းဦး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်စီးနင်း မောင်းနှင်ခွင့်မပြုသည့်ဆိုင်ကယ်၊ ထော်လာဂျီနှင့် အနေးယာဉ်များအနေဖြင့် လမ်းမကြီးပေါ်သို့ တက်ရောက်စီးနင်းမောင်းနှင်ခြင်း မပြုလုပ်ကြဘဲ လမ်းဘေးမြေသားလမ်းမှသာ အသုံးပြုသွားလာကြရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းလမ်း စည်းကမ်းများကို လေးစားလိုက်နာကြရန် အသိပညာပေး ဟောပြောခဲ့ကာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်းသိရသည်။

ဟောပြောပွဲများကို မြို့ချောင်းကျေးရွာအနီး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၈၃/၆)၌ ပြုလုပ်ခဲ့ရာတွင် ဆိုင်ကယ်မောင်းနှင်သူ ၃၅ ဦးကိုလည်းကောင်း၊ အမြန်လမ်း မိုင်တိုင်အမှတ်(၉၉/၄) အောင်မင်္ဂလာ-သရက်စိန်လမ်းဆုံ၌ ပြုလုပ်ခဲ့ရာတွင် ဆိုင်ကယ်မောင်းနှင်သူ ၃၀ ဦးကိုလည်းကောင်း အသိပညာပေးဟောပြောနိုင်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ရေဘေးသင့်ဒေသများမှ တိရစ္ဆာန်များအား ကွင်းဆင်းကုသရေး ဆောင်ရွက်ပေး

**မကွေး ဩဂုတ် ၁၂**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ သဘာဝဘေးဆိုင်ရာ အရေးပေါ်ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ ချောက်၊ ရေနံချောင်း၊ စလင်း၊ ပွင့်ဖြူ၊ မင်းဘူးနှင့် အောင်လံမြို့နယ်များရှိ ရေဘေးသင့်ဒေသများမှ ပြည်သူများ မွေးမြူထားသော တိရစ္ဆာန်များကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



သဘာဝဘေးဆိုင်ရာ အရေးပေါ်ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင် ဦးဆောင်ပြီး တိရစ္ဆာန်ဆေးကုဆရာဝန် ၂၀ ဦးပါဝင်သောအဖွဲ့နှင့် တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမောင်တို့ ပူးပေါင်းသည့်အဖွဲ့က တိုင်းဒေသကြီးအတွင်း ဩဂုတ် ၅ ရက်မှ စတင်ရောက်ရှိကာ မြို့နယ်များသို့ အဖွဲ့များခွဲပြီး ကွင်းဆင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ကွင်းဆင်းအဖွဲ့များအနေဖြင့် မြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများတွင် ဒေသခံမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့များနှင့် ပူးပေါင်း၍ ရေဘေးသင့်တိရစ္ဆာန်များစာရင်းကောက်ယူခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအဖြစ် ကာကွယ်ဆေးထိုးခြင်း၊ ရောဂါများကုသပေးခြင်း၊ ရောဂါများကာကွယ်ရေး ပညာပေးဆွေးနွေးဟောပြောခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးဆွေးနွေး

**မအူပင် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် မအူပင်ခရိုင် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအတွက် ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုရေး လုပ်ငန်းစီမံချက်ဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင်က ကွန်ဒုံးအသုံးပြုရမည့် ဦးတည်အုပ်စုများအကြောင်း အဖွင့်ဆွေးနွေးပြီး ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယဉ်ယဉ်နွဲ့က လက်ရှိဆောင်ရွက်ထားသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပြည်ကြီးခင် ပြည်တွင်း (NGO)အဖွဲ့မှ ဒေါက်တာဖြိုးမင်းသိန်းနှင့် မအူပင်မြို့ ကျန်းမာရေးစောင့်ရှောက်မှု မာရီစတုပ်အဖွဲ့တို့က HIV နှင့် ပတ်သက်သည့် ကြိုတင်ကာကွယ်မှု၊ ကုသမှုများ အကြောင်းကို ဆွေးနွေးကြပြီး တက်ရောက်သူများကလည်း သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာဖောင်ဒေးရှင်းအဖွဲ့မှလှူဒါန်းသည့် ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီး

**ငါ့သရောက် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ကုလားတဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ကျောင်းသားကျောင်းသူများအတွက် လိုအပ်လျက်ရှိသည့် ကျောင်းဆောင်သစ်တစ်ဆောင်ကို Myanmar Foundation အဖွဲ့က ကျပ်သိန်း ၄၀၀ ခန့် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ရာ ယခုအခါ ကျောင်းဆောင်သစ်ဆောက်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကုလားတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရခဲ့ပါတယ်။ ပညာသင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေ စိတ်အေးချမ်းသာစွာ ပညာသင်ကြားခွင့်တွေရရှိအောင် ဒေသခံတွေနဲ့ညှိနှိုင်းပြီး ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ Myanmar Foundation အဖွဲ့က ကျောင်းဆောင်သစ်ကို လှူဒါန်းပေးတဲ့အပြင် ကျောင်း အတွက်လိုအပ်တဲ့ စာသင်ခုံအလုံး ၃၀၊ ဝှိုက်ဘုတ်သုံးချပ်၊ ကုလားထိုင်သုံးလုံးနဲ့ ခြောက်ခန်းတွဲ သန့်စင်ခန်းအဆောက်အအုံတစ်လုံးကိုလည်း ဆောက်လုပ်လှူဒါန်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ကျေးရွာအနေနဲ့လည်း ကျောင်းဆောင်သစ်ဆောက်လုပ်ဖို့အတွက် ကျပ် ၄၆ သိန်း ထည့်ဝင်လှူဒါန်းခဲ့ပါတယ်"ဟု ကုလားတဲကျေးရွာ အထက(ခွဲ)မှ အထက်တန်းပြဆရာဦးအောင်ဆန်းက ပြောသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ဇူလိုင် ၁ ရက်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၃ ပေခန့်ရှိကြောင်းနှင့် ယခုအခါ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ကျောင်းရှိ ကျောင်းသားကျောင်းသူ ၆၀၀ ကျော်အနေဖြင့် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## သတင်းတိုများ

### တာမွေမြို့နယ်အတွင်း ရေမြောင်းများထပ်မံရှင်းလင်း

တာမွေမြို့နယ်(၁၆၄)လမ်းရှိ မြေအောက်မြောင်းတွင် အမှိုက်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို တာမွေမြို့နယ် စည်ပင်သာယာရေးဌာနမှ အုပ်ချုပ်ရေးမှူးဦးသန်းဦး ကြီးကြပ်သည့် လမ်းတံတားအဖွဲ့ဝင်များက ဩဂုတ် ၉ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါရေမြောင်းအတွင်းရှိ အမှိုက်များကို မကြာသေးခင်က ရှင်းလင်းထားပြီးဖြစ်သော်လည်း အမှိုက်များ ပြန်လည်စွန့်ပစ်ထားကြသူများကြောင့် ရေမြောင်းရေစီးရေလာကောင်းမွန်စေရန်အတွက် မြောင်းအတွင်းရှိအမှိုက်များကို ထပ်မံဆယ်ယူခြင်းဖြစ်ကြောင်းနှင့် ရပ်ကွက်နေပြည်သူများအနေဖြင့် အမှိုက်များကို ရေမြောင်းများအတွင်းပစ်ပါက မြောင်းပိတ်ပြီး ရေကြီးရေလျှံမှုများ ဖြစ်နိုင်သဖြင့် စည်းကမ်းရှိစွာ အမှိုက်စွန့်ပစ်ကြရန်လိုကြောင်း စည်ပင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**လှလှ**

### ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့၌ မိုးရာသီကာလ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပေါ်စေရေးအတွက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ဋ္ဌေးနှင့် ကော်မတီဝင်များ၊ မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ ဒေါက်တာဆွေဇင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပါဝင်သောအဖွဲ့က မြို့ပေါ်ရပ်ကွက်များရှိ မုန့်ဟင်းခါးဖိုများနှင့် ဈေးဆိုင်များတွင် ရောင်းချနေသော အစားအသောက်များကို ဩဂုတ် ၁၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်သန့်ရှင်းရေးနှင့် စားသုံးသူများအတွက် ဘေးဥပဒ်ကင်းရှင်းအောင် ထုတ်လုပ်ရေးတို့ကို လုပ်ငန်းရှင်များအား ပညာပေးဆွေးနွေးခဲ့သည်။ ထို့အတူ မြို့တွင်းရှိ ဆေးဝါးပစ္စည်းရောင်းချသောဆိုင်များတွင် လုပ်ငန်းလိုင်စင် ပြုလုပ်ထားခြင်းရှိမရှိနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းရှိမရှိတို့ကိုလည်း စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

### ရေဘေးရှောင်စခန်းမှပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေး

ညောင်တုန်းမြို့ အမှတ် (၇) ရပ်ကွက် တိုက်သစ်ဘုန်းတော်ကြီးကျောင်း စိန်ဘုရားပြည့် ဗိမာန်တော်ကြီးတွင် ဖွင့်လှစ်ထားရှိသည့် ရေဘေးရှောင်စခန်းမှ ပြည်သူများနှင့် အဆိုပါရပ်ကွက်နေ ပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၆) စစ်မြေပြင်ဆေးတပ်ရင်း ဆေးကုသရေးအဖွဲ့မှ ဗိုလ်မှူးထွန်းနွယ်ဦး ဦးဆောင်သော ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ဩဂုတ် ၉ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲကို ဗန်းမောက်မြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဩဂုတ် ၉ ရက်ကကျင်းပခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်လှမြတ်ရည်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်မေသူဟန်က မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များ ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားခဲ့သည်။

ထို့နောက် ကျောင်းသားကျောင်းသူများအနေဖြင့် မြန်မာ့ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားကြရန်၊ အဝတ်အစားဆင်ယင်ရာတွင် တိုင်းတစ်ပါးမှုဝတ်စားဆင်ယင်မှုများကို အတုမယူကြရန်နှင့် မြန်မာဆန်ဆန်ဝတ်စားဆင်ယင်ကြရန်၊ မိမိတို့၏ဘာသာစကားနှင့် ကိုးကွယ်ရာဘာသာတို့ကိုလည်း လေးစားတန်ဖိုးထားကြရန် စသည်တို့ကို ဟောပြောခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

### အခြေခံပညာကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

မုံရွာမြို့ အခြေခံပညာအထက်တန်းကျောင်းများရှိ ကျောင်းသားကျောင်းသူများအတွက် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနက ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ ဩဂုတ် ၈ ရက်တွင် အထက(၃)ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် အထက(၄)ကျောင်းမှ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ၄၂၄ ကတ်ကိုလည်းကောင်း၊ ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ် ၁၇၂ ကတ်ကိုလည်းကောင်း ကွင်းဆင်းပြုလုပ်ပေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်နှင့် တိုင်းဒေသကြီး လဝက ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

### မိုးစပါး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် သရုပ်ပြ

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကို ဟုမ္မလင်းမြို့နယ် တာပတောင်းကျေးရွာ၌ ဩဂုတ် ၉ ရက်က ပြုလုပ်ခဲ့သည်။ သရုပ်ပြပွဲတွင် ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စုစုထွေးက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအကြောင်းကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကျေးရွာမှ တောင်သူတစ်ဦးဖြစ်သည့် ဦးသိန်းအောင်၏လယ်မြေ၌ မိုးစပါးပျိုးပင်များကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များနှင့်အညီ လက်တွေ့သရုပ်ပြ စိုက်ပျိုးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# မန်စီးတီးအတွက် ဂိုးများများသွင်းပေးဖို့ လီရွိုင်းဆာနီကို မျှော်လင့်ထား

မန်စီးတီးဟာ ရှော်လ်ကေးလူငယ်တိုက်စစ်မှူး လီရွိုင်းဆာနီကို ပေါင် ၃၇ သန်းနဲ့ စာချုပ်လိုက်ပြီဖြစ်ပါတယ်။ ဆာနီဟာ အသက် ၂၀ အရွယ်သာရှိသေးပေမယ့် မန်စီးတီးအသင်းအတွက် ဂိုးတွေများများသွင်းပေးရာမှာ များစွာအထောက်အကူပြုလိမ့်မယ်လို့ ဆိုပါတယ်။ ဒါကို မန်စီးတီးရဲ့အဓိက တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဒီဘရိုင်းကလည်း အပြည့်အဝ ယုံကြည်ထားပါတယ်။ မန်စီးတီးရဲ့တိုက်စစ်မှူးအသစ် ဆာနီဟာ အသင်းရဲ့ တောက်ပလာမယ့် ကြယ်တစ်ပွင့်လို့လည်း ဒီဘရိုင်းက မှတ်ချက်ပြုထားတာပါ။ မန်စီးတီးအသင်းကို တတိယအကြိမ်မြောက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်အောင် ကြိုးစားရာမှာလည်း များစွာအထောက်အပံ့ ဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ ဒီဘရိုင်းရဲ့ ဂိုးပေါက် ဖန်တီးပေးမှုတွေနဲ့အတူ လီရွိုင်းဆာနီဟာ ဂိုးတွေအများကြီး သွင်းပေးလိမ့်မယ်လို့လည်း ဆိုပါတယ်။ လာမယ့် ပရီမီယာလိဂ်အစမှာ ဒီဘရိုင်းနဲ့ ဆာနီတို့ဟာ ပူးတွဲပွဲထွက်ကစားဖွယ်ရှိနေပါတယ်။ သူတို့အတွဲဟာ မန်စီးတီးအသင်းကို ပရီမီယာလိဂ်ဖလားရအောင် အဓိက ပံ့ပိုးပေးသွားနိုင်လိမ့်မယ်လို့လည်း ဆိုပါတယ်။




# မန်ယူ နောက်တန်းကစားသမားနှစ်ဦးကို ဆန်းဒါးလန်း ခေါ်ယူအားဖြည့်

မန်ယူရဲ့လူငယ်နောက်တန်းကစားသမား နှစ်ဦးဖြစ်တဲ့ ပက်ဒီမက်နဲယားနဲ့ ဒေါ်လ်နယ်လပ်တို့ကို ပေါင် ၅ ဒသမ ၅ သန်းနဲ့ ဆန်းဒါးလန်းက ခေါ်ယူခဲ့ပါတယ်။ ဆန်းဒါးလန်းအသင်းရဲ့ နောက်တန်းခံစစ်ပိုင်းကို အားဖြည့်နိုင်ဖို့ နည်းပြသစ်ဖြစ်လာတဲ့ ဒေးဗစ်မိုယက်စ်က သူ့ရဲ့ကစားသမားဟောင်းတွေကို ခေါ်ယူအားဖြည့်ခဲ့တာပါ။ မိုယက်စ်အနေနဲ့ အဲဗာတန်အသင်း နောက်တန်းကစားသမား ကိုနီကို ပေါင် ၁၈ သန်းနဲ့ ခေါ်ယူဖို့လည်း ကြိုးစားနေပါတယ်။ မက်နဲယားဟာ ယူရို ၂၀၁၆ မှာ မြောက်အိုင်ယာလန်အသင်းနဲ့အတူ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ ဒေါ်လ်နယ်လပ်ဟာလည်း မြောက်အိုင်ယာလန်ကစားသမားတစ်ဦးဖြစ်ပါတယ်။ အသက် ၂၁ နှစ်အရွယ်ရှိတဲ့ ဒီနောက်တန်းကစားသမားနှစ်ဦးဟာ ဒေးဗစ်မိုယက်စ် မန်ယူကို ကိုင်တွယ်စဉ်က ခေါ်ယူခဲ့တဲ့ ကစားသမားတွေဖြစ်ပါတယ်။ ဒေးဗစ်မိုယက်စ်အနေနဲ့ မန်ယူရဲ့အဓိက ကစားသမားတွေဖြစ်တဲ့ ဂျာနူဇက်နဲ့ ဖယ်လိုင်နီတို့ကိုလည်း ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။







# ဒေါ့မွန်နဲ့ဘိုင်ယန်မြူးနစ်တို့ ဂျာမန်စူပါဖလားကို ဘယ်သူကိုင်မြှောက်အောင်ပွဲခံမလဲ

**ဒီတစ်ပတ် တနင်္ဂနွေဖြစ်တဲ့ ဩဂုတ် ၁၄ ရက် နံနက်စောစောမှာတော့ ဂျာမန် စူပါဖလားဘောလုံးပြိုင်ပွဲ ကစားဖို့ရှိနေပါတယ်။ ဒေါ့မွန်နဲ့ ဘိုင်ယန်မြူးနစ်တို့ ရာသီအကြိုဖလားလုပွဲဖြစ်တာကြောင့် အပြိုင်အဆိုင်ပြင်ဆင်မှုတွေပြုလုပ်ထားတဲ့ ဘွန်ဒက်စ်လီဂါရဲ့အင်အားကြီး ထိပ်သီးနှစ်သင်းတွေ့ဆုံတဲ့ပွဲမို့ ပရိသတ်တွေအတွက် ပွဲကောင်းအဖြစ် အားပေးကြရဦးမှာဖြစ်ပါတယ်။ ဂျာမန်စူပါဖလားကို ဒေါ့မွန်တို့က စုစုပေါင်း ငါးကြိမ် ဗိုလ်စွဲထားပြီး ဘိုင်ယန်မြူးနစ်တို့က လေးကြိမ် ဗိုလ်စွဲထားတဲ့ မှတ်တမ်းရှိပါတယ်။ ဒါကြောင့် အခုပြိုင်ပွဲဟာ သမိုင်းမှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးနိုင်ဖို့ အပြိုင်ကြိုးစားကြမယ့်ပွဲအဖြစ် မြင်တွေ့ရဖို့ရှိနေတာ အမှန်ပါပဲ။**

နည်းပြ တူချယ် ကိုင်တွယ်ကြီးကြပ်နေတဲ့ ဒေါ့မွန်အသင်းဟာ ဒီနှစ် နွေရာသီ ဘောလုံးသမားအပြောင်းအရွှေ့ဈေးကွက်မှာ ကစားသမားသစ်ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပါတယ်။ အိုဆာဆူနာအသင်းမှ မာရီနို၊ ရန်းစ်အသင်းမှ ဒမ်ဘီလီ၊ ဘာစီလိုနာအသင်းမှ ဘာထရာ၊ ဘိုင်ယန်မြူးနစ်မှ ဂေါ့ဇီနဲ့ရိုဒါ၊ နော့ဂျေလန်းမှ အမ်မရီမေ၁်၊ ယော်ရီယန့်အသင်းမှ ဂယ်ဟေရို၊ ဝုဖ်ဘတ်အသင်းမှ ရှုလာတို့ကို ခေါ်ယူထားတဲ့ဒေါ့မွန်ဟာ ဂျာမန်စူပါဖလားကို ရယူနိုင်ဖို့ အသင့်ပြင်ဆင်ထားပြီဖြစ်ပါတယ်။

ဒေါ့မွန်အသင်းဟာ အဓိကကစားသမားတွေဖြစ်တဲ့ ဂန်ဒိုဂန်နဲ့ အမ်ခီတာယန်တို့ အသင်းကထွက်ခွာသွားခဲ့ပေမယ့် ဟန်ချက်မပျက်အောင် ဖြည့်ဆည်းမှုတွေ အလျင်အမြန်လုပ်ထားတာမို့ ကစားအားကောင်းနေဆဲဖြစ်ပါတယ်။ ရာသီအကြိုခြေစမ်းပွဲတွေမှာလည်း ဆိုးရွားတဲ့ရလဒ်မရှိခဲ့တာမို့ နည်းပြတူချယ်ဟာ လက်ရှိ ကစားသမားစုဖွဲ့မှုနဲ့အတူ ဂျာမန်စူပါဖလားကို ရအောင်သိမ်းပိုက်နိုင်ရေး ကြိုးစားပါလိမ့်မယ်။

ဒေါ့မွန်အသင်းဟာ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် စိန့်ပေါလီအသင်းနဲ့ ၁၈၆၀ မြူးနစ်အသင်းတွေကို နိုင်ပွဲရခဲ့ပြီး မန်စီးတီးနဲ့ပွဲမှာတော့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သလို မန်ယူနဲ့ ပွဲမှာတော့ လေးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က ပိုကယ်ဖလားပြိုင်ပွဲမှာ ဒေါ့မွန်တို့ ဒုတိယရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်တို့က ချန်ပီယံဖြစ်ခဲ့တာပါ။ ဂျာမန်စူပါဖလားပွဲဟာ ဘွန်ဒက်စ်လီဂါချန်ပီယံနဲ့ ပိုကယ်ဖလားချန်ပီယံတို့ ပြိုင်ပွဲဖြစ်ပေမယ့် ဘိုင်ယန်မြူးနစ်တို့က ဘွန်ဒက်စ်လီဂါမှာရော ပိုကယ်ဖလားမှာပါ ဗိုလ်စွဲခဲ့လို့ ဒုတိယရရှိတဲ့ ဒေါ့မွန်နဲ့ အခုလို ဂျာမန်စူပါဖလားလုပွဲ ယှဉ်ပြိုင်ရခြင်းဖြစ်ပါတယ်။

ဒေါ့မွန်တို့က ဂျာမန်စူပါဖလားပွဲ ခုနစ်ကြိမ် ဆင်နွှဲခဲ့ဖူးပြီး ငါးကြိမ် ဗိုလ်စွဲခဲ့တဲ့အသင်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်က ရှော်ကေးကို ရှုံးခဲ့သလို ၂၀၁၂ ခုနှစ်မှာ ဘိုင်ယန်မြူးနစ်ကို ရှုံးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီ ဘိုင်ယန်မြူးနစ်နဲ့ ပွဲတုန်းကလည်း ဒေါ့မွန်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်မှာတော့ ဘိုင်ယန်မြူးနစ်ကို လေးဂိုး-နှစ်ဂိုးနဲ့နိုင် ကာ ဖလားရယူနိုင်ခဲ့သလို ၂၀၁၄ ခုနှစ်မှာလည်း နှစ်ဂိုးပြတ်နဲ့ ဘိုင်ယန်မြူးနစ်ကိုနိုင်ခဲ့ပြီး ဖလားရယူခဲ့ခြင်း ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်တို့ကတော့ နည်းပြသစ် အန်ဆယ်လော့တီ ကိုင်တွယ်မှုနဲ့ အကောင်းဆုံးပုံစံရရှိနေတဲ့ အသင်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်ရဲ့ရာသီအကြိုပွဲစဉ်တွေရဲ့ ရလဒ်ပိုင်းကိုကြည့်ရင် မန်စီးတီး၊ လန်ရှက်၊ အင်တာမီလန်အသင်းတွေကိုနိုင်ခဲ့ပြီး ရီးရဲမက်ဒရစ်ကို ရှုံးကာ အေစီမီလန်ကိုတော့ သရေပွဲဖြစ်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ ဒီနှစ်မှာတော့ ဒေါ့မွန်နောက်ခံလူ ဟမ်းမဲလ်ကို ခေါ်ယူထားပြီး ဘင်ဖီကာမှ ဆန်းချက်ဇ်ကိုလည်း ခေါ်ယူအားဖြည့်ထားပါတယ်။ ဒါ့အပြင်ကွင်းလယ်နေရာအတွက် ရိုဒီကိုလည်း ယူရို ၁၄ သန်းနဲ့ ခေါ်ယူထားတာမို့ ဘိုင်ယန်မြူးနစ်တို့ကလည်း အကောင်းဆုံးစုဖွဲ့ထားမှုရှိနေပါတယ်။ ဒါပေမယ့် ဒဏ်ရာရရှိမှု၊ ကြံ့ခိုင်မှုမပြည့်ဝတာ တွေနဲ့ ကြုံတွေ့နေရတဲ့ အဓိကကစားသမားတွေကြောင့် ဘိုင်ယန်မြူးနစ်တို့ တောင့်တင်းမှုအားနည်းနေတာတော့ အမှန်ပါပဲ။

ဒေါ့မွန်နဲ့ ဘိုင်ယန်မြူးနစ်တို့ နောက်ဆုံးခြောက်ကြိမ်ဆုံတွေ့ခဲ့မှုမှတ်တမ်းကိုကြည့်ရင် ဘိုင်ယန်မြူးနစ်တို့ သုံးပွဲနိုင်ပြီး သရေသုံးပွဲဖြစ်ထားပါတယ်။ ဒါပေမယ့် ဂျာမန် စူပါဖလားပြိုင်ပွဲမှာတော့ ဒီနှစ်သင်း နောက်ဆုံး သုံးကြိမ် တွေ့ဆုံခဲ့ရာမှာ ဒေါ့မွန်တို့က နှစ်ကြိမ်နိုင်ပြီး ဘိုင်ယန်မြူးနစ်က တစ်ကြိမ်နိုင်ခဲ့တာမို့ ဒေါ့မွန်တို့က ဂျာမန်စူပါဖလားနဲ့ ပိုပြီးကံစပ်တာတော့ အမှန်ပါပဲ။

ဒါကြောင့် လူသစ်အားဖြည့်မှု၊ ကစားသမားအင်အားတောင့်တင်းမှု၊ တစ်ဦးချင်း စွမ်းဆောင်ရည်တူညီနေမှုတွေကြောင့် ဒီပွဲစဉ်ဟာ နှစ်သင်းစလုံးအတွက် ခက်ခဲမယ့်ပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံး ခြေကုန်ထုတ်ရမယ့်ပွဲဖြစ်တာမို့ ပွဲချိန်ပြည့်တဲ့အထိ သရေပွဲဖြစ်သွားနိုင်ပေမယ့် အစဉ်အလာမှတ်တမ်းအရ ဒီနှစ်သင်းဟာ ပယ်နယ်တီအထိ ကစားခဲ့ရတဲ့ မှတ်တမ်းမရှိတာမို့ အနိုင်ဆိုရင် ဒေါ့မွန်ကို ပိုပြီးယုံကြည်မှုပေးချင်ပါတယ်။ ။

❐ မိုးမြင့်လင်းလက် ❐

# ဂျွန်စတုန်းနေရာမှာ ခြေစွမ်းပြကစားမယ့် အက်ရှ်လေဝီလျံ

အဲဗာတန်အသင်းဟာ နောက်တန်းကစားသမား ဂျွန်စတုန်းကို မန်စီးတီးကို ရောင်းလိုက်ပြီးနောက် ဆွမ်ဆီးအသင်းခေါင်းဆောင် အက်ရှ်လေဝီလျံကို ပေါင် ၁၂ သန်းနဲ့ အပြီးသတ်စာချုပ်လိုက်ပါတယ်။ ဆွမ်ဆီးအသင်းခေါင်းဆောင် ဝီလျံကို အဲဗာတန်က သုံးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဝေလကစားသမား အက်ရှ်လေဝီလျံဟာ ဆွမ်ဆီးအသင်းမှာ အဓိကအားထားရတဲ့ နောက်တန်းကစားသမားတစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဲဗာတန်နည်းပြ ရော်နယ်ကိုးလ်မန်းအနေနဲ့ အရခေါ်ယူခဲ့တာဖြစ်ပါတယ်။ ရော်နယ်ကိုးလ်မန်းအနေနဲ့ ပေါင်သန်း ၅၀ နဲ့ ရောင်းလိုက်တဲ့ ဂျွန်စတုန်းနေရာမှာ ပြန်လည်အစားထိုးနိုင်ဖို့ ကြိုးစားနေတာပါ။ ဂျွန်စတုန်းကဲ့သို့ ခြေစွမ်းပြကစားနိုင်တဲ့ နောက်တန်းကစားသမားဖြစ်ဖို့ ပုံဖော်သွားမယ်လို့ ဆိုပါတယ်။ အဲဗာတန်အသင်းအနေနဲ့ ဆန်းဒါးလန်းကစားသမားကိုနီကိုလည်း ပေါင် ၁၈ သန်းနဲ့ ခေါ်ယူအားဖြည့်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အဲဗာတန်အသင်းအနေနဲ့မကြာမီစတင်တော့မယ့်ရာသီသစ်မှာလည်း ပရီမီယာလိဂ်ရဲ့ ထိပ်တန်းကလပ်အဖြစ် ဆက်လက်ရပ်တည်နိုင်အောင် ကြိုးစားသွားမယ်လို့ ဆိုပါတယ်။




ကောင်းမြတ်သူ - စုစည်းသည်။

# မြန်မာနိုင်ငံတွင် ပိုကီမွန်ဂိုးဂိမ်း ကစားနိုင်ပြီးနောက် ရန်ကုန်မြို့တွင် စိတ်ဝင်စားသူများပြားနေ

နိုင်ငံတကာတွင် အချိန်တိုအတွင်း စံချိန်တင်လူကြိုက်များခဲ့သည့် ဂိမ်းတစ်ခုဖြစ်သော ပိုကီမွန်ဂိုး (Pokemon Go)မိုဘိုင်းဂိမ်းကို ဩဂုတ် ၆ ရက်မှစ၍ မြန်မာနိုင်ငံတွင် ကစားနိုင်ခဲ့ပြီးနောက် ရန်ကုန်မြို့တွင် ထိုဂိမ်းကို စိတ်ဝင်စားစွာ ဆော့ကစားသူ အလွန်များပြားလျက်ရှိနေသည်ကို တွေ့ရသည်။

ပိုကီမွန်ဂိုးဂိမ်းကို စတင်ထုတ်ဝေဖြန့်ချိချိန်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့၌ ကစား၍မရသဖြင့် အချို့မှာ Fake GPS အပလီကေးရှင်းများ အသုံးပြု၍ စမ်းသပ်ကစားခဲ့ကြသော်လည်း Error များ ရှိခဲ့သောကြောင့် ကစားရအဆင်မပြေခဲ့ဘဲ ဩဂုတ် ၆ ရက်တွင်မှ အဆင်ပြေစွာ ကစားနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ပိုကီမွန်ဂိုးဂိမ်းသည် ယခင်ရှိခဲ့ပြီးသည့် မိုဘိုင်းဂိမ်းများကဲ့သို့ ထိုင်ဆော့ရသည့်ပုံစံမှ ခွဲထွက်ကာ ဖုန်း၏ GPS ကို အခြေခံ၍ ဂိမ်းမှပြထားသည့် ပတ်ဝန်းကျင်နေရာများသို့ လျှောက်သွားရင်း ဂိမ်းတွင်တွေ့ရသော အကောင်များကို Pokeball ခေါ် ဂိမ်းအတွင်းမှ ဘောလုံးများဖြင့်ဖမ်းယူပြီး ဖမ်းမိသော အကောင်များကို ကြီးလာအောင်မွေး၍ လေ့ကျင့်ပေးရသည့် ထရိန်နာတစ်ယောက်နေရာမှ ကစားရခြင်းဖြစ်သည်။

ဂိမ်းအတွင်းမှ မြေပုံတွင် Pokestops ခေါ် ပိုကီမွန်ဖမ်းနိုင်သည့် နေရာများကို ပြပေးထားပြီး ဖမ်းရမည့် အကောင်များကို အများအပြား ရနိုင်သော နေရာများအဖြစ် ဒေသအလိုက် လူစည်ကားရာနေရာများကိုလည်း ဂိမ်းမှ သတ်မှတ်ပေးထားရာ ထိုနေရာများတွင် ပိုကီမွန်ဖမ်းရန် ရောက်လာသူများဖြင့် စည်ကားလျက်ရှိနေသည်ကိုလည်း တွေ့ရသည်။ PokeStop များ အများဆုံးတွေ့ရသည့် နေရာများတွင် အချိန် ည ၉ နာရီ၊ ၁၀ နာရီကျော်အထိ ပိုကီမွန်ဖမ်းရန် လာရောက်ကြသူများ၊ ကားများကို တွေ့နေရကြောင်း ဂိမ်းကစားသူများက ဆိုသည်။



ဂိမ်းကို ရုတ်တရက်စိတ်ဝင်စားသူ တိုးလာသဖြင့် အရောင်းဆိုင်အချို့တွင် ဂိမ်းအတွင်းမှ ပိုကီမွန်ထရိန်နာ၏ အဆင့်(လယ်ဗယ်)အလိုက် ဈေးဝယ်ရာတွင် ဒစ်စကောင့်ပေးသည့် မားကတ်တင်းပုံစံမျိုးကို ကြော်ငြာလာသည်ကိုလည်း တွေ့ရသည်။ ထို့အတူ ယခင်က နာမည်ကြီးဖြစ်သည့် COC ဂိမ်းတွင် GEM များကို အွန်လိုင်းမှတစ်ဆင့် ဝယ်ယူသကဲ့သို့ ပိုကီမွန်ဂိုးဂိမ်းတွင်လည်း ဂိမ်းအတွင်းမှ အကောင်များကို မိမိတို့နေရာနားတွင် ပေါ်စေသည့် Lure များကို အွန်လိုင်းမှဝယ်ယူနိုင်ရန် ဝန်ဆောင်မှုပေးသူများလည်း ရှိလာနေသည်။ အချို့ဟန်းဆက်ကုမ္ပဏီများကလည်း ဟန်းဆက်ကြော်ငြာတွင် အခြားအချက်များကို ဦးစားမပေးတော့ဘဲ မိမိတို့၏ ဟန်းဆက်သည် ပိုကီမွန်ဂိုးဂိမ်းကို အကောင်းဆုံးကစားနိုင်သည့် ဟန်းဆက်ဖြစ်ကြောင်း တစ်ချက်တည်းဖြင့် ကြော်ငြာလာကြသည်။

ဂိမ်းကို စိတ်ဝင်စားမှု များလာသည်နှင့်အတူ လမ်းသွားရင်းဂိမ်းဆော့ခြင်းကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်မည်ကိုလည်းကောင်း၊ ဂိမ်းမှညွှန်ပြသည့်နေရာတွင် အကောင်ဖမ်းရန်အတွက် ပိုင်နက်ကျူးကျော်ဝင်ရောက်မှုများဖြစ်မည်ကိုလည်းကောင်း စိုးရိမ်နေကြသူများလည်း ရှိလာသည်ကို တွေ့ရသည်။ ဂိမ်းအတွင်းမှ ပိုကီမွန်အကောင်များကို ဖမ်းယူရာတွင် ကင်မရာဖြင့်ရိုက်၍လည်း ဖမ်းယူနိုင်ရာ ထိုသို့ ကင်မရာဖြင့်ရိုက်ပါက မိမိတို့နိုင်ငံမှ ဓာတ်ပုံများကို နိုင်ငံခြားရှိ ဂိမ်းဆာဗာမှ ရရှိသွားနိုင်သည်ဟုလည်း အချို့က စိတ်ပူကြသည်။

ပိုကီမွန်ဂိုးဂိမ်းသည် ဟန်းဆက်တိုင်းတွင် ကစားရန် အဆင်မပြေဘဲ မော်ဒယ်မြင့်ဟန်းဆက်များဖြင့်သာ ကစားနိုင်ခြင်းကြောင့် မြန်မာနိုင်ငံ နေရာအနှံ့သို့ ပြန့်နှံ့သွားရန် ခက်ခဲနေဦးမည်ဖြစ်သည်။ ပိုကီမွန်ဂိုးဂိမ်းကို ကစားရန်အတွက် ဟန်းဆက်သည် အန်းဒရွိုက်ဖြစ်ပါက ဗားရှင်း 4.4 နှင့်အထက် ရှိရမည်ဖြစ်ကာ Resolution မှာ 720 x 1280 Pixels ရှိရမည်ဖြစ်ကြောင်း၊ GPS နှင့် Location ဆားဗစ်များကို သုံးနိုင်ရမည်ဖြစ်သလို ကောင်းမွန်သော အင်တာနက်လိုင်း ရှိရန်လည်း လိုအပ်ကြောင်း ဂိမ်းထုတ်လုပ်သည့် ကုမ္ပဏီက ကြေညာထားသည်။ အိုင်ဖုန်းများတွင်မူ Jailbreak မလုပ်ထားသော iOS 5 နှင့်အထက် ဖုန်းတိုင်းတွင် ကစားရအဆင်ပြေသည်ဟု သိရသည်။

ပြည်တွင်းမှ လူသုံးများသည့် အန်းဒရွိုက်ဖုန်းများအနက် ပိုကီမွန်ဂိုးကို ကစားနိုင်သော ဟန်းဆက်မော်ဒယ်များမှာ Honor 4x နှင့် အထက်ဖုန်းများ၊ ဟွာဝေး P8, P8 Lite, P9, P9 Lite, Mate 7 ဖုန်းများ၊ ဆိုနီ၏ Xperia ဖုန်းများ၊ ဆမ်ဆောင်း၏ Galaxy စီးရီးစ် မော်ဒယ်မြင့်ဖုန်းများ ဖြစ်ကြသည်။ HTC နှင့် Google မော်ဒယ်မြင့်ဖုန်းများသည်လည်း ကစားနိုင်ကြောင်း ကြေညာထားသော်လည်း အချို့ဟန်းဆက်များမှာ အမှန်တကယ် ကစားရာတွင် Error များ ရှိနေသေးကြောင်း သိရသည်။

သို့သော် မြန်မာနိုင်ငံတွင် စတင်ကစားနိုင်သည့် ဩဂုတ် ၆ ရက်မှစ၍ ရန်ကုန်မြို့မှ လူကြီးလူငယ်များစွာ၏ စိတ်ဝင်စားမှုကို ရရှိခဲ့သော ပိုကီမွန်ဂိုးဂိမ်းကို ယခုအခါတွင် မန္တလေးမြို့၌လည်း ကျယ်ပြန့်စွာ ကစားလာနေကြပြီဖြစ်ကာ အခြားမြို့ကြီးမြို့ငယ်များသို့လည်း အချိန်တိုအတွင်း ပြန့်နှံ့သွားဖွယ်ရှိနေသည်။ **သူရဖြိုး**

## New Product

### စွမ်းဆောင်ရည်ကောင်းပြီး ဈေးနှုန်းသင့်တော်တဲ့ Huawei Y6II

Huawei Y6II ဟာ ပြည်တွင်းဈေးကွက်ကို ဇူလိုင်လကုန်ပိုင်းမှာ စတင်ဝင်ရောက်လာတဲ့ ဟွာဝေးဖုန်းမော်ဒယ်သစ်ဖြစ်ပြီး ဈေးနှုန်းအားဖြင့် မများသလို အရည်အသွေးပိုင်းမှာလည်း ကောင်းမွန်တာ တွေ့ရပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၅ ဒသမ ၅ လက်မရှိလို့ အင်တာနက်သုံးတာ၊ ဂိမ်းကစားတာတွေအတွက် အဆင်ပြေစေမှာဖြစ်သလို မျက်နှာပြင်အရွယ်အစားကြီးတဲ့ဖုန်းကို ကြိုက်နှစ်သက်သူတွေလည်း အကြိုက်တွေ့မှာပါ။ Resolutions ကလည်း 720 x1280 pixels ရှိလို့ ရုပ်ထွက်ပိုင်းလည်း ကောင်းမွန်ပါတယ်။

ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး နက်ဝပ်အနေနဲ့ ဂျီအက်စ်အမ် နက်ဝပ်ကို ထောက်ပံ့ပေးထားပါတယ်။ အင်တာနက်အတွက်လည်း 2G, 3G နဲ့ 4G (LTE) အထိ ထောက်ပံ့ပေးထားပါတယ်။ အန်းဒရွိုက်ဗားရှင်းကလည်း နောက်ဆုံးထွက် 6.0(Marshmallow)ကို အသုံးပြုထားပြီး CPU က 1.5 GHz Octa Core Processor နဲ့ RAM က 2GB(DDR3)ရှိလို့ လုပ်ဆောင်ချက်အများအပြားကို ဖုန်းလေးသွားတာ၊ ရပ်သွားတာမျိုးမရှိဘဲ သုံးနိုင်မှာဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီကတော့ 16 GB ပါဝင်ပြီး မင်မိုရီကတ်ထပ်စိုက်ရင်လည်း 128GB အထိ ထပ်စိုက်သုံးလို့ရအောင် ထောက်ပံ့ပေးထားပါတယ်။

Huawei Y6II ရဲ့အဓိက အားသာချက်ဟာ ကင်မရာပိုင်းဖြစ်ပြီး ၁၃ မဂ္ဂါပစ်ဇယ် နောက်ကင်မရာက အရည်အသွေးမြင့် ဓာတ်ပုံဗီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ရှေ့ကင်မရာကလည်း ၈မဂ္ဂါပစ်ဇယ်အထိရှိလို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက် စိတ်တိုင်းကျစေမှာဖြစ်ပါတယ်။ ဘက်ထရီကတော့ အသေတပ်ထားတဲ့ Li-ion 3000 mAh ဘက်ထရီပါဝင်ပြီး တစ်ဆက်တည်းဖုန်းပြောချိန် ၁၂ နာရီနဲ့ အသင့်ထားရင် နှစ်ပတ်နီးပါးအထိ ထားနိုင်မှာဖြစ်ပါတယ်။

Huawei Y6II ကို နိုင်ငံတကာဈေးကွက်မှာ ကိုယ်ထည်အရောင်က အဖြူ၊ အနက်၊ အဝါ၊ အပြာ၊ ပန်းရောင်နဲ့ ရွှေရောင် ခြောက်မျိုးရနိုင်လို့ ကြော်ငြာထားပေမယ့် ပြည်တွင်းကဆိုင်တွေမှာတော့ အဖြူရောင်နဲ့ အနက်ရောင်ပဲ ရတာကို တွေ့ရပြီး ဈေးနှုန်းက ကျပ် ၁၆၉၀၀၀ ရှိကာ အာမခံတစ်နှစ်လည်း ပါဝင်ပါတယ်။

**သူရဖြိုး**




# ကွန်ပျူတာပညာရှင်အသင်းက Linux အခြေခံသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Open Source နည်းပညာရပ်များကို စိတ်ဝင်စားသော မြန်မာလူငယ်များအတွက် Linux Foundation သင်တန်းကို ဩဂုတ် ၂၀ နှင့် ၂၁ ရက် နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပညာပိုင်းတွင် တွင်ကျယ်လာသော Open Source နည်းပညာနှင့်အတူ ဆာဗာပိုင်းတွင် အသုံးများလာသော Linux Server နှင့် Administrator Level များသို့ တက်လှမ်းနိုင်ရန်အတွက် အဓိကလိုအပ်သော Linux အခြေခံနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတက်ရောက်ခြင်းဖြင့် Linux ၏အခြေခံသဘောသဘာဝ၊ အသုံးဝင်ပုံအနေအထား၊ Linux ၏ နည်းပညာရပ်များကို လေ့လာရမည်ဖြစ်ကာ သင်တန်းပြီးဆုံးပါက Linux Server ပိုင်းကို အခြေခံပိုင်နိုင်စွာဖြင့် ဆက်လက်လေ့လာသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ Linux ကို စိတ်ဝင်စားပြီး အခြေခံအဆင့်မှစတင်၍ လေ့လာလိုသူများ၊ Linux ကို လေ့လာနေသော်လည်း ခက်ခဲသောနည်းပညာတစ်ခုကဲ့သို့ ဖြစ်နေ၍ လေ့လာရန်ခက်ခဲနေသူများ၊ Linux Server ပိုင်းကို လေ့လာလိုသူများ တက်ရောက်သင့်ကြောင်း၊ သင်တန်းကာလမှာ ဩဂုတ် ၂၀ နှင့် ၂၁ ရက်၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိဖြစ်ပြီး သင်တန်းကြေးမှာ စာအုပ်ဖိုးအပါအဝင် ငွေကျပ် ၆၆၀၀၀ ဖြစ်ကာ ကွန်ပျူတာပညာရှင် အသင်းဝင်များအတွက် ငွေကျပ် ၃၆၀၀၀ ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်လိုသူများ အနေဖြင့် ဩဂုတ် ၁၉ နောက်ဆုံးထား၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း၊ ဖုန်း-၆၅၂၂၇၆ တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

**မီကို မှသဘာဝဘေးအလှူ-အထူးအစီအစဉ်**

- သဘာဝဘေးအလှူရှင်များ နှင့်အတူမီကိုမှ ၁၀% ပါဝင်သည့်အစီအစဉ်
- ကိုယ်တိုင်သွားရောက်ရန်ခက်ခဲသူများအတွက် တာဝန်ယူလှူဒါန်းပေးသည်
- အလှူရှင်များ၏ အမှတ်တံဆိပ်ကိုလည်း (1C) အခမဲ့တံဆိပ်ရိုပ်နှိပ်ပေးသည်
- ယခုအစီအစဉ်အတွက် အထည် တစ်သိန်းသာ ကန့်သတ်ထားပါသည်
- နယ်မှအလှူရှင်များလွယ်ကူစေရန် ဖုံးဖြင့်မှာယူနိုင်ပြီးအခမဲ့ပို့ပေးပါသည်

MiCO Better Choice

T-Shirt = 650 ks အလှူ → 585 ks

01 430916 / 095141086 - 02 78983 / 09 6800559
mico.tmy@gmail.com

**ဖောင်းကြွပျောက်ဆုံးခြင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် 6J/6264 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဖောင်းကြွပျောက်ဆုံးခြင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/5891 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ အထက (ဝေါ) နဝမတန်း(D)မှ မမေမြတ်မိုး၊ ပဥ္စမတန်း (B)မှ မဖွန်ပွင့်ဖြူ၊ တတိယတန်း (B)မှ မောင်လင်းလင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်းအောင် ၁၂/ဥကတ(နိုင်)၁၃၁၅၉၁ဖြစ်ပါကြောင်း။

ဦးသန်းဝင်းအောင်

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သဲအိမ်ကျေးရွာနေ မချိုသဇင်၊ အထက (သဲအိမ်)၊ နဝမတန်းမှ မဆန်းပွင့်ဖြူနှင့် ဆဋ္ဌမတန်း (A) မှ မတင်နီလာဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၁၀/ပမန(နိုင်)၁၆၆၁၄၁ ဖြစ်ပါသည်။

ဦးဝင်းနိုင်

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4I/2823 Toyota Ma-rk II Gx110, S/C (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးလှမော်အောင် ၈/တတက(နိုင်)၀၉၄၇၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

**မော်လမြိုင်မြို့၊ မြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅**

| | | |
|---|---|---|
| တေလံရှားတရုတ်ဘုရားကျောင်း (၄င်း၏ကိုယ်စားဥက္ကဋ္ဌ ဦးကျုံစွန်ထိုက်) မြောက်ဗိုလ်ချုပ်လမ်း၊ အောက်ကျင်းရပ်ကွက်၊ မော်လမြိုင်မြို့ | နှင့် | ၁။ ကိုဝင်းတင် ၂။ ကိုဝေလွင် အတူနေညီအစ်ကို အမှတ်(၂၀)မြေညီထပ်၊ လက်ယာဘက်အခန်း၊ မြောက်ဗိုလ်ချုပ်လမ်း၊ အောက်ကျင်းရပ်ကွက်၊ မော်လမြိုင်မြို့ |
| တရားလို | | တရားပြိုင်များ |

**"တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း(၈)အရ အကျိုးသက်ဆိုင်သူများ သိစေရန် ကြေညာချက်"**

တရားလိုဖြစ်သည့် တေလံရှားတရုတ်ဘုရားကျောင်း (၄င်း၏ကိုယ်စား ဥက္ကဋ္ဌ ဦးကျုံစွန် ထိုက်)က တရားပြိုင်များဖြစ်ကြသည့် ကိုဝင်းတင်ပါနှစ်ဦးအပေါ် "၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ-၁၂(၁)(က)(ခ)တို့အရ အချင်းဖြစ်အခန်းမှ ဖယ်ရှားပေးစေလိုမှု" စွဲဆိုထားပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှုတွင် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို တရားလိုအနေဖြင့်ဖြစ်စေ၊ တရားပြိုင်အနေဖြင့်ဖြစ်စေ၊ ပါဝင်လိုသူများအားလုံး ရုံးချိန်းဖြစ်သည့် ၂၆-၈-၂၀၁၆ရက် (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) တွင် ရုံးသို့လာရောက်တင်ပြနိုင်ကြောင်း ကြေညာလိုက်သည်။

(စိုးမင်း)
မြို့နယ်တရားသူကြီး
မော်လမြိုင်မြို့နယ်တရားရုံး

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄(ကံဘဲ့)၊ မြေကွက်အမှတ် ၃၇/ဏ၊ မြေဧရိယာ ၀ဒသမ၂၁၂၈ကေရှိ ဦးထွန်းခိုင် ၁၂/မရက(နိုင်)၀၁၀၀၆၄+၂ အမည်ပေါက် မောင်နမသုံးယောက်ပိုင် မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၃၂၊ မြစ်ပယ်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်များမှ တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရာ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆိုပိုင်ဆိုင်မှုအထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A.Psy)
အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)
အမှတ် ၂၆၀၊ ပထပ်၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဝရုဏာ(၆)လမ်း၊ တိုက်အမှတ် (၆၂၄/က)၊ အခန်း(၆)လွှာ၊ အကျယ်အဝန်း (၁၈ပေ x ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာများဖြစ်သော (၁) ဦးလှမြင့် (၁၄/အမန(နိုင်) ၁၇၀၀၉၅) နှင့် ဒေါက်တာစိုးလင်းဟန် (၇/ဖမန (နိုင်) ၀၉၅၉၅၄) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကေဇင်ဦး (၁၂/သဃက(နိုင်) ၁၆၄၀၄၉)က (၁၇-၁၂-၂၀၁၅) နေ့စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသော တိုက်ခန်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရဘဲ အဆိုပါတိုက်ခန်းပေါ်သို့ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့ မပြုလုပ်ကြရန် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, Dip.CA, WIPO
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

Hein Htet San Law Firm
ဖုန်း - ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

# မြန်အောင်ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၀၀ စတင်ရောက်ရှိ



**မြန်အောင် ဩဂုတ် ၁၂**

မြန်အောင်မြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၁၀ ရက်က ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းသော ဆန်အိတ် ၂၀၀ စတင်ရောက်ရှိရာ မြန်အောင်မြို့နယ် ရေဘေးသင့်ပြည်သူများအား ပံ့ပိုးကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှမိုးအောင်၊ မြန်အောင်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မောင်မောင်ဌေးတို့က လက်ခံယူကြပြီး မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များက ဆန်အိတ်များကို အောင်ဇေယျခန်းမသို့ သယ်ယူပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းဗိုလ်( မြန်/ဆက်)**



**မြန်အောင်မြို့ပေါ်ရှိ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်တို့တွင် ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးရှောင်အိမ်ထောင်စုဝင်များကို ကယ်ဆယ်ရေးစခန်း စတင်ဖွင့်လှစ်သည့်နေ့မှစ၍ ဩဂုတ် ၁၁ ရက်အထိ မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့်ဝန်ထမ်းများက တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်**

ဝင်းဗိုလ်(မြန်/ဆက်)

## ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာ၊ မြို့စိုးကျေးရွာ၊ ဘဲကြီးကျေးရွာတို့ရှိ ဒေသခံပြည်သူများနှင့် ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရား၊ ရွှေကူဘုရား၊ ရွှေတန့်တစ်ဘုရားတို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ဒေသခံပြည်သူများအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းခဲ့သည့် ပခုက္ကူမြို့နယ် အနောက်သီရိဘုန်းကြီးကျောင်း၊ ကန်ကြီးစုကျေးရွာ ဘုန်းကြီးကျောင်း၊ သဖန်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ပခုက္ကူမြို့အမှတ် (၃)ရပ်ကွက် အမှတ်(၁၀) အခြေခံပညာမူလတန်း ကျောင်း၊ ရေစကြိုမြို့ အမှတ်(၄)ရပ်ကွက် လေးရာပြည့်အခြေခံပညာမူလတန်းကျောင်းနှင့် သင့်သည်ကျေးရွာ အမှတ် (၁၀၃)အခြေခံပညာမူလတန်းကျောင်းတို့၌ နုန်းမြေနှင့် အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေဝပ်နေရာများအား သဲဖို့ခြင်းတို့ကို နယ်ခြေခံတပ်မတော်သားများက ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဂျပန်ဦးနှောက်ရောင်ရောဂါတိုက်ဖျက်ရေး အသိပညာပေး

**ကွမ်းလုံ ဩဂုတ် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါသုံးဦး တွေ့ရှိခဲ့ရာ ပြည်သူ့ကျန်းမာရေးအတွက် ဂျပန်ဦးနှောက်ရောင်ရောဂါတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ပြည်သူ့ဆေးရုံ ခန်းမဆောင်၌ ဩဂုတ် ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဒေါက်တာသိန်းမြို့က ဂျပန်ဦးနှောက်ရောင်ရောဂါ လက္ခဏာများအကြောင်း၊ ရောဂါကို ခြင်ကိုက်ခြင်းကြောင့် ဖြစ်ပွားရကြောင်း၊ တစ်နှစ်ပတ်လုံး ကူးစက်ဖြစ်ပွားနိုင်ကြောင်း၊ ခြင်ပေါက်ပွားမှုများသော မိုးရာသီနှင့် ဆောင်းရာသီတွင် ဂရုပြုရန်လိုအပ်ကြောင်း၊ အသက်အရွယ်မရွေး ရောဂါဖြစ်ပွားနိုင်ကြောင်းနှင့် ရောဂါပိုးသည် ဝက်မှတစ်ဆင့်ကူးစက်သည့်အတွက် ဝက်မွေးမြူသူများအနေဖြင့် ဝက်များခြင်မကိုက်နိုင်အောင် ကာကွယ်မွေးမြူရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**မိုင်းခိုင်ဇော်(မြန်/ဆက်)**

## မိုးညိုမြို့၌ ရေကာတာကျိုးပြီး လယ်မြေများရေနစ်မြုပ်

**မိုးညို ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ဘုရား ကြီးကုန်း - ခအောင်းပင် ရေကာတာ ကျိုးပေါက်မှုကြောင့် ဩဂုတ် ၁၀ ရက် ညနေပိုင်းအထိ လယ်မြေများ ရေလွှမ်းလျက်ရှိကြောင်း သိရသည်။

မြစ်မခရေစီးဝင်မှု အရှိန်အဟုန်ကြောင့် ထန်းပင်ကုန်းအုပ်စုနှင့် ကရင်ချောင်အုပ်စုတို့မှ အိမ်ခြေ ၁၇၄ အိမ် ရေစီးဖြင့်မျောပါ၍ ပျက်စီးခဲ့သည်။ ရောဝတီမြစ်ရေကြီး၍ ရေကာတာကျိုးပေါက်မှုကြောင့် ရေများဝင်ရောက်သည့် ကျေးရွာအုပ်စု ၃၂ စု၊ ကျေးရွာပေါင်း ၁၃၅ ရွာတို့မှာ ရေမြုပ်လျက်ရှိပြီး စပါးစိုက်တောင်သူ ၅၇၇၀ ၏ စပါးစိုက် ဧက ၂၁၅၂၀ တို့မှာ ရေလွှမ်းလျက်ရှိသည်။ မြစ်ရေဝင်ရောက်မှု ရပ်တန့်ခြင်းမရှိသေးသည့်အတွက် နောက်ထပ်စပါးစိုက်ခင်းများ ထပ်မံ ပျက်စီးနိုင်သေးကြောင်း မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးလှမျိုးထွန်းက ပြောကြားသည်။

**(ဝ၆၃)**

### မွေးသက္ကရာဇ်အမှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဝင်းရော်ဆိပ်ကြီးကျေးရွာနေ ဦးခင်အောင်၏သား မောင်ဝင်းမိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁၁-၁၉၉၇ ဖြစ်ပါကြောင်း။ **၂၃-၁၁-၁၉၉၇**

### ဖခင်အမည်မှန်

မြစ်ကျိုး၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မအိန္ဒြေထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး ၇/ပခန(နိုင်) ၀၀၁၆၇၃ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ အထက(၂)၊ နေပြည်တော်၊အဋ္ဌမတန်း(B)မှ မောင်ထွန်းလင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆန်း(ခ)ဦးဆန်း ၅/ဝလန(နိုင်)၁၆၈၂၆၄ ဖြစ်ပါကြောင်း။ **ဦးမောင်ဆန်း(ခ)ဦးဆန်း ၅/ဝလန(နိုင်)၁၆၈၂၆၄**

### အမည်ပြောင်း

တောင်ကုတ်မြို့၊ အထက(ခွဲ) ဂွတာ၊ ပဉ္စမတန်း(B)တွင် ပညာသင်ကြားနေသော (ဘ)ဦးဆန်းမြင့် ၁၁/တကန(နိုင်) ၀၁၁၁၁၁ ၏သမီး မမေမြင့်မြတ်နိုးအား မမေမြင့်မြတ်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေမြင့်မြတ်ကျော်**

### ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမွန်းအောင် ၁၃/လလန(နိုင်)၀၉၅၁၃၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၃၄၂၉၉၆**

### ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အလက(ခွဲ)စခန်းသာ၊ သတ္တမတန်းတွင် ပညာသင်ကြားနေသော စိုင်းမျိုးမင်းသိန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော် ၁၃/ကမန(နိုင်) ၀၈၂၅၇၇ဖြစ်ပါကြောင်း။ **ဦးအောင်ဇော် ၁၃/ကမန(နိုင်)၀၈၂၅၇၇**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်စိုးဝင်း ၁/မညန(နိုင်)၀၀၁၃၃၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၀၀၄၉၇၅**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ကြွယ်ကန်အုပ်စု၊ ညောင်အိုင်ကျေးရွာနေ ဦးမှတ်ကြီးနှင့် ဦးစိန်ဝင်း ၉/မထလ(နိုင်) ၁၄၇၉၀၇ မှာ တစ်ဦးတည်းဖြစ်ပါသည်။

**ဦးမှတ်ကြီး(ခ)ဦးစိန်ဝင်း**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမင်းသူ ၁၃/တကန(နိုင်)၂၈၉၃၃၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၄၅၉၇၆၇**

### အမည်ပြောင်း

အထက (၅) မရမ်းကုန်း၊ တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးစိုးသောင်း၏သမီး မခင်သူသူအား ယနေ့မှစ၍ မဆုမြတ်ရတီဟု ပြောင်းလဲခေါ်ပါရန်။

### အလိုရှိသည်

မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် သန့်ရှင်းရေး နေ့စားဝန်ထမ်းများ (ကျား/မ) အလိုရှိသည်။ လူလွတ်အမျိုးသားများဖြစ်ပါက သင့်တော်သောနေရာစီစဉ်ပေးမည်။

**စုံစမ်းရန် ဖုန်း-၀၁-၉၆၉၀၂၉၅**






### အမည်မှန်

နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင်ရပ်ကွက်၊ အထက သတ္တမတန်းမှ မစောလှဲ့ရတနာ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ဖြစ်ပါကြောင်း။ **ဦးနိုင်ဦး ၉/ပမန(နိုင်)၁၉၆၅၅၉**

### ဖခင်အမည်မှန်

ရေဦးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(L)မှ မဝင်းချယ်ရီခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၅/ရဉန(နိုင်)၀၅၄၂၅၁ ဖြစ်ပါသည်။ **ဦးမြင့်ရွှေ**

### ဖခင်အမည်မှန်

ရေဦးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မကေသွယ်မြင့်၏ ဖခင်အမည်မှန်မှာ ဦးမိုး ၅/ရဉန(နိုင်) ၀၆၁၅၀၉ ဖြစ်ပါသည်။ **ဦးမိုး**

### ဖခင်အမည်မှန်

ကသာမြို့နယ်၊ မင်းလယ်အုပ်စု၊ မဲပဟင်းကျေးရွာနေ အင်းတော် အထက (၁)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်အောင်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင်(ခ) ဦးဝင်းနိုင် ၅/အတန (နိုင်)၀၃၇၉၁၈ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

လားရှိုးမြို့၊ အထက (၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ဟိန်းထက်ဇော်နှင့် စိုင်းထက်ဇော်တို့၏ မိခင်အမည်မှန်မှာ ဒေါ်နန်းခမ်းနွမ်း ဖြစ်ပါသည်။

### အမည်ပြောင်း

လားရှိုးမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း(D)မှ (ဘ) ဦးအိုက်မတ်၏သမီး နန်းခမ်းနွံ အား နန်းစံခေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

### အမည်မှန်

လားရှိုးမြို့နေ ဦးအောင်ကျော်နိုင်၏ သမီး အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မကျော့ကေသီအောင်၏ အမည်မှန်မှာ မကျော့ကေသီဖြစ်ပါသည်။



# MAB ၏ Head of Mobile Banking Mr. Hok Siong နှင့် တွေ့ဆုံခြင်း

***Q. MAB Mobile Bank ကို ဘယ်အချိန်ကစတင်ခဲ့တာလဲ။***

**A.** MAB Mobile Bank ကို ၂၀၁၆ ခုနှစ်၊ မတ်လမှာ စတင်ခဲ့ပါတယ်။ ဘဏ်စာရင်းကြိုတင်ရှိထားဖို့မလိုဘဲ သုံးနိုင်တဲ့ အပြည့်စုံဆုံး မိုဘိုင်းဘဏ်ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ဖုန်းရှိတဲ့သူတိုင်း နိုင်ငံတွင်းက ဘယ်နေရာမှာမဆို သုံးနိုင်ဖို့ လုပ်ဆောင်ထားပါတယ်။

***Q. MAB Mobile Bank ရဲ့အားသာချက်တွေကို ပြောပြပေးပါ။***

**A.** MAB Mobile Bank ဟာ မြန်မာနိုင်ငံမှာ ဘဏ်တစ်ခုက ဦးဆောင်လုပ်ကိုင်တဲ့ အပြည့်စုံဆုံး မိုဘိုင်းဘဏ်ဖြစ်ပါတယ်။ ဒါက ဘာကိုဆိုလိုလဲဆိုတော့ အသုံးပြုသူတွေဟာ မိုဘိုင်းပိုက်ဆံစာရင်းနဲ့ရော ဘဏ်စာအုပ်စာရင်းနဲ့ပါ လွယ်ကူစွာ ချိတ်ဆက်နိုင်မှာမို့လို့ပါပဲ။ မိုဘိုင်းစာရင်းမှ ပိုက်ဆံကိုပါ ပူးတွဲချိတ်ဆက်သုံးလို့ရတဲ့ Product ဝန်ဆောင်မှုဖြစ်လို့ MAB Mobile Bank မိုဘိုင်းဖုန်းထဲကဘဏ်လို့သုံးနှုန်းခြင်းဖြစ်ပါတယ်။

***Q. MAB Mobile Bank ကို သုံးချင်တယ်ဆိုရင် ဘယ်လိုလုပ်ရပါမလဲ။***

**A.** MAB Mobile Bank ကိုအနီးဆုံး MAB ဘဏ်ခွဲတွေနဲ့ အေးဂျင့်တွေဆီမှာ လွယ်လွယ်ကူကူနဲ့ ဖွင့်နိုင်ပါတယ်။ အသုံးပြုဖို့အတွက် ဘဏ်စာရင်း ကြိုတင်ရှိထားစရာမလိုပါဘူး။ မိုဘိုင်းဘဏ်ဝန်ဆောင်မှုအတွက် စာရင်းသွင်းတာ ခဏတာပဲကြာမှာဖြစ်ပြီး ငွေသွင်းပြီးတာနဲ့ ချက်ချင်းမိနစ်ပိုင်းအတွင်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ မည်သူ့ကိုမဆို ဖုန်းနံပါတ်နဲ့ မှတ်ပုံတင်နံပါတ်များနှင့်တကွ အလွယ်လေးငွေလွှဲပြောင်း




အေးဂျင့်တွေကတဆင့် ထည့်သွင်းနိုင်တဲ့ မိုဘိုင်းပိုက်ဆံစာရင်းကလဲ သုံးစွဲလို့ရသလို၊ မိမိမှာ ငွေစုဘဏ်စာအုပ်စာရင်းရှိပြီးသားဆိုရင် အဲဒီထဲကလည်း ချိတ်ဆက်အသုံးပြုလို့ရမှာဖြစ်ပါတယ်။ MAB Mobile Bank ဟာ ဘဏ်တစ်ခုကနေ ဦးဆောင်တဲ့ မြန်မာနိုင်ငံရဲ့ ပထမဆုံး မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှု ဖြစ်ပါတယ်။ ဒီနေရာမှာ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုအကြောင်းရဲ့ အဓိပ္ပါယ်ကို နည်းနည်းရှင်းပြချင်ပါတယ်။ လူတွေသိနေကြတဲ့ဘဏ်လုပ်ငန်းဆိုတာ လုပ်ငန်းကြီးတွေ လုပ်တယ်လို့ပဲ ထင်နေကြပါတယ်။ တကယ်တော့ ကျွန်တော်တို့ပြောတဲ့ မိုဘိုင်းဘဏ်ဝန်ဆောင်မှု ဆိုတာ နေ့စဉ်အသုံးပြုနေတဲ့ လူနေမှုငွေကြေးဝန်ဆောင်မှုတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ တချို့သုံးနှုန်းကြတာက တော့ Mobile Money(ဖုန်းပိုက်ဆံ) ပေါ့။ ကျွန်တော်တို့က အဲဒီဖုန်းပိုက်ဆံရော မိမိတို့ရဲ့ ဘဏ်စာအုပ်နိုင်မှာဖြစ်ပါတယ်။ ဒီလိုငွေလွှဲပို့တဲ့နေရာမှာ မိုဘိုင်းဘဏ်စာရင်းရှိသူရော၊ ဒီဝန်ဆောင်မှုကို အသုံးမပြုသေးတဲ့သူတွေကိုပါ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ထပ်ပေါင်းပြောချင်တာတစ်ခုရှိပါတယ်။ ခုချိန်မှာ လူတွေတော်တော်များများ တွေးနေတာက ငွေလွှဲ၊ ငွေပို့လုပ်ရင် ဘဏ်အကောင့်ရှိလား၊ ATM ကတ်ရှိလား၊ ချိတ်လို့ရလား ဒါတွေပဲမေးနေ၊ စဉ်းစားနေကြတယ်။ တကယ်တော့ ကျွန်တော်တို့ ဒီ MAB မိုဘိုင်းဘဏ်ဝန်ဆောင်မှုကနေပြီး မည်သူ့ကိုမဆို ဖုန်းနံပါတ်တစ်ခုသိတာနဲ့ ငွေလွှဲပို့လို့ရအောင် ဆောင်ရွက်ပေးထားပါတယ်။ ဒီနေရာမှာ ဘဏ်အကောင့်တွေ၊ ATM ကတ်တွေကို မေ့ထားလို့ရပါတယ်။ ဒါပဲလားဆိုတော့ မဟုတ်ပါဘူး။ ပြည့်စုံတဲ့ဘဏ်ဝန်ဆောင်မှုကိုဖုန်းပေါ်မှာတင်အချိန်ပြည့်ရရှိနိုင်မှာဖြစ်ပြီး ဘေလ်ပေးသွင်းတာတွေ၊ ဘဏ်စာရင်းလက်ကျန်စစ်ဆေးတာတွေ၊ ငွေစာရင်းရှိသူတွေနဲ့ မရှိသူတွေကို ငွေလွှဲတာတွေ၊ ဖုန်းငွေဖြည့်မှုပြုလုပ်တာတွေ အစရှိတာတွေကိုပါ လုပ်ဆောင်နိုင်ပါတယ်။

***Q. MAB Mobile Bank ကိုဖုန်းတိုင်းနဲ့ သုံးလို့ရပါသလား။***

**A.** MAB Mobile Bank ဟာ အလုံးစုံပါဝင်တဲ့ မိုဘိုင်းဘဏ်တစ်ခုဖြစ်ပြီး ဘယ်ဖုန်းနဲ့မဆိုသုံးနိုင်အောင် ပြုလုပ်ထားပါတယ်။ စမတ်ဖုန်းနဲ့ပဲသုံးသုံး၊ ဈေးသက်သာတဲ့ feature ဖုန်းပဲဖြစ်ဖြစ် အသုံးပြုလို့ရပါတယ်။ IOS နဲ့ဖြစ်ဖြစ် Android ဖြစ်ဖြစ် သုံးလို့ရပါတယ်။ MPT, Telenor, Ooredoo, MEC အစရှိတဲ့ ဖုန်းအော်ပရေတာတွေအားလုံးနဲ့လည်း သုံးလို့ရပါတယ်။

***Q. MAB Mobile Bank app ကိုသုံးရတာ လွယ်ကူပါသလား။***

**A.** ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုတွေကို လူတွေနဲ့ပိုမိုရင်းနှီးမှုရှိစေဖို့အတွက် ကြည့်လို့ကောင်းပြီး လူတိုင်း လွယ်လွယ်ကူကူအသုံးပြုနိုင် ဖို့ ဒီဇိုင်းပြုလုပ်ထားပါတယ်။

Appကို မြန်မာ၊ အင်္ဂလိပ်၊ တရုတ် ဘာသာစကားသုံးမျိုးနဲ့အသုံးပြုနိုင်ပြီး လုပ်ဆောင်မှုတိုင်းကို လွယ်ကူစွာ ခွဲခြားနိုင်အောင် အရောင်တွေခွဲပြီး ပြုလုပ်ထားတဲ့အတွက် ကြည့်လိုက်တာနဲ့ ရှင်းရှင်းလင်းလင်း သိနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ app ဖန်တီးမှုအတွက် လေ့လာမှုများစွာ ပြုလုပ်ခဲ့ပြီး အသုံးပြုသူတွေရဲ့တုန့်ပြန်ချက်တွေကိုလည်း ရယူခဲ့ပါတယ်။ MAB Mobile Bank နဲ့ဆိုရင် အခုဆို အသုံးပြုသူတွေ မီတာခတွေပေးဖို့နဲ့ ပိုက်ဆံလွှဲဖို့လုပ်ဆောင်ချက်တွေကို ဖုန်းပေါ်မှာတင် ခလုပ်အနည်းငယ်ပဲ နှိပ်ပြီး လွယ်လွယ်ကူကူ လုပ်ဆောင်နိုင်ပြီ ဖြစ်ပါတယ်။

***Q. MAB Mobile Bank ရဲ့လုံခြုံမှုအပိုင်းနဲ့ ပတ်သက်ပြီးရှင်းပြပေးပါ။***

**A.** MAB Mobile Bank ဟာ သူမတူအောင်မြင့်မားတဲ့ လုံခြုံရေးအတွက် ငွေလွှဲပြောင်းမှုတိုင်းမှာ နှစ်ဖက်စလုံးက encrypt လုပ်ထားပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အနေနဲ့ dual factor authentication ဆိုတဲ့စနစ်ကို လွှဲပြောင်းမှုတိုင်းအတွက် အသုံးပြုထားပါတယ်။ ဒါကဘာလဲဆိုတော့ အသုံးပြုသူတိုင်းဟာ app ထဲကို ဝင်ဖို့ access code နံပါတ်တစ်ခုသုံးရမှာဖြစ်ပြီး လွှဲပြောင်းမှုအတွက် Pin Code နံပါတ်ထည့်သွင်းပေးရမှာဖြစ်ပါတယ်။ နံပါတ်နှစ်ခုလုံးကို မသိဘဲနဲ့ app ထဲဝင်ပြီး လွှဲပြောင်းမှုတွေလုပ်လို့ရနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဖုန်းတစ်လုံးပျောက်သွားလို့ပဲဖြစ်ဖြစ်၊ ခိုးခံထိလို့ပဲဖြစ်ဖြစ် account ထဲကို ဝင်လို့မရနိုင်တာကြောင့် စိတ်ပူစရာမလိုပါဘူး။ အဲ့ဒါအပြင် ကျွန်တော်တို့ရဲ့ SIM Tag ဟာ AES 256 ဆိုတဲ့ Advanced Encryption Standard ဆိုတဲ့ data encryption အသုံးပြုထားတဲ့အတွက်ကြောင့် လွှဲပြောင်းမှုအတွက်ထုတ်လွှင့်လိုက်တဲ့ အချက်အလက်တွေဟာ လုံခြုံစိတ်ချရပါတယ်။ အသုံးပြုမှုတွေရဲ့ အချက်အလက်တွေကို ဘဏ်ရဲ့လုံခြုံစိတ်ချရတဲ့ ဇဟိုကွန်ပြူတာစနစ်မှာ သိမ်းဆည်းထားမှာဖြစ်ပါတယ်။

***Q. MAB Mobile Bank နဲ့ ဝန်ဆောင်မှု ဘယ်နှစ်မျိုးသုံးနိုင်ပါပြီလဲ။***

**A.** အသုံးပြုသူတွေအနေနဲ့ငွေပေးချေမှုတွေကို စားသောက်ဆိုင်တွေ၊ လေကြောင်းလိုင်းတွေ၊ ခရီးသွားကုမ္ပဏီတွေ၊ အွန်လိုင်းဈေးဝယ်မှုတွေ၊ ရုပ်ရှင်လက်မှတ်တွေ၊ အစိုးရအဖွဲ့အစည်းတွေ အစရှိတာတွေနဲ့ လုပ်နိုင်ပြီ ဖြစ်ပါတယ်။ အနာဂတ်မှာလည်းပိုပြီး ချဲ့ထွင်သွားမှာပါ။ လက်ရှိအချိန်မှာ ကျွန်တော်တို့ဟာ တယ်လီကွန်း အော်ပရေတာတွေအပြင် Fuji Coffee House, Columbus, Sun Far, 4TV အစရှိတဲ့ မိတ်ဖက်ပေါင်း ၂၅ ဖွဲ့နဲ့ ပူးပေါင်းထားပါတယ်။

***Q. MAB Mobile Bank ကို အသုံးပြုသူတွေအနေနဲ့ ဘယ်ဝန်ဆောင်မှုကို အသုံးပြုတာအများဆုံးလဲ။***

**A.** လက်ရှိမှာဖုန်းငွေဖြည့်မှုကိုအများဆုံး အသုံးပြုနေကျပြီး အကောင့်မရှိသူအချင်းချင်း ငွေလွှဲမှုကိုလည်း အသုံးပြုနေကြပါတယ်။ နောက်တစ်ခုကတော့ ကဒ်မပါပဲ ATM စက်မှာ ပိုက်ဆံထုတ်တာတွေကိုလည်း အသုံးပြုနေကြပါတယ်။ အသုံးပြုရတာ အင်မတန်မှလွယ်ကူပါတယ်။

***Q. ကဒ်မပါပဲ ပိုက်ဆံထုတ်လို့ရတဲ့ ဝန်ဆောင်မှုအကြောင်း ပြောပြပေးပါ။***

**A.** ကဒ်မပါပဲ ပိုက်ဆံထုတ်လို့ရတဲ့ ဝန်ဆောင်မှုကတော့ ဈေးကွက်ထဲမှာ ကျွန်တော်တို့တွေပဲ လက်ရှိ ပေးအပ်နေတဲ့ဝန်ဆောင်မှုပါ။ ဒီဝန်ဆောင်မှုကို အသုံးပြုပြီး မိမိဆီကိုပဲဖြစ်ဖြစ်၊ ငွေလွှဲပေးလိုသူကိုပဲဖြစ်ဖြစ် ဖုန်းကနေတစ်ဆင့် လွှဲပြောင်းပေးနိုင်ပါတယ်။ MAB Mobile Bank အသုံးပြုသူတွေအနေနဲ့ appဖွင့်ပြီး Send to ATM မှတဆင့် ငွေလွှဲပြောင်းပေး နိုင်ပါတယ်။ မိမိရဲ့ဖုန်းကိုပဲဖြစ်ဖြစ်၊ တစ်ပါးသူရဲ့ဖုန်းကိုပဲဖြစ်ဖြစ် code နံပါတ်ကို ပို့နိုင်ပါတယ်။ အဲ့ဒီ code နံပါတ်ကို အသုံးပြုပြီး MAB ရဲ့ ATM စက်တွေမှာ အချိန်တိုင်း၊ နေရာတိုင်းမှာ ငွေထုတ်နိုင်ပါတယ်။ ဒါကတော့ နောက်ထပ်ငွေလွှဲလက်ခံသူတွေ ငွေထုတ်ဖို့ ပိုအဆင်ပြေနိုင်မယ့်နောက်ထပ်နည်းလမ်းတစ်မျိုးပေါ့။ သူတို့တွေ အေးဂျင့်ဆီက ငွေလွှဲထုတ်ရင်တော့ မှတ်ပုံတင်ပြဖို့လိုပါတယ်။ ဒီ ATM Withdraw မှာတော့ လက်ခံရရှိတဲ့ SMS မှနေပြီး Cash Code နဲ့အလွယ်တကူ ငွေလွှဲထုတ်လို့ရမှာဖြစ်ပါတယ်။ တစ်ခုတော့ရှိပါတယ်။ လုံခြုံရေးအရ ဒီ ATM ငွေလွှဲက ပိုက်ဆံကို ၂၄ နာရီ အတွင်းတော့ သွားထုတ်ယူဖို့ လိုပါတယ်။ မထုတ်ဖြစ်ဘူးဆိုရင်တော့ မူလ ငွေလွှဲပို့သူရဲ့ မိုဘိုင်းစာရင်းကို အလိုအလျောက်ပြန်ရောက်သွားမှာ ဖြစ်ပါတယ်။

***Q. MAB Mobile Bank က အေးဂျင့်တွေကို ဘယ်လိုရှာရမလဲ။***

**A.** အနီးဆုံးအေးဂျင့်ကို ကျွန်တော်တို့ရဲ့ အင်တာနက်စာမျက်နှာမှာရှာနိုင်ပြီး call center ကိုလဲ ဖုန်းဆက်ပြီးမေးနိုင်ပါတယ်။ MAB Mobile Bank App ကိုရှိနေပြီဆိုရင်တော့ App ထဲမှာ ဘဏ်ခွဲတွေနဲ့ အေးဂျင့်တွေကို ရှာနိုင်ပါတယ်။ App ထဲမှာပါတဲ့ GPS လုပ်ဆောင်မှုကို အသုံးပြုပြီး အနီးဆုံးမှာရှိတဲ့ အေးဂျင့်ကို လွယ်ကူစွာရှာနိုင်ပါတယ်။

***Q. MAB Mobile Bank ရဲ့အေးဂျင့် လျှောက်လိုသူတွေအနေနဲ့ ဘယ်လိုလျှောက်ထားရပါမလဲ။***

**A.** အရင်ဆုံး လုပ်ရမှာကတော့ လျှောက်လိုသူတွေအနေနဲ့ ကျွန်တော်တို့ရဲ့ ဘဏ်ကိုဆက်သွယ်ရပါမယ်။ လျှောက်ထားလိုသူတွေ အနေနဲ့ ဆိုင်ကိုပိုင်ဆိုင်ကြောင်း သက်သေပြဖို့လိုပြီး တရားဝင်စီးပွားရေး လိုင်စင်ကို ပြရမှာဖြစ်ပါတယ်။ အေးဂျင့်လျှောက်ဖို့အတွက် ငွေသွင်းရမှာဖြစ်ပြီးပမာဏက သိပ်မများပါဘူး။

***Q. ဝန်ဆောင်မှုအသစ်တွေကိုရော အနာဂတ်မှာ ထည့်သွင်းဖို့ ရှိပါသလား။***

**A.** အနာဂတ်အစီအစဉ်အနေနဲ့ကတော့ ဘဏ်မရှိသေးတဲ့ဒေသတွေအထိဝန်ဆောင်မှုတွေပေးနိုင်အောင် ကျွန်တော်တို့တွေရဲ့ အေးဂျင့်တွေကတဆင့် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့တွေရဲ့မိတ်ဖက်တွေကိုလဲ တိုးချဲ့ဖို့လုပ်ဆောင်နေပါတယ်။ လက်ရှိမှာ အေးဂျင့် ၁၀၀၀ ခန့်နဲ့ မြန်မာနိုင်ငံက ပြည်နယ်နဲ့တိုင်းတွေ အားလုံးမှာ ဝန်ဆောင်မှုတွေပေးနေပြီး လာမဲ့နှစ်တွေမှာ အေးဂျင့်တွေ ၅၀၀၀ လောက်နဲ့ ဘဏ်ဝန်ဆောင်မှုတွေမရရှိနိုင်သော ဝေးလံခေါင်သီတဲ့ နေရာတွေအထိ သွားပြီး ဝန်ဆောင်မှုတွေရရှိအောင် လုပ်ပေးဖို့ စီစဉ်နေပါတယ်။




မြန်မာ့ရွှေဆောင်ဘဏ်® အသေးစိတ် အချက်အလက်များကို Call Centre နံပါတ် ၀၁ ၈၆၁၀၈၆၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) 50 W ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံအတွက် လွှင့်စက်အပါအဝင်စက်ပစ္စည်းများ [ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပါလျှိုးမြို့နယ်] 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၈-၂၀၁၆ရက်မှ ၃၁-၈-၂၀၁၆ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၉-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

## ပညာရေးဝန်ကြီးဌာန
## အဏုမြူစွမ်းအင်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် အသုံးပြုမည့် အောက်ဖော်ပြပါလုပ်ငန်း/သုတေသနလုပ်ငန်းသုံး စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(၁) ဓာတ်ရောင်ခြည်ကာကွယ်ရေးလုပ်ငန်း
(၂) မြေအောက်ရေအရင်းအမြစ်များ စီမံခန့်ခွဲရေးသုတေသနလုပ်ငန်း
(၃) Secondary Standard Dosimetry Laboratory သုံး ပစ္စည်းများ
(၄) Gamma Column Scanning သုတေသနလုပ်ငန်း
(၅) ဓာတ်ရောင်ခြည်တိုင်းတာရေးသုတေသနလုပ်ငန်း
(၆) Non Destrustive Testing သုတေသနလုပ်ငန်း
(၇) အစားအစာနှင့် ပတ်ဝန်းကျင်စောင့်ကြည့်တိုင်းတာရေးသုတေသနလုပ်ငန်း
(၈) Nuclear Instrumentation သုတေသနလုပ်ငန်း
(၉) Electron Accelerator လုပ်ငန်း
(၁၀) စက်ကိရိယာပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများ

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်း ဆောင်ရွက်၍ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၅-၈-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ပညာရေးဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ် (၂၁)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂-၉-၂၀၁၆ရက် ၁၅း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၅၀၁၊ ၀၆၇-၄၀၄၅၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး www. daemyanmar. com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဏုမြူစွမ်းအင်ဦးစီးဌာန**

MINISTRY OF TRANSPORT AND COMMUNICATIONS
MYANMA RAILWAYS
INVITATION TO OPEN TENDER

Opened Tenders are invited by Myanma Railways, Ministry of Transport and Communications, the Republic of the Union of Myanmar from reputed manufacturers or their bona fide agents from the Republic of India for the supply and delivery of the following:-

| Sr No | Tender No | Description | Tender Issuing Date | Tender Closing Date and Time | Tender Document Fee(per Set) |
|---|---|---|---|---|---|
| 1 | 12/MR/INDIA (E)2016-2017 | Automatic Levelling, Lining and Tamping Machine (1) No | 15.8.2016 | 2.11.2016 (14:30)Hr | US$ 100 |
| 2 | 13/MR/INDIA (E)2016-2017 | Track Geometry Measuring Trolley (4) Nos | 15.8.2016 | 2.11.2016 (14:30)Hr | US$ 100 |
| 3 | 14/MR/INDIA (M)2016-2017 | Diesel Rail Crane (60)Tons(Complete with Standard Tools and Accessories(5)Nos | 15.8.2016 | 2.11.2016 (14:30)Hr | US$ 100 |
| 4 | 15/MR/INDIA (E)2016-2017 | Rail Road Excavator with five type of Attachments (3) Nos | 15.8.2016 | 2.11.2016 (14:30)Hr | US$ 100 |

Tender Documents are Only available at the Office of the Deputy General Manager (Supply), Supply Department, Myanma Railways, Corner of 51st Street and Merchant Street, Botahtaung Township, Yangon, the Republic of the Union of Myanmar during office hours on payment of non refundable fee as stated above. Further enquiries about tender can be made to Deputy General Manager(Supply), Supply Department, Myanma Railways by fax to (Fax No.95-1-291994, 95-67-77016) or by phone to (95-1-291991, 95-1-291985) during office hours.

Bids are to reach the office of the Deputy General Manager (Supply), Supply Department, Myanma Railways, Corner of 51st Street and Merchant Street, Botahtaung Township, Yangon, Myanmar on or before the Closing Date and Time.

All Bid not accompanied by earnest money (Bid Bond) will not (not) be considered. No Telegraphic/ Telex/ Fax/ email proposal will be considered or accepted.

Myanma Railways reserves the right to reject any or all tenders without furnishing reasons. Tender will be accepted only from Bidder who has purchased Tender Documents officially.

The above Goods are to be purchased by the proceeds of the loan from the Government of the Republic of India.

Managing Director, Myanma Railways
Ministry of Transport and Communications, Nay Pyi Taw, Myanmar

## MINISTRY OF ELECTRICITY AND ENERGY
## DEPARTMENT OF ELECTRIC POWER PLANNING
### Invitation for Bids

**Date: 11th August, 2016**
**Loan/Grant No.and Title:3084-MYA:Power Distribution Improvement Project Contract No.and Title:Package 5: Cables and Conductors**
**Deadline for Submission of Bids:12:00 hours (Local Time) on 22nd September, 2016**

1. The Ministry of Electricity and Energy (MOEE) has received financing from the Asian Development Bank (ADB) toward the cost of Loan 3084-MYA:Power Distribution Improvement Project, and it intends to apply part of the proceeds of this financing to payments under the contract named above. Bidding is open to bidders from eligible source countries of ADB.
2. The MOEE ("the Purchaser")invites sealed bids from eligible bidders for the supply and delivery of Cables and Conductors for the Yangon Electricity Supply Corporation (YESC) for the project area in Yangon.
3. International competitive bidding will be conducted in accordance with ADB's Single-Stage: One-Envelope bidding procedure and is open to all bidders from eligible countries as described in the Bidding Document.
4. To obtain further information and inspect the Bidding Documents, bidders should contact:
   **Director General, Department of Electric Power Planning**
   **Ministry of Electricity and Energy**
   **Building No.6, Nay Pyi Taw, Myanmar**
   **Telephone: +9567411577**
   **Facsimile: +9567411106**
   **E-mail:dep.pssp.info@gmail.com**
5. To purchase the Bidding Documents in English, eligible bidders should submit a written application to the address above and upon payment of a nonrefundable fee of Myanmar Kyat 100,000. The method of payment will be direct deposit to MD 013200 at Myanma Economic Bank in Nay Pyi Taw, Myanmar. The original receipt (chalan) of Myanma Economic Bank shall be submitted and the bidding documents can be obtained at the above address.
6. Deliver your bid
   * to the address above
   * on or before the deadline: 12:00 hours (Local Time) on 22nd September, 2016.
   * together with a Bid Security/Bid-Securing Declaration as described in the Bidding Document. Bid will be opened at 12:15 hours (Local Time) on 22nd September, 2016 in presence of bidders' representatives who choose to attend.
7. The MOEE will not be responsible for any costs or expenses incurred by bidders in connection with the preparation or delivery of bids.
8. When comparing Bids, ADB's Domestic Preference Scheme will be applied in accordance with the provisions stipulated in the Bidding Document.

## MINISTRY OF ELECTRICITY AND ENERGY
## DEPARTMENT OF ELECTRIC POWER PLANNING
### Invitation for Bids

**Date: 11th August, 2016**
**Loan/Grant No.and Title:3084-MYA:Power Distribution Improvement Project Contract No.and Title:Package 6: Substation Equipments**
**Deadline for Submission of Bids:12:00 hours (Local Time) on 10th October, 2016**

1. The Ministry of Electricity and Energy (MOEE) has received financing from the Asian Development Bank (ADB) toward the cost of Loan 3084-MYA:Power Distribution Improvement Project, and it intends to apply part of the proceeds of this financing to payments under the contract named above. Bidding is open to bidders from eligible sources countries of ADB.
2. The MOEE ("the Purchaser")invites sealed bids from eligible bidders for the supply and delivery of Substaion Equipments for the Yangon Electricity Supply Corporation (YESC) for the project area in Yangon and for the Electricity Supply Enterprise (ESE) for the project areas in Sagaing and Magway.
3. International competitive bidding will be conducted in accordance with ADB's Single-Stage: One-Envelope bidding procedure and is open to all bidders from eligible countries as described in the Bidding Document.
4. To obtain further information and inspect the Bidding Documents, bidders should contact:
   **Director General, Department of Electric Power Planning**
   **Ministry of Electricity and Energy**
   **Building No.6, Nay Pyi Taw, Myanmar**
   **Telephone: +9567411577**
   **Facsimile: +9567411106**
   **E-mail:dep.pssp.info@gmail.com**
5. To purchase the Bidding Documents in English, eligible bidders should submit a written application to the address above and upon payment of a nonrefundable fee of Myanmar Kyat 100,000. The method of payment will be direct deposit to MD 013200 at Myanma Economic Bank in Nay Pyi Taw, Myanmar. The original receipt (chalan) of Myanma Economic Bank shall be submitted and the bidding documents can be obtained at the above address.
6. Deliver your bid
   * to the address above
   * on or before the deadline: 12:00 hours (Local Time) on 10th October, 2016.
   * together with a Bid Security/Bid-Securing Declaration as described in the Bidding Document. Bid will be opened at 12:15 hours (Local Time) on 10th October, 2016 in presence of bidders' representatives who choose to attend.
7. The MOEE will not be responsible for any costs or expenses incurred by bidders in connection with the preparation or delivery of bids.
8. When comparing Bids, ADB's Domestic Preference Scheme will be applied in accordance with the provisions stipulated in the Bidding Document.

## မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်
## ဒုတိယအကြိမ်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့်
## အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ် (Myanmar Federation of Mining Association-MFMA)၏ ဒုတိယအကြိမ်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သတ္တုတူးဖော်ထုတ်လုပ်သူများ၊ သတ္တုနှင့်ဆက်နွယ်နေသောလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အခြားစိတ်ပါဝင်စားသောပုဂ္ဂိုလ်များအားလုံးသည် အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူများဖြစ်စေ အစည်းအဝေးအား မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတက်ရောက်မည့်သူစာရင်းအား

ဦးစိုင်းသီဟ (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၇၇၄၉၁၊ ဦးမောင်မောင်မြင့်ဝင်း (အတွင်းရေးမှူး) ဖုန်း-၀၉-၄၅၀၀၆၂၇၂၀၊ ဦးကျော်လင်းနိုင် (အတွင်းရေးမှူး)ဖုန်း-၀၉-၄၅၂၂၂၇၁၆၊ ဦးမောင်မောင်တာ(အတွင်းရေးမှူး)ဖုန်း-၀၉-၂၄၀၂၁၀၅

မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ် ဖုန်း/ဖက်(စ်)-၀၁-၆၅၈၁၀၅သို့ ၁၄-၈-၂၀၁၆ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန်အကြောင်းကြားအပ်ပါသည်။

**မှတ်ချက်**။ ။လူတစ်ယောက်ချင်းနှင့် ကုမ္ပဏီတစ်ခုချင်းဆီသို့ ဖိတ်စာမပို့ဖြစ်သော်လည်း ဤသတင်းစာကြော်ငြာဖြင့် ဖိတ်ကြားအပ်ပါသည်။

၁။ **ကျင်းပမည့်ရက်** - ၂၀၁၆ခုနှစ် ဩဂုတ် ၁၆/၁၇ရက်
၂။ **ကျင်းပမည့်အချိန်** - နံနက် ၀၉း၀၀နာရီမှ ၁၆း၀၀နာရီထိ
၃။ **ကျင်းပမည့်တည်နေရာ** - Hotel Max(Nay Pyi Taw) Kumudra Grand Ballroom

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်**

## CLAIMS DAY NOTICE
## M.V BRIGHT STATE VOY:NO(122)

Consignees of cargo carried by M.V BRIGHT STATE VOY:NO(122)are here by notified that the vessel will arrive on about 14-8-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အမြန်ပြန်လာပါ

သမီးကြီး မအေးခင်နှင့်မြေး ခင်ဇူလှိုင်ထွန်းတို့မိသားစု အမြန်ဆက်သွယ်ပါ။ အမြန်ပြန်လာပါ။ အဖေနှင့်အမေ အရမ်းစိတ်ထိခိုက်ပြီး စိတ်ဆင်းရဲနေရပါသည်။ သမီးကြီးတို့ကိစ္စအဝဝအားလုံးကို အကောင်းဆုံးနှင့် အဆင်ပြေအောင် ဆောင်ရွက်ပေးပါမည်။

**အဖေ ဦးရွှေအုံး- အမေ ဒေါ်အေးမြိုင်**
**မိသားစု**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၃ယ/၅၈၇၅၃ REEBO-125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်ဝင်း ၅/မမန(နိုင်)၀၆၈၂၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
မကွေးတိုင်းဒေသကြီး-မကွေးမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဆေးရုံများ၊ မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လိုအပ်သော(FDA အသိအမှတ်ပြု) ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၈-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)
**တင်ဒါပုံစံဝယ်ယူရန်နှင့်တင်သွင်းရန်နေရာ** - တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊ မကွေးတိုင်းပြည်သူ့ဆေးရုံကြီး
**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်ရက်** - ၉-၉-၂၀၁၆ ရက်(သောကြာနေ့) ညနေ ၄:၃၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါး/ဆေးပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး (မကွေးတိုင်းပြည်သူ့ဆေးရုံကြီး)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**တိုင်းဒေသကြီးကုသရေးဦးစီးဌာန**
**မကွေးတိုင်းဒေသကြီး-မကွေးမြို့**
**ဖုန်း-၀၆၃-၂၈၇၂၅**

---

ပညာရေးဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ) တွင် အသုံးပြုရန် မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

**စဉ် ပစ္စည်းအမျိုးအမည်**
(၁) ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့်လက်တွေ့ခန်းသုံးပစ္စည်းများ
(၂) ရုံးသုံးစက်ကိရိယာပစ္စည်းများ
(၃) ရုံးသုံးပရိဘောဂပစ္စည်းများ
(၄) အခြားရုံးသုံးပစ္စည်းများ

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ကြော်ငြာပါသည့်ရက်မှစ၍
**တင်ဒါပိတ်ရက်** - ၁၉-၈-၂၀၁၆ရက် ညနေ ၃:၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ) ဖုန်း-၀၄၄-၂၂၇၂၅၊ ၀၉-၇၈၃၅၄၃၉၀၂သို့ စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)**

---

**ပျောက်ဆုံးကြောင်း**

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်နေ မောင်ပိုင်သက်ထူး(ဘ)ဦးမြင့်ဌေး ၅/မရန(နိုင်)၁၉၀၆၄၅ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိပါ) ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၇၉၃၃၈၂၉၂၇**

---

ပညာရေးဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မအူပင်)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မအူပင်)တွင် အသုံးပြုရန် မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

**စဉ် ပစ္စည်းအမျိုးအမည်**
(က) ရုံးသုံးစက်ကိရိယာများ
(ခ) ရုံးသုံးပရိဘောဂများ
(ဂ) ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့်လက်တွေ့ခန်းသုံးစက်ပစ္စည်းများ

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ကြော်ငြာပါသည့်ရက်မှစ၍ဝယ်ယူနိုင်ပါသည်။
**တင်ဒါပိတ်ရက်** - ၁၉-၈-၂၀၁၆ရက် ညနေ ၃:၀၀ နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(မအူပင်) ဖုန်း-၀၄၅-၃၀၁၁၅၊ ၀၄၅-၃၀၃၆၄၊ ၀၉-၈၅၈၅၇၈၆ တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(မအူပင်)**

---

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(ခ)မှ မရတနာဦး၏ဖခင်အမည်မှန်မှာ ဦးသိန်းစိုး ၅/ဝသန(နိုင်)၀၃၈၉၃၈ ဖြစ်ပါကြောင်း။ **ဦးသိန်းစိုး**

---

**ဖခင်အမည်မှန်**

မဘိမ်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မမေဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ၁၃/မဘန(နိုင်)၀၁၄၀၂၅ ဖြစ်ပါကြောင်း။ **ဦးညွန့်ဝင်း**

---

**ဖခင်အမည်မှန်**

မဘိမ်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ အဌမတန်း (A)မှ မောင်မြင့်မြတ်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်စိန် ၁၃/မဘန(နိုင်)၀၂၃၄၂၅ ဖြစ်ပါကြောင်း။ **ဦးအောင်မြင့်စိန်**

---

**ဖခင်အမည်မှန်**

မဘိမ်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ချစ်ပိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရှင်း ၁၃/မဘန(နိုင်)၀၀၀၄၉၇ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ရှင်း**

---

# မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ S-12 RSU အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် မန္တလေး S-12 အိတ်ချိန်း၏ ဖုန်းအချို့အား IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မန္တလေး (ZTE NGN Soft Switch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် အောက်ပါအတိုင်း (၃၀-၉-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

| အမှတ်စဉ် | စခန်း | တယ်လီဖုန်းနံပါတ်အဟောင်း | တယ်လီဖုန်းနံပါတ်အသစ် |
|---|---|---|---|
| ၁။ | မဂ်လာမန္တလေး<br>S-12 RSU(5) | ၀၂-၇၈××× | ၀၂-၂၈၄၈××× |
| ၂။ | မန္တလေးဆက်သွယ်ရေး ဧည့်ရိပ်သာ<br>S-12 RSU(6) | ၀၂-၇၄××× | ၀၂-၂၈၄၄××× |
| ၃။ | မဟာမြိုင်<br>S-12 RSU(2) နှင့်(7) | ၀၂-၆၂×××<br>၀၂-၇၇××× | ၀၂-၂၈၃၂×××<br>၀၂-၂၈၄၇××× |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

---

# နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြည်စံအောင် JSY-2000 အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် ပြည်စံအောင် JSY-2000 အိတ်ချိန်းရှိ ဖုန်းအချို့အား IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မရမ်းကုန်း (NGN Soft Switch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် အောက်ပါအတိုင်း (၃၀-၉-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်း နံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

| အမှတ်စဉ် | စခန်း | တယ်လီဖုန်းနံပါတ်အဟောင်း | တယ်လီဖုန်းနံပါတ်အသစ် |
|---|---|---|---|
| ၁။ | ဇေယျာသီရိမြို့နယ်<br>ပြည်စံအောင်<br>JSY-2000 | ၀၆၇-၇၅××× | ၀၆၇-၈၉၈၅××× |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**







နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(၂၀၁၆-၂၀၁၇) အထူးဈေးနှုန်း အထူးဝန်ဆောင်မှု အစီစဉ်သစ်
(၁၂)ရက်ခရီး-သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန(အိန္ဒိယ+နီပေါ) Hotel-3Days➔(၉.၅)သိန်း
(၁၅)ရက်ခရီး-သံဝေဇနီယလေးဌာန +အဝိဇဟိတလေးဌာန +နယူးဒေလီ၊တပ်ချ်မဟာHotel-5Days➔(၁၀.၅)သိန်း
(၁၅)ရက်ခရီး-သံဝေဇနီယလေးဌာန +အဝိဇဟိတလေးဌာန +နယူးဒေလီ၊တပ်ချ်မဟာ +
(ကိုလ်ကတ္တား + Shopping+သိပ္ပံကမ္ဘာ+ ဝိတိုရိယဘုရင်မပြတိုက်) Hotel-4Days➔(၁၁)သိန်း စရိတ်ငြိမ်း
ဗုဒ္ဓဂယာတွင် ခါတ်လေ့ကားပါဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။ ခရီးစဉ်အားလုံး စရိတ်ငြိမ်းဖြစ်ပါသည်။
နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများ အထက်ပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးနေပါသည်။
ဩဂုတ်လ နှင့် စက်တင်ဘာလ အတွင်း စရံငွေ (၂)သိန်းပေးသွင်းသူများကို
(၁၁)ဦး စုစည်းလိုက်ပါလျှင် (၁)ဦး အခမဲ့ ပို့ဆောင် ပေးပါမည်၊
(၅)ဦး စုစည်းလိုက်ပါလျှင် (၁)ဦး ၂သောင်း လျှော့ ပေးပါမည်၊
ခရီးစဉ်လိုက်ပါမည့်သူများ (၂)လ ကြိုတင် စာရင်းပေးသွင်းရပါမည်။
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉




FAME
Cholecrush®
For gallstones
သည်းခြေကျောက်ပျော်ဆေး
TMR 010682(0816)
၂/၂၀၁၅ ထဆထလ/ထိုး(ဝ၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
MilkThistle
Potent Antioxidant for Liver
အသည်းဆေး
TMR 007176 (0716)
၂/၂၀၁၅ ထဆထလ/ထိုး(ဝ၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း
အချိုရည်၊ အသီးဖျော်ရည်၊ ဂျယ်လီမာ/ပျော့၊ Jelly Candy ရေခဲမုန့်၊ ပူလဲမစ်ရှိတ်၊ မာလူဒါ၊ ဒိန်ချဉ်၊ အစေးဆိုင်ဖွင့်နည်း၊ ယိုမျိုးစုံ၊ စော်စီ၊ ဝိုင်၊ Sauce၊ ကိတ်၊ ပေါင်မုန့်၊ ကွတ်ကီးမျိုးစုံ၊ ဗုပ်နစ်တိုင်လမုန့်၊ နံကထိုင်၊ ဖီကလဲ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း
MASTER အရောင်းဆိုင် အမှတ်(၁၂၈) ၂၇လမ်း (အလယ်ဘလောက်) အအေးရောင်းကြမ်း မှာယူနိုင်ပါသည်
MASTER စားသောက်ကုန်သင်တန်း(ထိပ်ဆုံးသစ်)
အမှတ်(၁၀၀/၁၀၂)၊ ၇လွှာ(ဓါတ်လှေခါးဖြင့်တက်ပါ)၊ ၂၇လမ်း(အလယ်)၊ ရန်ကုန်။ သင်တန်း - 01-389340 ၊ စုံစမ်းရန်-အမှတ်(၁၂၄)၊ မြေညီ၊ ၂၇လမ်း(အလယ်)၊ရန်ကုန်။ 01-248014, 01-379071,09-73181875

မော်
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်၊ "ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

Sweet Angel
Nail Art & Beauty Training School
တစ်ဘာသာချင်း တက်ရောက်လိုသူများအတွက်

| ဘာသာရပ် | သင်တန်းကြေး |
|---|---|
| ဆံထုံး + မိတ်ကပ် | 350,000 |
| ဆံပင်ညှပ်၊ ခေါင်းလျှော်၊ ဆေးဆိုး၊ ဖြောင့်၊ ကောက်၊ ပေါင်းတင် | 300,000 |
| Nail Art | 350,000 |
| လက်/ခြေ၊ ရိုးချွတ်၊ ပေါင်းတင် Foot Massages, Cleaning | 150,000 |

အမှတ်(၈၁)၊ ဒုတိယထပ်၊ မင်းလမ်း၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။
Ph : 09 - 5107347, 09 - 33546597

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးသင်တို့၏ အိမ်ခန်းရုံးခန်းများပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေယာမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊
Ph: 09254009334, 09254009335, 09254009336

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၆၅၆၄၅ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးလျှန်ဇကိုပ် ၅/ကလထ(နိုင်)၁၂၆၉၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၆၀၄၅၄ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၉/လဝန(နိုင်) ၁၂၉၆၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၄၇၇၅ ဟွန်ဒါဝေ့ဖ် 125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းညဏ်လင်း ၃/ဘအန(နိုင်)၀၀၄၀၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ပတ်စ်ပို့ပျောက်

ကျွန်မ မကေမာလာ ၁/မကန(နိုင်)၀၇၈၃၆၃ ၏ ပတ်စ်ပို့အမှတ် M825761 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၁၈၃၂၈၁၆**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း($F_1$)မှ မောင်တန်ဆိုင်း၏ ဖခင်အမည်မှန်မှာ ဦးဂျန်မော်ဂမ် ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ထွယ်ရွယ် ၁/ဗမန(နိုင်)၀၂၉၇၆၈ ၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၂၈၉၇၉**
























**ERTIGA Roadshow - ထိုက်တန်မှုကို တွေ့မြင်ခံစားလိုက်ပါ**

| မြို့ | နေရာ | နေ့ရက် | အချိန် | ကိုယ်စားလှယ် | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ရန်ကုန် | Capital Hypermarket(သာကေတ) | ၂၀-၂၁ ဩဂုတ် | ၉း၀၀-၈း၀၀ | ရဲနဒီ | ၀၁-၂၀၁၆၁၉ |
| ပုသိမ် | မြို့တော်ခန်းမ(ပုသိမ်) | ၂၇-၂၈ ဩဂုတ် | ၉း၀၀-၆း၀၀ | စီဂျီဒီစီ မော်တော် | ၀၉-၅၁၉၀၁၅၆ |

**Dealership Network**

| | | | | | |
|---|---|---|---|---|---|
| (၁) လွင် နှင့် စွမ်း မော်တော် | ၀၁ - ၃၉၃၀၇၀ | (၄) ရဲနဒီ မော်တော် | ၀၁ - ၂၀၁၆၁၉ | (၇) စီဂျီဒီစီ (ပုသိမ်) မော်တော် | ၀၉ - ၇၇၁၂၁၂၉၈၅ |
| (၂) အောင် မော်တော် | ၀၁ - ၆၅၅၈၁၃ | (၅) အေဒိုင်ဂျီ (မန္တလေး) မော်တော် | ၀၉ - ၇၃၀၄၀၃၆၆ | (၈) ချင်းတွင်းဇရာ မော်တော် | ၀၉ - ၄၅၄၂၄၇၇၂ |
| (၃) မျိုး မော်တော် | ၀၁ - ၄၀၀၃၉၉ | (၆) ဇေယျာဟသာ (နေပြည်တော်) မော်တော် | ၀၉ - ၂၅၄၃၇၇၀၀ | (၉) United Eleven Motor | ၀၉ - ၂၅၇၁၉၉၉၁၁ |

Suzuki (Myanmar) Motor Co.,LTD
Tel: (951) 591 304, 591 305, 591 351, 591 352, 590 529 Fax: (951) 591 302
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI Way of Life!

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ စက်တင်ဘာလ၊ ၃၊ ၄ (၆၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

စက်တင်ဘာလ (၃-၄)ရက်များတွင် ၆၆-ကြိမ်မြောက် ဦးရေ (၈၁၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ မြည်သာသာ၊ ရန်ကင်း။ (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

Home Since 1996
think of House, think of Home

ပါကေးအစားထိုး ကြမ်းခင်း Special Promotion



READY MADE FLOOR

** Selected items only

၃ ကျင်းဝယ် → ၁ ကျင်းလက်ဆောင်
Buy "Floor" Get Free



လက်ဆောင် Japan Wall Leather

** Terms & conditions applied

မြန်မာတနိုင်ငံလုံး ဆိုင်ခွဲပေါင်း(၁၁)ခုတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်
HOTLINE: 09 79 700 70 70
09 79 700 70 80

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(အေ)မှ မယုယု မွန်၏ ဖခင်အမည်မှန်မှာ ဦးချစ်မိုး ၅/ကဘလ(နိုင်)၁၀၉၀၉၀ ဖြစ်ပါသည်။

ဦးချစ်မိုး

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(အေ)တွင် ပညာသင်ကြားနေသော မောင်ဇင်မင်းနောင်၏ ဖခင်အမည်မှန်မှာ ဦးပေါက်ဖော် ၅/ကဘလ(နိုင်)၀၆၁၇၄၀ ဖြစ်ပါသည်။

ဦးပေါက်ဖော်

**မိခင်အမည်မှန်**

မုဒုံမြို့၊ အထက(၃) ပဥ္စမတန်း (D)မှ မပြည့်ပြည့်မိုး၏ မိခင်အမည်မှန်မှာ ဒေါ်ဌေးတင် ၁၀/မဒန (နိုင်) ၀၁၇၀၈၇ ဖြစ်ပါကြောင်း။

ဒေါ်ဌေးတင်

**ရွှေယုန်မင်း** အမှတ်တံဆိပ် အနာလိမ်းဆေး

ပျောက်ကင်းနိုင်သောအနာများ

အနာပဆုတ်၊ ခူနာ၊ နို့နာ၊ ကိန္နရာနာ၊ ပါးပေါက်နာ၊ မွေးကျွတ်နာ၊ သွေးစုနာ၊ အနာစာဥ၊ ဝက်ခြံများ၊ သက်တန့်နာ၊ သံရူး၊ ငါးရူး၊ အနာဟောင်း၊ အနာဆွေးများ၊ လက်စွယ်ခြေစွယ်ငုတ်များ၊ အံဆုံးပေါက်နာ အနာဟောင်းအနာဆွေးများ ခွေးကြောင်ကိုက်နာများကိုသက်သာ ပျောက်ကင်းစေသည်။

အမှတ်(၂၈-၂၉)၊ ပိုလ်တေဇလမ်း၊ (၁၆) ရပ်ကွက်၊ ရွှေပေါက်ကံမြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ☎ ၀၁ ၆၉၅၈၁၆ ၀၉ ၅၀၂၁၃၇၁

**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၁၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

PUN HLAING SILOAM HOSPITALS

**ပန်းလှိုင်စီလုံဆေးရုံကြီး၏ကျောက်ကပ်သွေးသန့်စင်ဌာန**

- နိုင်ငံတကာအဆင့်အတန်းမီကျောက်ကပ်သွေးသန့်စင်သည့်စက်ပစ္စည်းများ အသုံးပြုခြင်း
- အတွေ့အကြုံများစွာရှိသောကျွမ်းကျင်သူနာပြုဝန်ထမ်းများမှနွေးထွေးစွာပြုစု စောင့်ရှောက်မှုပေးခြင်း
- သန့်ရှင်း၍ပိုးမွှားကင်းစင်သောနေရာတွင်သက်တောင့်သက်သာ ကုသမှုခံယူနိုင်ခြင်း
- အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန် ၊ သူနာပြုများအချိန်ပြည့်အသင့် ရှိနေခြင်း စသည်ဖြင့် လူနာများလုံခြုံစိတ်ချစွာဖြင့် စိတ်ကျေနပ်မှုရရှိစေရန် စီစဉ်ထားပါသည်။

ကျောက်ကပ် (၁) ကြိမ်ဆေး
၃၇,၀၀၀/- ကျပ်

နံနက် (၈) နာရီ မှ (၁၂) နာရီ
နေ့လည် (၁) နာရီ မှ (၅) နာရီ
ညနေ (၅) နာရီမှ (၉) နာရီ

တစ်နေ့ (၃) ကြိမ် ဖွင့်လှစ်ကုသပေးနေပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။



LIKE US ON facebook Pun Hlaing Hospital

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇
Email : marketing-phih@spa-mm.com



## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဝင်းမောင်
**ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး**
**အသက်(၅၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ပဲခင်းကျော်အုပ်စု၊ တမာကုန်းရွာနေ ဦးချို-ဒေါ်ဒေါင်းကြည်တို့၏သား၊ ဦးအုန်းခိုင်-ဒေါ်တင်မြင့်တို့၏ သားသမက်၊ ဒေါ်အိကလျာခိုင်(ကျောင်းအုပ်ကြီး)(စည်ပင်အမက-မကွေး)၏ခင်ပွန်း၊ မောင်ဘုန်းပြည့်မောင်မောင်ချို၏ဖခင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး၊ ဒေါက်တာဝင်းမောင် အသက်(၅၃)နှစ်သည် ၁၁-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာအောင်သူနှင့် ဇနီး ဒေါ်ခင်သီတာ**
**ပြည်ထောင်စုဝန်ကြီး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဝင်းမောင်
**ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး**
**အသက်(၅၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ပဲခင်းကျော်အုပ်စု၊ တမာကုန်းရွာနေ ဦးချို-ဒေါ်ဒေါင်းကြည်တို့၏သား၊ ဦးအုန်းခိုင်-ဒေါ်တင်မြင့်တို့၏သားသမက်၊ ဒေါ်အိကလျာခိုင်(ကျောင်းအုပ်ကြီး)(စည်ပင်အမက-မကွေး)၏ခင်ပွန်း၊ မောင်ဘုန်းပြည့်မောင်မောင်ချို၏ဖခင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး၊ ဒေါက်တာဝင်းမောင် အသက်(၅၃)နှစ်သည် ၁၁-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်ဇော်နှင့် ဇနီး ဒေါ်အေးအေးမြင့်**
**အမြဲတမ်းအတွင်းဝန်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အထူးကျေးဇူးတင်ရှိခြင်း

၅-၈-၂၀၁၆ရက် (သောကြာနေ့) နေ့လယ်တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြီး(ငြိမ်း)အား အထူးဂရုစိုက်ကုသပေးခဲ့ပါသော အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)မှ ဆရာဝန်ကြီးများနှင့် သူနာပြုများ၊ နာရေးကိစ္စအဝဝကို အစ၊ အလယ်၊ အဆုံး အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသောဗိုလ်သင်တန်းကျောင်းအမှတ်စဉ်(၄၇)မှသူငယ်ချင်းများနှင့် မိသားစုများ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးနှင့် အရာရှိကြီးများ၊ ၎င်းတို့၏မိသားစုများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ဖော်ကိုင်ဖက်များ၊ ထန်းပင်ကုန်းရပ်ကွက်မှ အနန္တဂုဏ်ရည် ဆရာတော်ကြီးနှင့် ရပ်မိရပ်ဖများ၊ Myanmar Aviation Academy မှကျောင်းအုပ်ကြီးနှင့်တကွ အပတ်စဉ်(၃)မှ မိဘများနှင့် သင်တန်းသားများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသူများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါ်တင်အေး(မြန်မာ့ထီးစက်) အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၃၀၆နေ (ဦးချစ်မောင်-ဒေါ်ပု)တို့၏သမီး၊ (ဦးမှတ်)၏ချစ်လှစွာသောဇနီး၊ ဒေါ်နုနုခင်၏မိခင်၊ ကိုမိုးကျော်-မအေးအေးမာ၊ မသက်သက်မာ၊ ကိုကျော်စွာဝင်း-နော်အဲမလေထူး၊ ကိုကျော်မင်းအောင်-မမိုးမိုးမြတ်တို့၏အဘွား၊ မြစ် သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းရှိန် (မောင်တော)
**ဦးစီးအရာရှိ**
**(အကောက်ခွန်ဝန်ထမ်းဟောင်း)**
**အသက်(၇၀)**

မောင်တောမြို့နေ (ဦးမောင်လှဖြူ-ဒေါ်စိုးမရှိ)တို့၏သား၊ (ဦးမုံနှီ-ဒေါ်မလှစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဆောင်းပေဟမာန်အိမ်ရာ၊ အမှတ် ၁၂၊ အခန်း ၅နေ ဒေါ်စောယဉ်၏ခင်ပွန်း၊ (ဦးထွန်းထွန်းဦး)၊ ဦးမျိုးသန့်-ဒေါ်မြတ်မြတ်ထွန်း၊ မမိုးသီတာထွန်းတို့၏ဖခင်၊ မောင်မင်းမြတ်သူ၏အဘိုးသည် ၁၁-၈-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၄း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလတ်နိုင်
**(ဆသရ၊ ငြိမ်း)**
**အငယ်တန်းအင်ဂျင်နီယာ**
**အထက(၁)ဒဂုံ AGTI (EC)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၅၈နေ [ဦးခင်လှိုင် (မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်ခင်မြင့်မြင့်(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)]တို့၏သား၊ (ဦးအောင်မြတ်သူ)၏ညီ၊ ဦးအောင်မိုးသူ၏အစ်ကိုသည် ၁၁-၈-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**
## ဦးရွှေထူး (မြိတ်)
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၆၄၂(ခုနစ်လွှာ)နေ (ဦးပိန်ရှည်-ဒေါ်သိန်းငယ်)တို့၏သား၊ (ဒေါ်ကြည်)၏ခင်ပွန်း၊ (ဦးညွှန့်အောင်)-ဒေါ်စိုးစိုးအေး၊ ဦးမျိုးနိုင်-ဒေါ်စီစီသန်း၊ ဦးမြင့်ဝေ (MD-Grand Fortuna Co., Ltd)-ဒေါ်ခိုင်သီတာဝင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည်၁၂-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၈း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၈-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးထွန်းဝင်း (မော်လမြိုင်)
**အသက်(၅၅)နှစ်**

မော်လမြိုင်မြို့နေ(ဦးကျင်ဟိန်း-ဒေါ်သောင်းတင်)တို့၏သား၊ (ဦးရွှေအုပ်-ဒေါ်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဌာနာလမ်း၊ အမှတ် ၇၃၊ သုံးလွှာ(ဘီ)နေ မောင်အာကာထွန်းဝင်း [Dip. N.S (I.M.T) CD 35 (JSM Co.,Ltd)]၊ မငြိမ်းသီရိနွယ် [ဆေး-၁၊ နောက်ဆုံးနှစ်အပိုင်း(က)]တို့၏ဖခင်၊ ဒေါ်ခင်လေးနွယ် (J.A.T ငြိမ်း)၏ခင်ပွန်းသည် ၁၂-၈-၂၀၁၆ရက်(သောကြာနေ့)နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျီယာ(ခ)ဒေါ်စီတွင်း
**မိတ္တဗလ ကုန်စုံဆိုင်၊ ပုဇွန်တောင်(တပ်မြေ)**
**အသက်(၁၀၆)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးရွှေဥွန်းလမ်း၊ အမှတ် ၃၄နေ[ဦးအန်ပိုလုံ(ခ)ဦးလူဝကြီး]၏ဇနီး၊ [ဦးအန်ရှုံမူ(ခ)ဦးလှရွှေ]-ဒေါ်စောအသီတို့၏မိခင်၊ [အန်ကျင်မင်း(ခ)ကိုခွေးကောင်]၊ အန်ကျင်တိတ်(ခ)ခင်မောင်လတ်-မကျင်မွေး၊ အန်ယုံပိုး(ခ)ခင်မောင်လွင်-မပြုံးပြုံးဟန်၊ အန်ယုံဟုန်း(ခ)ခင်မောင်ဇော်-မလှလှဝင်း၊ အန်ရှုချွန်(ခ)မမိမိ၊ အန်ကျန်ပ္ပါ(ခ)ကိုခင်မောင်ထွန်း-မသင်းသင်းအေး၊ အန်ကုတ်ကြုံး(ခ)ကိုဟိန်းလတ်-မခင်လှဝင်း၊ အန်ကြည့်စိန်(ခ)ကိုကြည်စိန်-မဖြူဖြူခိုင်တို့၏အဘွား၊ မြစ် ၁၅ယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၃၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေး(တရုတ်)သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နု(ပျဉ်းမနားမြို့) အသက်(၈၀)

ပျဉ်းမနားမြို့၊ ရွာကောက်ရပ်နေ (ဦးအေးမောင်-ဒေါ်စောမိ)တို့၏သမီး၊ (ဦးချစ်-ဒေါ်စိမ်းရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုျင်းရွာမရပ်ကွက်၊ ၁၅၃လမ်း၊ အမှတ် ၂၈နေ ဦးအေးလွင်၏ဇနီး၊ ဦးမင်းလွင်(နေနန်းသုခ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-ဒေါ်ခင်ခင်ညို၊ ဦးဝင်းလွင်-ဒေါ်စောဝင်းမြတ်၊ ဦးခင်မောင်သွင်-ဒေါ်ဖြူဖြူလွင်၊ ဦးဝင်းမြင့်-ဒေါ်ညိုညိုလွင်၊ ဦးအေးမင်း-ဒေါ်နီနီလွင်၊ ဦးချိုကြီး-ဒေါ်ဝါဝါလွင်တို့၏ချစ်လှစွာသောမိခင်၊ မနေခြည်မင်းလွင်၊ မောင်ဝင်းလွင်ဦး၊ မမီမီသွင်၊ မသက်ထက်အေးမင်း၊ မကေဇင်ဇင်သော်၊ မသော်ဇင်မြတ်နိုး၊ မလွင်ယမုံသိမ့်၊ မောင်အောင်ခန့်ဇော်ဦးတို့၏ဘွားဘွားကြီးသည် ၁၁-၈-၂၀၁၆ရက်(ကြာသပတေးနေ့)ညနေ ၆း၅၄နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နု အသက်(၈၀)
**ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၃လမ်း၊ အမှတ် ၂၈နေ အသင်းနာယကကြီး ဦးအေးလွင်၏ချစ်လှစွာသောဇနီးသည် ၁၁-၈-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၆း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ပြုံးကြည် (ဓနုဖြူ)
**ကျောင်းဆရာမ(ငြိမ်း)၊ အထက(၅)အလုံ၊ ဗိုလ်ထထောင်**
**အသက်(၇၅)နှစ်**

ဓနုဖြူမြို့နယ်နေ (ဦးထွန်းခင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း(အောက်ဘလောက်)၊ အမှတ် ၁၄/၃၆ ဘီ၊ လေးလွှာနေ(ဦးစိန်မင်း)၏ဇနီး၊ (ဒုဗိုလ်မှူးကြီးတင်ထွဋ်)-ဒေါ်ချယ်ရီတို့၏ညီမ၊ ဒေါ်အုန်းအုန်း၊ ဦးမြင့်သန်း-ဒေါ်သီတာအောင်၊ ဒေါက်တာမြင့်ဦး-ဒေါ်ပြုံးပြုံးကြည်(ဝင်းဆေးကုခန်း)၊ (ဦးသန်းဦး)၊ ဦးဟန်ညွန့်-(ဒေါ်သွယ်သွယ်ဦး)၊ (ဦးရဲထွဋ်)-ဒေါ်ခင်ကလျာ၊ ဦးဇော်မြတ်မင်းတို့၏အစ်မ၊ ဦးဗိုလ်အေးမြင့်-ဒေါ်ခင်ထားမင်း(မိုးမိုး)(မြင့်သရဖူ စိန်ရတနာဆိုင်)၊ ဦးကျော်ထူးမင်း(ထူးထူး)၊ ဦးသက်နိုင်မင်း(နိုင်နိုင်)၊ ဦးနေအောင်-ဒေါ်ဖြိုးဆုမင်းတို့၏မိခင်၊ ဗိုလ်ဖြိုးသူ၊ မြမိုးသူ၊ ဆုမြတ်သူတို့၏အဘွားသည် ၁၁-၈-၂၀၁၆ရက် (ကြာသပတေးနေ့) စင်ကာပူနိုင်ငံ ဒေသစံတော်ချိန် ညနေ ၈း၃၆နာရီတွင် Singapore General Hospital ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစံရွှေထွန်း (စစ်တွေမြို့)
**ဥက္ကဋ္ဌ၊ စစ်တွေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အသက်(၆၉)နှစ်**

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ် ၁၁၁နေ (ဦးရွှေဖံအောင်-ဒေါ်စံသာနု)တို့၏သား၊ (ဦးကျော်လှဖြူ-ဒေါ်စိန်ရွှေနု)တို့၏သားသမက်၊ ဒေါ်လှနုစိန်၏ခင်ပွန်း၊ ဦးကျော်သန်းဝင်း-ဒေါ်ဘေဘီ(ခ)သဇင်အေး၊ ဒေါ်ခင်သန္တာထွန်း-ဦးကျော်စောဝင်း၊ မဇင်မီကျော်ဦး-ကိုနေမင်းထွန်းတို့၏ဖခင်၊ မောင်အောင်ဘုန်းဟိဏ်း(VI B, အထက-၂)၊ မစောပြည့်ရတီ၊ မောင်အောင်မင်းခန့်တို့၏အဘိုးသည် ၁၁-၈-၂၀၁၆ရက်(ကြာသပတေးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစံရွှေထွန်း (စစ်တွေမြို့)
**ဥက္ကဋ္ဌ၊ စစ်တွေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အသက်(၆၉)နှစ်**

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ် ၁၁၁နေ (ဦးရွှေဖံအောင်-ဒေါ်စံသာနု)တို့၏သား၊ (ဦးကျော်လှဖြူ-ဒေါ်စိန်ရွှေနု)တို့၏သားသမက်၊ (ဦးစံရွှေဒိုး-ဒေါ်နုနုဖံ)၊ (ဒေါ်သာနို့အေး)-ဦးအောင်ကျော်မြ၊ (ဒေါ်သာနို့ဖြူ-ဦးစောအောင်)၊ ဒေါ်ခင်ထွေး(ခ)ဇီဇီ-(ဦးအောင်ကျော်ကြီး)၊ ဦးစံရွှေလှ-ဒေါ်မကျော့စိန်၊ ဒေါ်ခင်သိန်း-(ဦးမောင်မောင်)၊ ဒေါ်ခင်လှ-ဦးစံထွန်း၊ ဒေါ်ခင်စိုး-ဦးထိန်လင်း၊ ဒေါ်သန်းငွေ-ဦးကျော်သာစိန်တို့၏ အစ်ကို/မောင်၊ ဒေါ်လှနုစိန်၏ခင်ပွန်းသည် ၁၁-၈-၂၀၁၆ရက်(ကြာသပတေးနေ့)ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစံရွှေထွန်း (စစ်တွေမြို့)
**ဥက္ကဋ္ဌ၊ စစ်တွေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အသက်(၆၉)နှစ်**

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ် ၁၁၁နေ (ဦးရွှေဖံအောင်-ဒေါ်စံသာနု)တို့၏သား၊ (ဦးကျော်လှဖြူ-ဒေါ်စိန်ရွှေနု)တို့၏သားသမက်၊ (ဦးသာထွန်းဦး)-ဒေါ်လှနုအေး၊ ဒေါ်လှနုသာ-ဦးအောင်ကျော်ဦး၊ (ဒေါ်လှနုမေ-ဦးသိန်းစိုး)၊ ရဲမှူးခင်မောင်ဖြူ-ဒေါ်လှဲ့လှဲ့ဝင်းတို့၏အစ်ကို/မောင်သည် ၁၁-၈-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျင်လွမ် (ဖျာပုံမြို့)
**(ခြသေ့်မင်းဆီစက်)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ခရေပင်ရိပ်မွန်အိမ်ရာ အပိုင်း(၂)၊ ဂန္ဓမာလမ်း၊ အမှတ် ၁၄၁နေ(ဦးမောင်စိန်-ဒေါ်အုံးတင်)တို့၏သမီး၊ (ဦးဟင်းငါး) ခြသေ့်မင်းဆီစက်၏ဇနီး၊ (ဦးကာဟော)-ဒေါ်ရှုကြည်၊ ဒေါ်စန်းစန်းဝင်း-ဦးဟန်ရီ၊ ဦးကာဆိုင်း-ဒေါ်ခင်စန်းနွယ်၊ ဦးကာခင်-ဒေါ်ခင်မျိုးခိုင်လွင်၊ ဦးကာလျောင်း-ဒေါ်ရှုယုံ၊ ဦးကာတိတ်-ဒေါ်နီနီအေး၊ ဦးကာအိန်း-ဒေါ်မြတ်ဆုမွန်၊ဦးကာဆန်း-ဒေါ်ညိုညိုစန်း၊ (ဦးကာမင်း)၊ ဦးကာဝင်း-ဒေါ်သန်းသန်းမော်၊ (ဦးဉာဏ်အောင်)-ဒေါ်မြမြဝင်းတို့၏မိခင်၊ မြေး ၃၂ယောက်တို့၏အဘွား၊မြစ် ၁၆ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (လမ်းမတော်သံချေးရှေ့မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၈-၂၀၁၆ရက်(အင်္ဂါနေ့)တွင် ခရေပင်ရိပ်မွန်အိမ်ရာသို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်ချို
**ကြီးကြပ်ရေးမှူး**
**မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)**
**အသက်(၉၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားဂရာလမ်း၊ အမှတ် ၁၃၇နေ (ဦးစံဟိန်း-ဒေါ်မင်းအောင်)တို့၏သား၊ (ဦးချစ်ပို)-ဒေါ်မှုံတို့၏ညီ၊ ဦးမောင်တင်-ဒေါ်အေးကျင်တို့၏အစ်ကို၊ဒေါ်ညွန့်ညွန့်(ရေတပ်၊ ငြိမ်း)၏ခင်ပွန်း၊ မချိုချိုဦးမမာလာချို၊ (မောင်သိန်းနိုင်ဝင်း)၊ မနီလာချို၊ မမေသက်ခိုင်တို့၏ဖခင်၊ မောင်အောင်ထက်နိုင်၏အဘိုးသည် ၁၁-၈-၂၀၁၆ရက် နံနက် ၃း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးချစ်တင် (သောင်ရွာ)
**အသက်(၈၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ သောင်ရွာကျေးရွာနေ ဦးမောင်ပြေ-ဒေါ်စိန်ဥတို့၏သား၊ ဒေါ်စိန်ခင်၏ခင်ပွန်း၊ (ဒေါ်နှင်း)၊ ဦးညွန့်စိန်-ဒေါ်တင်အေးတို့၏အစ်ကို၊ ဦးမြင့်လွင်-ဒေါ်သန်းငြိမ်၊ ဦးဝင်းတင်-ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မဖြူဖြူပိုင်၊ မောင်ဝင်းမင်းထွန်း-မထက်ထက်ဦးဝေတို့၏အဘိုးသည် ၁၂-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ဒလမြို့နယ် အုံ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဒလမြို့နယ်၊ ဗိုလ်မှူးဗထူးလမ်း၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ ၁၀/၄ခနေ ဦးဝင်းတင်-ဒေါ်အေးအေးမြင့်တို့၏ နေအိမ်မှကားများ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်းအမကြီး**
## ဒေါ်ရီ
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ အမှတ် ၁၂၁၁(ပ)ထပ်၊ ခေါင်းရင်းခန်းနေ ဦးမြထွန်း၏ဇနီး၊ဒေါ်တင်တင်ဦး၊ ဦးဝင်းမြင့်-ဒေါ်စန်းတင့်(အလက-၂၊ တာမွေ)၊ ဦးအောင်လင်း (ပြည်တွင်းအခွန်ဦးစီးဌာန)တို့၏မိခင်၊ မောင်သုတ၏အဘွားသည် ၁၁-၈-၂၀၁၆ရက် ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၁၆ရက် ညနေ ၄း၃၀နာရီတွင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစံတင်(မြိတ်) (မြိတ်မြို့)
**အသက်(၁၀၁)နှစ်**

မြိတ်မြို့၊ ရေပုံးရပ်ကွက်၊ ကောလိပ်ဝင်း၊ ဆွေသွယ်လမ်းနေ (ဦးပါထွန်းလှိုင်-ဒေါ်မိုးမြင့်)တို့၏သား၊ (ဒေါ်သန်းကြည်)၊ ဒေါ်အက်စသာတော၏ခင်ပွန်း၊ (ဦးမောင်စိုး)၊ (ဒေါ်စန်းစန်းမာ)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၉-၈-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှရွှေ (မော်လမြိုင်)
**အသက်(၈၈)နှစ်**

မော်လမြိုင်မြို့၊ မြေနီကုန်းရပ်ကွက်၊ မြို့ရောင်လမ်း၊ အမှတ် ၁၂၈နေ (ဦးအောင်ငြိမ်း-ဒေါ်ငွေရ)တို့၏သား၊ (ဦးထွန်းလှိုင်-ဒေါ်တင်တင်)တို့၏သားသမက်၊ ဒေါ်ထားကြည်၏ခင်ပွန်း၊ ဦးတင်လှဦး(အား/ကာ၊ ငြိမ်း)-ဒေါ်အေးကြူ၊ ဦးတင်မြင့်ဦး-ဒေါ်ခင်ဝင်းမြင့်၊ ဉူးဣန္ဒာဝုဒ(မဟာဂန္ဓာရုံစာသင်တိုက်)၊ (ဦးအေးကို)-ဒေါ်အေးသင်းဦး၊ ဦးသိန်းတန်-ဒေါ်နီလာဝင်း၊ ဦးစန်းအောင်-ဒေါ်မြမြမိုး၊ ဦးမိုးလွင်-ဒေါ်ထွေးထွေးကြည်တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၀-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၁၆-၈-၂၀၁၆ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျင်စိန်း (ရန်မျိုးအောင်-ဒစ္စပိုး)
**တောင်ငူမြို့**
**အသက်(၈၄)နှစ်**

တောင်ငူမြို့၊ (၆)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ (ဦးခါးယား-ဒေါ်တင်လှ)တို့၏သားသည် ၁၁-၈-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၉း၃၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမြင့်ဦး (ဝါးခယ်မ၊ ကျွန်းကုန်း)
**တရားလွှတ်တော်ရှေ့နေ**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ ၃၁လမ်း၊ အမှတ် ၁၈၂ (က/၄)နေ (ဦးထွန်းရင်-ဒေါ်သိန်းနု)၊ (ဦးသန်းတင်-ဒေါ်သန်းစိန်)တို့၏သား၊ ဒေါ်ခင်ဝင်း၊ ဦးရွှေ-ဒေါ်မြဝင်း၊ ဦးကံညွန့်-ဒေါ်ညိုညိုသွင်၊ ဦးခင်မောင်ကျော်-ဒေါ်ခင်လှသန်း(တရားလွှတ်တော်ရှေ့နေ)၊ ဒေါက်တာခင်ဇော်-ဒေါက်တာကြူကြူသန်းတို့၏အစ်ကို၊ ဒေါ်နုနုရီ၏ခင်ပွန်း၊ ဦးမင်းဦး-ဒေါ်စမ်းမာဦး၊ ဦးစိုးမြင့်ဦး-ဒေါ်စန္ဒာခိုင်ဦးတို့၏ဖခင်၊ ဦးချမ်းမြေ့ဦး၊ ဦးအောင်နွေဦး-ဒေါ်ကေသီသောင်း၊ ဦးထက်မြတ်ဦး-ဒေါ်ဖြိုးပပကျော်၊ဒေါ်သီရိအောင်တို့၏အဘိုး၊ မဖူးဖူး၊ မဂျူးဂျူးတို့၏ဘိုးဘိုးကြီးသည် ၁၂-၈-၂၀၁၆ရက်(သောကြာနေ့) နံနက် ၂း၅၀နာရီတွင် ဗဟိုရ်ရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၃၁လမ်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးတင်
**သုတေသနအရာရှိ(ငြိမ်း)၊ တပ်မတော်မော်ကွန်းတိုက်**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ချော်တွင်းကုန်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၄၊ အခန်း ၃-A နေ (ဦးသာလှ-ဒေါ်ကြင်မေ)တို့၏သား၊ ဦးစိုးလွင်၊ (ဦးရန်ဝေး)၊ ဒေါ်ရင်မေတို့၏အစ်ကို၊ ဒေါ်မြဝင်းကြည်၏ခင်ပွန်း၊ မမြတ်မြတ်စိုး၊ မလတ်လတ်စိုး၊ မောင်ပြည့်စိုး-မမြကေခိုင်၊ မောင်ရဲထွန်း-မမြမာလာစိုး၊ မောင်သောင်းထိုက်စိုး၊ မမြသန္တာတို့၏ချစ်လှစွာသောဖခင်၊ မောင်ထူးမြတ်ပိုင်၊ မောင်နေလင်းထွဋ်၊ မပုလဲဖြူတို့၏အဘိုးသည် ၁၂-၈-၂၀၁၆ရက်(သောကြာနေ့) နံနက် ၈း၁၅နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ချော်တွင်းကုန်း နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးမောင်ညွန့်
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ အမှတ် ၃၄နေ (ဦးလားဇရက်-ဒေါ်နိုင်နိုင်)တို့၏သား၊ (ဒေါ်မြရွှေ)၏ခင်ပွန်း၊ ဒေါ်သန်းသန်းညွန့်-ဦးတင်အောင်ထွန်း၊ ဦးအောင်ငွေးညွန့်၊ ဦးအောင်ထွေးညွန့်-ဒေါ်နီနီဝင်းတို့၏ဖခင်၊ မအေးချစ်ဆု၊ မမေဖူးခိုင်တို့၏အဘိုးသည် ၁၂-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီးပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် မြို့မတိုင်းရင်းသားနှစ်ခြင်းအသင်းတော်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးချူဝမ် (ဥက္ကံ)
**အထကကျောင်းအုပ်(ငြိမ်း)**
**အသက်(၈၁)နှစ်**

(ဦးထွန်း-ဒေါ်ကျင်မှုံ)တို့၏သား၊ (ဦးဘဝင်း-ဒေါ်တင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သမ္ဗာဒိဋ္ဌိလမ်း၊ အမှတ် ၄၆၊ ပထမထပ်နေ (ဒေါ်ခင်ခင်)၏ခင်ပွန်း၊ ဒေါက်တာသန့်ဇင်(USA)-ဒေါက်တာစုစုလင်း(USA)၊ ဒေါ်သင်းသင်းအေး(မသီဂီ)၊ ဦးမြင့်စိုး-ဒေါ်ခင်မေသန်းတို့၏ ချစ်လှစွာသောဖခင်၊ မအင်ကြင်းခိုင်(အထက-၁၊ ဒဂုံ)၏အဘိုးသည် ၁၁-၈-၂၀၁၆ရက် ည ၁၁း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ပြန်ကြားရေးဝန်ကြီးရုံး၌ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၂**

အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလ အတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း စက်တပ်ဆင်အင်အား ၁၃၃ မဂ္ဂါဝပ်ရှိ မြင်းခြံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် မွန်ပြည်နယ် မော်လမြိုင်ဓာတ်အားပေးစက်ရုံ STG-3 (၃၀မဂ္ဂါဝပ်) တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းကို ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

အဆိုပါစီမံကိန်းလုပ်ငန်းများ ပြီးစီးမှုကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ ဓာတ်အားစနစ်တည်ငြိမ်ရေးနှင့် ဗို့အားပြည့်ဝစွာဖြန့်ဖြူးနိုင်ရေး အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

ဓာတ်အားပို့လွှတ်ရေးလုပ်ငန်းများအနေဖြင့် မကွေးတိုင်းဒေသကြီးတွင် ၂၃၀ ကေဗွီ မန်း-အမ်းဓာတ်အားလိုင်း ၆၅ ဒသမ ၉ မိုင်အား ယခုနှစ် ဇူလိုင် ၂၅ ရက်တွင် လည်းကောင်း၊ ချင်းပြည်နယ်တွင် ၆၆ ကေဗွီ ဟားခါး-ဖလမ်း ဓာတ်အားလိုင်း ၂၄ ဒသမ ၅ မိုင်၊ ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ မအီဓာတ်အားခွဲရုံအား ယခုနှစ် ဇွန် ၁၂ ရက်တွင် လည်းကောင်း၊ ၆၆ ကေဗွီ ကျောက်ဖြူ-ကျောက်ဖြူ (SEZ)ဓာတ်အားလိုင်း အမှတ်(၁) ၅ ဒသမ ၅၇ မိုင်၊ အမှတ်(၂) ၅ ဒသမ ၆၉ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၂ ×၁၀ အမ်ဗွီအေ ကျောက်ဖြူ(SEZ)ဓာတ်အားခွဲရုံအား ယခုနှစ် ဇူလိုင် ၂၇ ရက်တွင်လည်းကောင်း လုပ်ငန်းများပြီးစီးခဲ့၍ ဓာတ်အားပို့လွှတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် ဖလမ်းဒေသကျေးရွာ ၁၀ ရွာ၊ အိမ်ထောင်စု ၆၇၀၊ မအီမြို့နယ်ဒေသအတွင်းရှိ အိမ်ထောင်စု ၅၉၀ နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ ကော်လံ ၁* ●

# ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ ရန်ကုန်တွင် သုံးရက်ပြသမည်



ငြိမ်းချမ်းရေးကာတွန်းပြပွဲတွင် ပြသထားသည့် ကာတွန်းပုံများကို ပြည်သူများ လာရောက်ကြည့်ရှုစဉ်

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

**ရန်ကုန် ဩဂုတ် ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုသောအားဖြင့် ငြိမ်းချမ်းရေးကာတွန်းပြပွဲကို မဟာဗန္ဓုလပန်းခြံနှင့် မြို့တော်ခန်းမရှေ့တို့၌ ဩဂုတ် ၁၂ရက်နေ့ကစတင်၍ ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံမှ ကာတွန်းဆရာများ ပါဝင်ပြုလုပ်သည့် ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ ကို ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း သုံးရက်ကြာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲဖြစ်မြောက်ရေး ဦးဆောင်ကော်မတီဝင် ကာတွန်းမောင်မောင်ဖောင်တိန်က "လွတ်လပ်ရေးနဲ့အတူ မငြိမ်းချမ်းတာက ဖွားဖက်တော်လိုဖြစ်နေတယ်။ ကာတွန်းဆရာတစ်ယောက်ရဲ့ဆန္ဒကတော့ ငြိမ်းချမ်းချင်တယ်။ ကျွန်တော်အလွန်ငြိမ်းချမ်းချင်ပါတယ်"ဟု ပြောသည်။

ကာတွန်းကလောင် တော်တော်တည်အမည်ဖြင့် ရေးသားသူ ကာတွန်းဆရာ *စာမျက်နှာ ၁၄ ကော်လံ ၁* ✳


**ထိုင်းနိုင်ငံရှိ အဆင့်မြင့် ဟွာဟင်အပန်းဖြေစခန်း၌ ပေါက်ကွဲမှုဆင့်ကဲဖြစ်ပွား၊ တစ်ဦးသေဆုံး**

စာမျက်နှာ - ၁၀

**ကူးစက်ရောဂါကြောင့် ၄၁ ဦး သေဆုံးခဲ့သော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အမတ်များက နေ့တွက်ခ စုပေါင်းလှူဒါန်း**

စာမျက်နှာ - ၁၁

**ချောက်မြို့နယ်၌ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ မီးလောင်**

စာမျက်နှာ - ၁၃



